www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၀၅၁၀၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၄၇၁၁၀၇

ပုံနှိပ်ခြင်း - ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ
ပထမအကြိမ်။


အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

အဖုံးဒီဇိုင်း - ဘိုဘိုထွန်း

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
မံဝယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ကြည်နူးတစ်ယောက် မျက်နှာလေးစူပုပ်ပုပ်နှင့် မကျေမနပ်ဖြစ်နေရလေသည်။

စိတ်ထဲတွင်လည်း တစ်စုံတစ်ရာ အလိုမကျသည့်စိတ်ကြောင့် လူက ငြိမ်ငြိမ်သက်သက်ရှိမနေပါဘဲ နေရာကနေ ခြေလှမ်းများ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်မှာ သူမကိုယ်သူမပင် အကြိမ်ဘယ်လောက် လျှောက်မိမှန်းမသိတော့ပါ။

မှတ်မိစရာအကြောင်းလည်း မရှိနိုင်အောင် ကြည်နူးတစ်ယောက် ဒေါသတွေဖြစ်နေရလေသည်။

မှန်သည်…



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဒေါသဖြစ်ရသည်ကလည်း ကြည်နူးအလွန်တော့ဖြင့် မဟုတ်ပါပေ။

ကြည့်လေ…

ကြည်နူး ဒေါသဖြစ်ရသည့်ကိစ္စ…

မန္တလေးကလာသည့် ကြည်နူးကို အန်ကယ်ကျော် ရန်ကုန်ဘူတာကြီးတွင် အသင့်ကြိုနေပါမည်လို့ ပြောပေမယ့် အန်ကယ်ကျော်ကို ကြည်နူးသည် ယခုချိန်ထိ မမြင်မတွေ့ရသေးပါ။

မန္တလေးမှ ခုတ်မောင်းလာသည့် ရထားကြီးသည် ရန်ကုန်ဘူတာကြီးကို ဆိုက်ပါပြီဆိုကတည်းက ရထားပေါ်တွင်ပါလာသည့် ခရီးသည်များမှာ လာကြိုသူများနှင့် အလျှိုလျှို ဘူတာကြီးအတွင်းမှ ထွက်ခွာသွားကြသည်မှာ လူပင်သိပ်မရှိတော့။

ဘူတာအတွင်း ကျန်ရစ်ခဲ့သူဆိုလို့ ကြည်နူး အပါအဝင် လူအနည်းငယ်သာ ရှိတော့သည်။

ထိုအချိန်ထိ ကြည်နူးအား လာကြိုမည့်သူ တစ်ဦးတစ်ယောက်မှ မတွေ့ရပေ။

ကြည်နူးမှာ သူမကို လာကြိုမည့်သူတွေ့ရနိုးနှင့် ခေါင်း





လေးဘယ်ညာစောင်းကာ လိုက်ကြည့်နေသည်မှာ လူပင်မူးနောက်နောက် ရှိလာရသည်။

သို့သော်…

မည်သူ့ကိုမှ မတွေ့ရပါ။

ကြာတော့ ကြည်နူးမှာ စိတ်သိပ်မရှည်ချင်တော့။ အန်ကယ်ကျော်ကို ကြည်နူးသည် စိတ်တိုလာရပြီဖြစ်သည်။

စိတ်တိုတိုနှင့် အန်ကယ်ကျော်အိမ်ကို ဖုန်းဆက်တော့လည်း ခေါ်၍မရ။ အန်ကယ်ကျော်အိမ် ဖုန်းမှာ မအားသည်လားဖုန်းပျက်နေသည်လားမသိပါ။

အချိန်လေးတွေသာ ကုန်သွားရသည် ဖုန်းကတော့ဖြင့် ခေါ်လို့မရခဲ့။ အိမ်ဖုန်းခေါ်လို့မရ၍ အန်ကယ်ကျော် လက်ကိုင်ဖုန်းကို ဆက်ပြန်တော့လည်း လူကြီးမင်းနှင့်သာ တွေ့နေသောကြောင့် စိတ်မရှည်တော့ဘဲ ဖုန်းကို ထပ်မခေါ်တော့ပါ။

အန်ကယ်ကျော် လိပ်စာသည် ကြည်နူးတွင် ပါလာသည် ဆိုပေမယ့် မန္တလေးက မထွက်လာခင်က အန်ကယ်ကျော်သည် ကြည်နူးအား ဘူတာကြီးတွင် သူ့အား အသေအချာစောင့်ဝါနို့



www.burmeseclassic.com

www.burmeseclassic.com



ပြော ထားခဲ့သည်မို့ ကြည်နူးသည် စိတ်မရှည်တော့ပေမယ့် ထိုမရှည်တော့ သည့် စိတ်ကိုပင် အတတ်နိုင်ဆုံး ဆွဲဆန့်ကာ အန်ကယ်ကျော်ကို ဆက်စောင့်နေရခြင်းဖြစ်သည်။

အဝတ်အစားတွေ အပြည့်ထည့်ကာ ခရီးဆောင် အဝတ်သေတ္တာကြီးနှစ်လုံး ဘေးမှာချလျက် ယခုထက်တိုင် လာကြိုမည့်သူ မရှိသေးသည့် သိပ်လှလွန်းသော ကြည်နူးကို ဘူတာတွင် အနည်းငယ်ကျန်နေသည့် လူများကလည်း စူးစမ်းသည့်အကြည့်များနှင့် ကြည့်နေကြပြီဖြစ်သည်။

ထိုသို့ကြည့်လောက်အောင်လည်း ကြည်နူးသည် သိပ်ကို လှပလွန်းနေသူဖြစ်သည်။

ကြည်နူးမှာ သူမကို လူတွေ ထိုသို့ကြည့်လေလေ သူမသည် အနေရခက်လေလေမို့ မျက်နှာလှလှလေးမှာ ရှက်ဒေါသတို့ဖြင့် ရဲပနေရလေသည်။

ဖြစ်နိုင်လျှင် ကြည်နူးသည် အလုပ်သမားခေါ်ကာ ကားငှားလျက် ဒီနေရာကနေ အမြန်ဆုံး ထွက်သွားချင်နေရပြီဖြစ်သည်။

အကြောင်းကား...





ကြည်နူးသည် သူမကို ထိုသို့ လူတွေသတိထားမိနေသည့် အဖြစ်ကို မကြိုက်နှစ်သက်သောကြောင့် ဖြစ်သည်။

မှန်သည်...

ကြည်နူးဆိုတာ နဂိုကပင် အနေရိုးရိုးနှင့် အေးဆေးတည်ငြိမ်စွာ နေတတ်သူတစ်ယောက်။

သူမကို ထိုသို့ လူအများကြည့်ဖို့ မဆိုထားနှင့် တစ်ယောက် နှစ်ယောက် ကြည့်သည်ကိုပင် အနေခက်ခက်နှင့် မနေတတ်အောင် ဖြစ်ရသည်မို့ ယခုလို သိပ်လှလွန်းသည့် သူမကို တစ်ယောက်တည်း ခရီးဆောင်အဝတ်သေတ္တာများနှင့် လာကြိုမည့်သူမဲ့နေရှာသည့် အဖြစ်ကို လူတွေမှာ စိတ်ဝင်စားသလို အထူးအဆန်းကြီး ကြည့်နေခြင်းဖြစ်သည်။

ကြည်နူးမှာ သူမကို ထိုသို့လူတွေကြည့်လေလေ အန်ကယ်ကျော်ကို စိတ်တိုရလေမို့ နှုတ်ခမ်းဖူးဖူး ရှုရှုထော်ထော်လေးကို သွားစွယ်ချွန်ချွန်လေးများဖြင့် သတိလက်လွတ် ဖိကိုက်ထားမိသည့် အထိပင် ဖြစ်တော့သည်။

အချိန်ကို တိကျကာ စည်းစနစ်ကြီးသော အန်ကယ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



သည် သူပြောလျှင် ပြောသည့်အတိုင်း လုပ်တတ်သူဖြစ်ပေမယ့် ယခု ဘာကြောင့် သူမကို လာကြိုပါမည်ပြောပြီး အခုချိန်ထိအောင် ရောက်မလာနိုင်သေးသည်က ဘာကြောင့်များပါလိမ့်။

ကြည်နူးသည် မျက်ခုံးလှလှလေး ကုတ်ကွေးလျက် စဉ်းစားရင်းက စောင့်မည့်စောင့် အန်ကယ်ကျော်လာသည့်အထိ စောင့်ရန် ဆုံးဖြတ်လျက် ဘူတာမှာပင် ဆက်စောင့်နေလိုက်၏။

စောင့်သာစောင့်ရပါသည် ကြည်နူးမှာ အန်ကယ်ကျော် လာမှလာပါ့မလားဆိုသည့် အတွေးနှင့်လည်း ရင်မှာ တဒိတ်ဒိတ် ရှိနေရ၏။

သို့ပေမယ့် ကိစ္စမရှိပါ။

အချိန်တန်လို့မှ အန်ကယ်ကျော်မလာလည်း ဘာအရေး လဲ။ သူမတွင် အန်ကယ်ကျော်လိပ်စာက ရှိပြီးသားမို့ ထိုကိစ္စကို တော့ ကြည်နူးသည် သိပ်ပြီးစိတ်မပူလှပါ။

အခု အန်ကယ်ကျော်ကို ကြည်နူးဘူတာတွင် ဆက်စောင့် နေသည်ဆိုတာကလည်း အန်ကယ်ကျော်လို စည်းစနစ်ကြီးကာ အချိန်ကို တိကျလေးစားတတ်ပါသည်ဆိုသောလူကို ကြည်နူးသည်





သူမဘက်က ပြန်၍ ပညာပေးချင်သောကြောင့် ဖြစ်သည်။

ဖြစ်ချင်တော့ ထိုအချိန်ထိ အန်ကယ်ကျော် အိမ်ဖုန်းနှင့် လက်ကိုင်ဖုန်းမှာ ခေါ်၍မရနိုင်ခဲ့။

အင်း...ရှိစေတော့။

အဆင်မပြေချင်တော့ ကြံဖန်သီသာလွန်းနေရ၏။ ကြည်နူး မှာလေးရှိစဉ်တုန်းက အချိန်မရွေး ခေါ်လို့ရနေခဲ့သော အန်ကယ် ကျော်အိမ်ဖုန်းနှင့် လက်ကိုင်ဖုန်းက ကြည်နူး ရန်ကုန်မြေကို ခြေချ ပါပြီ ဆိုကတည်းက ခေါ်လို့မရတော့။

ကြည်နူးမှာ စိတ်ရှုပ်ရှုပ်နှင့် မျက်ခုံးထူထူလှလှလေးမှာ ပို၍ကုပ်ကွေးသွားရသည်။

အန်ကယ်ကျော်သည် ကြည်နူးကို ဘူတာတွင် လာကြို ဖို့ကိုတော့ သတိရပါလိမ့်မည်။

ခက်တာက အန်ကယ်ကျော်သည် အလုပ်အားသည့် လူတစ်ယောက်မဟုတ်ပါ။

လူမှုရေးလှုပ်ရှားမှု အထူးကုဆရာဝန်ကြီးတစ်ယောက်ဖြစ်သော အန်ကယ်ကျော်သည် ဆေးရုံနှင့်ဆေးခန်း၊ ဆေးခန်းနှင့်လူနာ တပ်နေ

www.burmeseclassic.com



တစ်နေ့ ဒါနှင့်ပင် သံသရာလည် မအားနိုင်အောင် ရှိနေရသူလည်း ဖြစ်သည်။

ကြည်နူးကို လာကြိုရန် မေမေကိုယ်တိုင် အန်ကယ်ကျော်ကို ဖုန်းဆက်အကြောင်းကြားထားသည်မို့ ဒီကိစ္စကို အန်ကယ်ကျော်သည် မေ့လိမ့်မည်မဟုတ်ပါ။

ဒါဖြင့် အန်ကယ်ကျော်သည် ယခုအချိန်ထိ ဘာကြောင့် ကြည်နူးအား လာမကြိုနိုင်ရတာလဲ။

လူပျိုကြီးတစ်ယောက်ဖြစ်သော အန်ကယ်ကျော်သည် အိမ်တွင် ဒရိုင်ဘာထားတတ်သူလည်း မဟုတ်ပါ။

ဘယ်နေရာသွားသွား ကားကို သူကိုယ်တိုင်မောင်းပြီး သွားရမှ ကျေနပ်တတ်သူမို့ ကြည်နူးကို လာကြိုဖို့ကိစ္စတွင်လည်း အန်ကယ်ကျော်သည် သူကိုယ်တိုင်ပင် လာလိမ့်မည်ဆိုတာ ကြည်နူးမှာ မတွေးဘဲသိနေရလေ၏။

တကယ်တော့ ကြည်နူးကို ဖေဖေသည် သူကိုယ်တိုင် ရန်ကုန်သို့ လိုက်ပို့ပေးရန် စီစဉ်ပါသော်လည်း အရေးကြီးသည့် အလုပ်ကိစ္စများ ပေါ်လာရသည်မို့ ကြည်နူးကို တစ်ယောက်တည်း





ရန်ကုန်သို့ လွှတ်လိုက်ရခြင်းဖြစ်သည်။

ကြည်နူးမှာ သူမအားတွင် ဖေဖေပါမလာခဲ့ပေမယ့် အားမငယ်ပါ။

ကြည်နူးသည် အရွယ်ရောက်ထားပြီး မိန်းကလေးတစ်ယောက်ဖြစ်သလို ကြည်နူးတို့လို ရွယ်တူမိန်းကလေးများလည်း ခုခေတ်တွင် တစ်ယောက်တည်း သွားလာနေတတ်ပြီမို့ ကြည်နူးသည် တစ်ယောက်တည်း ခရီးသွားရခြင်းကို မကြောက်ရွံ့ခြင်း ဖြစ်သည်။

မန္တလေးမှ ရန်ကုန် ခရီးစဉ်တစ်လျှောက်လုံး အဆင်ပြေပြေ ချောချောမွေ့မွေ့ ရှိခဲ့သမျှ ယခု ရန်ကုန်ကို ရောက်တော့မှ အဆင်မပြေဖြစ်ရသည့်အဖြစ်။

ကြည်နူးသည် အန်ကယ်ကျော်ကို စောင့်ရင်း အချိန်လေးတွေသာ ကုန်ဆုံးသွားရပါသည်။ အန်ကယ်ကျော်ကား ကြည်နူးရှိရာသို့ ရောက်ရှိလာခြင်း မရှိသေးပါ။

ထို့အတူ…

ဘူတာကြီးအတွင်းမှာလည်း လူသူ့ရှင်းသလောက် ရှိတာ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ မန္တလေးမှ ခုတ်မောင်းလာသည့် အမြန်ရထားကြီး ရန်ကုန်ဘူတာကြီးကို ထိုးဆိုက်ပါပြီဆိုကတည်းက လာကြိုမည့်သူကို ယခုချိန်ထိ စောင့်နေသူဆိုလို့ ကြည်နူးတစ်ယောက်သာ ရှိပါတော့၏။

ကြည်နူးမှာ အန်ကယ်ကျော်ကို စောင့်ရင်းက ကြာတော့သူမသည်လည်း ရှက်လာရပြီဖြစ်သည်။

အန်ကယ်ကျော်တို့များ ဘယ်လိုလုပ်နေသည် မသိတော့ပါ။

ကိုယ့်တူမ အပျိုအရွယ် မိန်းကလေးတစ်ယောက်တည်း ဘူတာကြီးတွင် ယောင်လည်လည်နှင့် သူများကဲ့ရဲ့စရာ ဖြစ်မည်ဆိုတာ အန်ကယ်ကျော် စဉ်းစားမိတော့ဘူးတဲ့လား။

ကြည်နူးမှာ မတွေ့ရတာ ကြာပြီဖြစ်တဲ့ အန်ကယ်ကျော်ကို စိတ်ဆိုးချင်လာရပြီဖြစ်သည်။

ကြည့်ပါဦးတော့…

အန်ကယ်ကျော် လုပ်နေပုံက ကြည်နူး စိတ်မဆိုးဘဲ နေနိုင်မည်တဲ့လား။ ကြည်နူးနေရာမှာ တခြားတစ်ယောက်ဆိုရင်လည်း ကြည်နူးလိုပင် စိတ်ဆိုးမှာတော့ သေချာပါ၏။





ကြည်နူးသည် အန်ကယ်ကျော်ကို အချိန်တစ်ခုအထိ စောင့်နေပေမယ့် မလာသည့်အဆုံး ကြည်နူးသည် အလုပ်သမားကိုခေါ်ကာ အငှားကားနှင့်ပင် အန်ကယ်ကျော်အိမ်ကို သွားရန်အလုပ်…

"ဟိတ်…ဒီမှာ ရှေ့ကချာတိတ် ခဏနေပါဦး"

ကြည်လင်ပြတ်သားကာ အောင်မြင်သော အသံနှင့်အတူနောက်ကနေ ခြေသံတဖျတ်ဖျတ်နှင့် သူမအနားရောက်ရှိလာကာ မြင့်မားသောအရပ်ကြီးနှင့် သူမမျက်နှာအား အုပ်မိုးလာပါသည့်လူကြောင့် ကြည်နူး၏ လှမ်းလက်စခြေလှမ်းများ အလိုလိုရပ်တန့်သွားရကာ လူကလည်း မကျေမနပ်နှင့် နှုတ်ခမ်းလေးစူသွားရပြီ။

"ခင်ဗျားကြီး ဘယ်သူ့ကိုခေါ်တာလဲ"

ကြည်နူးမှာ မျက်ဝန်းရူးရူးတောက်တောက်လေးနှင့် မျက်ခုံးလေးကြုတ်ကာ မေးလိုက်တော့ လူရွယ်မှာ ကြည်နူးအား အကြည့်ရူးရူးကြီးနှင့် ကြည့်လာကာ…

"မင်းကိုခေါ်တာ"

"ဘယ်လို…ကျွန်တော့်ကိုခေါ်တာ ဟုတ်လား"

"ဟုတ်တယ်" ◆



www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျားက ကျွန်တော့်ကိုသိလို့လား”

“ဟင့်အင်း”

“ဘာ”

အန်ကယ်ကျော်ကြောင့် နဂိုကမှ စိတ်တွေတိုချင်နေရသော ကြည်နူးမှာ သူမရှေ့က လူရွယ်၏စကားကြောင့် ဒေါသတွေ ပို၍ ဖြစ်သွားရကာ…

“ခင်ဗျား…လူကို ဘာအကြောင်းကြောင်လုပ်နေတာလဲ၊ လူကို ဘာများမှတ်နေလဲ”

ကြည်နူးထံမှ ခပ်ဆောင့်ဆောင့်ထွက်လာသည့် ရန်တွေ့စကားသံကြောင့် စံသိုက်မောင်၏ မျက်ဝန်းတည်တည်နှင့် အကြည့်စူးစူးကြီးက ကြည်နူးထံ ခပ်စိုက်စိုက် ရောက်ရှိလာရပြီး…

“မင်းစကားတဘာလဲ…ကျုပ်က မင်းကို ဘာမှတ်ရမှာလဲ”

“ဒါကြောင့် ခင်ဗျား လူကိုဘာကြောင့်ခေါ်ရတာလဲ၊ ဘာကိစ္စလဲ”

ကြည်နူးသည်လည်း ခပ်ဆွဲ့ဆွဲ့အား မျက်ဝန်းစူးစူးတောက်





တောက်လေးနှင့် ဘုကြည့်ပြန်ကြည့်ရင်း ခွန်းတုံ့ပြန်လိုက်လေ၏။

ကြည်နူးထံမှ ဘုကျကျစကားကြောင့် စံသိုက်မောင် တစ်ယောက် မျက်ခုံးကြီး ပိုလို့တွန့်ကြုတ်သွားရကာ…

“ခေါ်မှတော့ ကိစ္စရှိလို့ပေါ့ကွ”

“ဘာကိစ္စလဲ”

“မင်းက ကြည်နူးလား”

“ဘာဗျ”

“ကျုပ်ပြောတာ မကြားရအောင် မင်း နားတော့ကောင်းပါတယ်နော်”

“ဟင်…ခင်ဗျားကြီး…ခင်ဗျားကြီး”

စံသိုက်မောင်စကားကြောင့် ကြည်နူးမှာ မျက်နှာလေး နီတောက်ပသွားရတဲ့အထိ ဒေါသများ ဖြစ်သွားရလေသည်။

ဒေါသဖြစ်ဖြစ်နှင့် လှမ်းစကားကိုကြည့်လိုက်တော့ သူကလည်း ကြည်နူးကို ပြန်ကြည့်နေလေ၏။

“ပြောစမ်း…ခင်ဗျားကြီး ဘယ်သူလဲ၊ ဘာကြောင့် ကျွန်တော့်နာမည်ကို သိနေရတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



“မင်းမေးတာကို ကျုပ်မဖြေနိုင်ဘူး၊ ကျုပ်မေးတာကိုသာ မင်းဖြေပါ”

“ဘာပြောတယ်၊ ခင်ဗျား ခင်ဗျား စကားပြောရင့်လှချည်လား၊ ဘယ်လိုလူလဲ”

“ကျုပ် ဘယ်သူဆိုတာ မင်းသိဖို့ထက် မင်း ကြည်နူး ဟုတ်မဟုတ်ကိုသာ ကျုပ်ကိုဖြေပါ”

သူမေးတာကိုသာဖြေ သူ့ကိုပြန်၍မေးခွန်းမထုတ်နှင့် ပုံစံပြောလာသော သူမရှေ့က လူကြီးကို ကြည်နူးသည် ဒေါသဖြစ်လွန်းသဖြင့် သူမ လက်သီးဆုပ်များနှင့် သူ့ကျောပြင်ကြီးကို စိတ်ရှိသလောက်သာ ထုရိုက်ပစ်ချင်ပါတော့၏။

စိတ်ဆိုးဒေါသဖြစ်ရလွန်းသောကြောင့်လည်း သူမရှေ့က လူ့ခွစာကို ကြည်နူးသည် တော်တော်နဲ့ စကားပြန်၍မပြောနိုင်ခဲ့ပါ။

“ဟိတ်…ကျုပ်မေးနေတာ ဖြေလေကွာ”

ကြည့်…စကားကိုက ဘယ်လောက်များ ခံချင်စရာကောင်းလဲဆိုတာ။ သူမေးတာဖြေရအောင် ကြည်နူးက သူ့တပည့် သူ့လက်အောက်ငယ်သားလည်းမဟုတ်ပါ။





ကြည်နူးကို ဒီလိုပုံစံနှင့် လာမေးလို့ကတော့ ကြည်နူးထံမှ အဖြေကို သူ ဒီတစ်သက် ရလိမ့်မည်မဟုတ်ပါ။

ကြည်နူးဆိုတာက ကိုယ့်ကို ကောင်းကောင်းဆက်ဆံလာလျှင် ကိုယ့်ဘက်က ပြန်၍ကောင်းဖို့ရာ ဝန်လေးတတ်သူမဟုတ်သလို သူမကို မချေမငံဘုဘောက်တောလာရင်လည်း ထိုသူထက်နှစ်ဆ ကြည်နူးသည် ဆိုးတတ်သူဖြစ်သည်။

သည်အကျင့်က ကြည်နူး၏ ငယ်ငယ်ကတည်းက စွဲလာရပါသော အကျင့်ပဲမို့ ယခုလည်း ကြည်နူးသည် သူမကို တွေ့စကတည်းက ဘုနှင့်ဘောက် ရှိလာပါသော လူ့ခွစာကို ပြန်၍ အရွဲ့တိုက်ချင်လာရသည်မို့ သူမေးတာကို မဖြေဘဲ မကြားသလို သူ့အနားက သူမကိုယ်လေး လှည့်အထွက်…

“ဟာ…ဟိတ်…ဟိတ် ကျုပ်မေးနေတယ်လေ၊ ဒါက ဘယ်လဲ”

“ဟင်…ခင်ဗျားနော် ဒါဘာလုပ်တာလဲ”

ကြည်နူးမှာ သူမရှေ့ကနေ သူ့ကိုယ်ကြီးကို ပိတ်ရပ်ကာ ဆီးသလို လုပ်လာသည့် လူ့ခွစာကြောင့် ပတ်ဝန်းကျင်ကို ကြော်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာရဲရဲလေးနှင့် ကြည့်မိသွားရကာ မလုံမလဲ ရှက်ရောင်ဝဲဝဲလေးနှင့် ခပ်ကျိတ်ကျိတ်လေး ရန်တွေ့လိုက်လေ၏။

စံသိုက်မောင်မှာ သူမ၏ ရန်တွေ့စကားကို ဂရုမစိုက်ပါပေ။

ဂရုစိုက်ရန်လည်း သူ့တွင် အကြောင်းမရှိပါ။ သူ့တွင် သူမလေးဒေါသကို ဂရုစိုက်ဖို့ထက် သူ့ဆရာမှာလိုက်သည့်စကားက ပို၍အရေးကြီးသည်မို့ စံသိုက်မောင်သည် ဒေါသတွေဖြစ်နေရသည့် သူမအဖြစ်ကို မသိဟန်ပြုထားလိုက်ရင်း…

"မင်း ကျုပ်မေးတာကိုမဖြေဘဲ မသွားရသေးဘူး"

"ဘာဗျ…ခင်ဗျားကြီး လူကို အနိုင်ကျင့်လှချည်လား"

ဗိုင်စိုးပိုင်နင်း ဆန်လွန်းပါသည့် လူ့ခွစာစကားကြောင့် ကြည်နူးမှာ မခံမရပ်နိုင် ဖြစ်သွားရသည်။

"မတတ်နိုင်ဘူး၊ မင်းထင်ချင်သလိုထင်၊ ကျုပ်အတွက် မင်းဘယ်သူလဲဆိုတာသိရမှ ဖြစ်မယ်"

စံသိုက်မောင်သည် ထိုစကားကို ခပ်တည်တည်နှင့်ပြောပြီး ကြည်နူးရှေ့မှမဖယ်ဘဲ သူမအား စေ့စေ့စူးစူးကြီး ကြည့်နေလေ





၏။

ကြည်နူးမှာ ဒေါသတွေနှင့် သူ့အား ဘာပြန်ပြောရမှန်းမသိအောင် ရှိနေရသည်။

အနီးအပါးတွင် ရှိနေသူများကလည်း လူ့ခွစာနှင့် သူမကို ဘာလဲဆိုသည့် အကြည့်နှင့် ကြည့်နေကြပြီဖြစ်သည်။

ထိုအကြည့်များကို ကြည်နူး သတိထားမိတော့ လူက ရှက်စိတ်နှင့် တစ်ကိုယ်လုံး ဖြာဝေသွားရသည်။

သည်ပုံစံနှင့်ဆိုပါက လူ့ခွစာကြီးသည် သူမထံမှ သူသိချင်တာကို မသိရသရွေ့ သူမရှေ့ကနေ သူဖယ်ပေးမည်မဟုတ်ပါ။

တင်းတင်းစေ့ပိတ်ထားပါသော သူ့နှုတ်ခမ်းအစုံကို ကြည့်တာနှင့် လူ့ခွစာသည် ပြောလျှင်ပြောသလို လုပ်တတ်သည့် လူစားမျိုးဆိုတာ ကြည်နူး အကဲခတ်မိလိုက်တော့ ရင်မောသွားရသည်။

အဘယ်ကြောင့်ဆိုသော်…

ကြည်နူးသည် လူ့ခွစာစကားကို ပြန်၍မဖြေချင်ပါသော်လည်း မဖြေလျှင်မဖြစ်သည့် အနေအထားမှာ သူသိချင်သည့်စကားကို ပြန်ဖြေရတော့မည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဘာလဲ…မင်း ကြည်နူး ဟုတ်မဟုတ်ဆိုတာ ဖြေရမှာ ဒီလောက်တောင် ခက်ခဲနေလို့လား”

“ခင်ဗျားမို့လို့ ကိုယ်ချင်းမစာ ဒီစကားကိုမေးတယ်၊ ဘယ်သူမှန်းမသိ ဘယ်ကမှန်းမသိတဲ့ လူတစ်ယောက်ကို ကျွန်တော်ဟာ ဘယ်သူပါဆိုတာ မေးတိုင်းဖြေရမှာလား”

နှုတ်ခမ်းဖူးဖူးလေးကို စေ့လိုက်ရင်းက လူခွစာအား မခံချင်စွာ ကြည်နူး ဆိုလိုက်တော့ သူမျက်နှာချောချောကြီး ခပ်လွှန့်လွှန့် ပြုံးသွားရကာ…

“အဟွန်း…မင်းပြောတာလည်း ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်ကလည်း မင်းဘယ်သူဆိုတာ သိရမှဖြစ်မယ်၊ ဒါမှ ဆရာကြီးကို”

“ဘယ်လို…ခင်ဗျားဘာပြောလိုက်တယ်၊ ဆရာကြီးကို ဟုတ်လား၊ ခင်ဗျားပြောတဲ့ ဆရာကြီးဆိုတာ ဘယ်သူလဲ၊ ဘယ်ကလဲ ခင်ဗျား ခင်ဗျား”

ကြည်နူးမှာ ဒေါသစိတ်မှနေ ကြောက်စိတ်များ ပြောင်းသွားရကာ လူခွစာအား လက်ညှိုးလေးတထိုးထိုးနှင့် သူ့အား





ကြောက်ရိပ်များ ဝိုင်းနေသော မျက်ဝန်းလေးဖြင့် ထိတ်လန့်စွာ ခြေလှမ်းလေးနောက်ဆုတ်သွားတော့ စံသိုက်မောင် သူ့အပေါ် နားလည်မှုလွဲသွားသည့် သူမအဖြစ်ကို သဘောပေါက်သွားရကာ…

“ကျွတ်…မင်းထင်ရာတွေ လျှောက်ပြီးတွေးမနေနဲ့နော် ချာတိတ် ကျုပ်ပြောတာက”

“ဆို…မသိဘူး၊ မသိဘူး၊ ခင်ဗျားကြီးဘယ်သူလဲ၊ ဘာအကြံနဲ့ ကျွန်တော့်နားကို ရောက်လာရတာလဲ၊ ဖယ်…ဖယ် ခင်ဗျားကြီး ကျွန်တော့်ရှေ့က ဖယ်နော်၊ မဖယ်ရင် ကျွန်တော် ပတ်ဝန်းကျင်ကို အော်ပြီး အကူအညီတောင်းရလိမ့်မယ်သိလား”

“ဘာကွ”

ကြည်နူးစကားကြောင့် စံသိုက်မောင်မှာ မျက်နှာကြီးရဲခနဲ ဖြစ်သွားရကာ လူကလည်း ရှုံ့ရှုံ့ရှားရှား ဖြစ်သွားရပြီး…

“ခက်တော့တာပဲ ဆရာကြီးကလည်း သူ့တူမကြိုခိုင်းတာ ငါ့ကိုမှ လာကြိုခိုင်းရတယ်လို့”

မျက်မှောင်ကြီးကြုတ်ကာ မကျေမနပ်နှင့် ခပ်ကျိတ်ကျိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုက်သည့် စံသိုက်မောင်စကားကို ကြည်နူးသည် ကြားဖြစ်အောင် ကြားသွားရကာ…

"ခင်ဗျား…ခင်ဗျား ဘာပြောလိုက်တယ်"

"ဘာလဲ…,မင်းက ကျုပ်စကားကို တရေးစွဲဦးမလို့လား"

စံသိုက်မောင်မှာ စိတ်တိုတိုနှင့်ပင် ကြည်နူးမျက်နှာလေးကို ခပ်ထေ့ထေ့ကြည့်ရင်း ဘုတောလိုက်လေ၏။

"ခင်ဗျားကြီး စကားကို ကောင်းကောင်းပြောပါ"

"ဟ…ကျုပ်က စကားကို ကောင်းကောင်းမပြောလို့ မင်းကို ဘယ်လိုပြောနေလို့တုန်း"

ကြည်နူးမှာ လူ့ခွစာကို ဘာစကားမှ ပြန်မပြောတော့ဘဲ မျက်စောင်းလေးတစ်ချက်ထိုးကာ…

"စောစောက ခင်ဗျားပြောတဲ့စကားထဲမှာ ဆရာကြီးက သူ့တူမကို လာကြိုခိုင်းတယ်ဆိုတာပါတယ်၊ ခင်ဗျားပြောတဲ့ ဆရာကြီးဆိုတာက"

"နှလုံးခွဲစိတ်အထူးကုသမားတော်ကြီး ဒေါက်တာဦးကျော်မောင်ကိုပြောတာ၊ ကဲ မင်းဘာသိချင်သေးလဲ"





"ဟင်…ဒါဆို…ဒါဆို ခင်ဗျားက အန်ကယ်ကျော် လွှတ်လိုက်တဲ့ ဒရိုင်ဘာပေါ့ ဟုတ်လား"

"ဘာကွ…ဘယ်လို"

"အို…ဘာတွေ ဘယ်လိုတွေ လုပ်မနေပါနဲ့၊ စောစောကတည်းက ခင်ဗျားစကားကို အဲလိုရှင်းရှင်းပြောလိုက်ရင် ပြီးနေတာကို အလကား ဇာလည်ကြောင်ပတ် လုပ်နေတယ်၊ ဒါနဲ့ နေပါဦး အန်ကယ်ကျော်က ခင်ဗျားကို ဘယ်တုန်းက ဒရိုင်ဘာခန့်လိုက်တာလဲ၊ ကျွန်တော်သိသလောက်တော့ အန်ကယ်ကျော် ဒရိုင်ဘာခန့်လိုက်တယ်ဆိုတာ တစ်ခါမှလည်းမကြားလိုက်ရပါလား"

"ကျွတ်…ခက်တော့နေပြီ"

"ဘာခက်တာလဲ"

"အေး…အရင်က မင်းမကြားရင် အခုကြားရပြီမဟုတ်လား၊ နေစမ်းပါဦး မင်းက ဆရာကြီးရဲ့တူမ မနူလေးကလာတဲ့ ကြည်နူးဆိုတာလား"

"ဟုတ်တယ်"

"ဒါများကွာ ကျုပ်မေးနေတာ စောစောကတည်းက မင်း



www.burmeseclassic.com

www.burmeseclassic.com



အဲလိုဖြေလိုက်ပါလား"

"အို…မသိဘဲနဲ့ ကျွန်တော်ကမေးတဲ့လူတိုင်းကို ဖြေလို့ ဖြစ်မလားဗျ၊ ခင်ဗျားတို့ရန်ကုန်က လူလိမ်လူညာတွေ ပေါကပေါ နဲ့၊ ခင်ဗျားကိုရော အန်ကယ်ကျော်ရဲ့ ဒရိုင်ဘာဆိုတာ ကျွန်တော် ဘယ်လိုယုံရမှာလဲ"

"ဘာရယ်…မင်းဘာပြောလိုက်တယ်"

ကြည်နူးစကားကို စံသိုက်မောင်မှာ နားမလည်သလို ထပ် မေးလိုက်လေသည်။

"ကျွန်တော်ပြောတာ ရှင်းရှင်းလေးပါ၊ ခင်ဗျားဟာ အန်ကယ်ကျော်ရဲ့ ဒရိုင်ဘာဆိုတာ ဘာသက်သေအထောက်အထား နဲ့ ယုံရမှာလဲလို့ မေးနေတာ"

စံသိုက်မောင်ကို ခြေဖျားကနေ ခေါင်းအထိ အကဲခတ် သလို တစ်ချက်ကြည့်ရင်းက ကြည်နူးသည် မျက်နှာထားတင်း တင်းကလေးနှင့် ခပ်ရင့်ရင့်လေး မေးလိုက်တော့ စံသိုက်မောင်မှာ အခံရခက်သလို မျက်နှာကြီး တည်တင်းသွားရပြီး…

"ဒီမှာအမိ မင်းယုံအောင် သက်သေပြစရာ ကျုပ်မှာ





ဘာမှမရှိဘူး၊ အေး..ဒါပေမယ့် မင်း ကျုပ်ကိုယုံတယ်ဆိုလိုက်၊ မယုံဘူးဆိုလည်းနေခဲ့၊ ကျုပ်ကတော့ ဆရာကြီးခိုင်းတဲ့အတိုင်း ကျုပ် တာဝန်ကျေပြီမို့ သွားမယ်"

စံသိုက်မောင်မှာ စကားကို ခပ်ပြတ်ပြတ်နှင့် လိုရင်းပြော ကာ နေရာမှ ချာခနဲ လှည့်ထွက်မည်အလုပ်…

"ဟွန်း…သိပ်ရိုင်းတဲ့လူ"

"ဘာပြောတယ်"

"ဘာပြောရမှာလဲ၊ ခင်ဗျားကို သိပ်ရိုင်းတဲ့လူလို့ ပြောနေ တာ"

"နေစမ်းပါဦး…မင်းစကားတွေက ကျုပ်ကို အမျိုးမျိုး ပုတ်ခတ်စော်ကားနေတာ မလွန်လွန်းဘူးလားကွ"

စံသိုက်မောင်သည် ကြည်နူးအား ခပ်တည်တည်ကြီး ကြည့်လျက် ဟောက်လိုက်လေသည်။

ထိုအခါ ကြည်နူးမှာ မခံမရပ်နိုင် ဖြစ်သွားရကာ…

"ကျွန်တော်ပြောနေတာ အမှန်တွေပဲလေ"

"ဘာအမှန်တွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကိုယ်ခင်ဗျား မသိဘူးလား"

"မင်းကွာ"

"ကြည့်စမ်း…ခင်ဗျားကြီး လူကိုဘာမှတ်လို့ ကြိမ်းလား မောင်းလား လုပ်နေရတာလဲ၊ ဟွန်း ဒရိုင်ဘာက ဒရိုင်ဘာလိုမပြောဘူး၊ တိုင်မယ် ဒီကိစ္စ အန်ကယ်ကျော်နဲ့ကို ပြန်တိုင်မယ်၊ အန်ကယ်ကျော်ခန့်ထားတဲ့ ဒရိုင်ဘာက ကြည်နူးကို ပမာမခန့်နဲ့ ပြန်ပြောပါတယ်ဆိုတာ"

နှုတ်ခမ်းလေးစူထော်ကာ မျက်ဝန်းစူးစူးလေးနှင့် ဂုဏ်လေးတစ်သောက်လို မတော်မနေပ် ပြောနေသော သူ့ရှေ့က မိန်းကလေးကို စံသိုက်မောင်သည် မျက်မှောင်ကြီးတွန့်လျက်က စိတ်ပျက်စိတ်ကုန်သလိုမျိုး ကြည့်လိုက်ပြီး…

"မင်းသဘောပွာ…မင်းသဘော၊ တိုင်ချင်သလိုသာတိုင်တော့၊ ကဲ အခု မင်း ကျုပ်နောက်ကို လိုက်မှာလား၊ ဒီမှာနေခဲ့မှာလား"

"ဘာပြောတယ်ဗျ"

ကြည်နူးမှာ စံသိုက်မောင်ကို မျက်လုံးပြူးကြီးနှင့် ကြည့်





တာ အော်လိုက်သည်။

"ဟာ…တိုးတိုးကွ တိုးတိုး၊ ဘယ့်နှယ့် ဖွတ်အော်နေရတာလဲ၊ ဒါ မင်းတို့မန္တလေးမဟုတ်ဘူး၊ ရန်ကုန်ကွ ရန်ကုန်"

"အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ…မင်း ကြည့်စမ်း ဒီအနားပတ်ဝန်းကျင်မှာ မင်းလိုအသံနဲ့ အော်ပြောတဲ့လူရှိလားဆိုတာ"

စံသိုက်မောင်မှာ ပတ်ဝန်းကျင်ကို အကဲခတ်သလိုကြည့်ရင်းက ပြောလိုက်တော့ ကြည်နူး၏အကြည့်လေးများသည်လည်း စံသိုက်မောင်နည်းတူ ယခုမှပင် အနားပတ်ဝန်းကျင်ကို ဂရုတစိုက်နှင့် ကြည့်မိသွားရလေသည်။

ဘုရားရေ…

လူ့ခွစာနှင့် သူမအဖြစ်ကို ပတ်ဝန်းကျင်ရှိလူများက မသိမသာ အကဲခတ်ကြည့်နေကြပါလား။

ကြည့်စမ်း…

ရှက်စရာကောင်းလိုက်တာနော်။

ကြည်နူး ပတ်ဝန်းကျင်ကို ဘာလို့မေ့သွားရတာပါလိမ့်။

ဒါ…ဒါ လူ့ခွစာကြောင့် လူ့ခွစာနှင့် စကားများနေရတာနှင့် ကြည်နူး



www.burmeseclassic.com

www.burmeseclassic.com



သည် ပတ်ဝန်းကျင်ကို ခဏတာမေ့သွားရသည့်အဖြစ်။

"မြင်လား"

"ဘာလဲ"

"ကျွတ်…အဲဒါတွေ မင်းခက်တာ"

"ခင်ဗျား ဘာပြောတာလဲ"

ကြည်နူးမှာ သူ့စကားကို မရှင်းသလို မျက်မှောင်လေး ကြုတ်လျက် မေးလိုက်သည်။

"ကျုပ်ပြောတာကို နားမလည်ရအောင် မင်းကြည့်ရတာ ဒီလောက်လည်း ထုံထိုင်းမယ့်ပုံမပေါ်ပါဘူး"

"ကြည့်စမ်း…ခင်ဗျားကြီးစကားက ပြောလေဆိုးလေပါလား၊ ဒီထက်လွန်လာရင်တော့ ကျွန်တော်က ရှေ့ဆက်သည်းခံမှာ မဟုတ်တော့ဘူးနော်"

"သည်းမခံနိုင်လည်း ကျုပ်မတတ်နိုင်ဘူး၊ နောက်ပြီး မင်းအသံပြဲကြီးနဲ့လည်း သိပ်အော်မနေနဲ့၊ ဟိုမှာလူတွေ ကျုပ်တို့ကို ကြည့်နေကြပြီ၊ ကဲ ကြား…မင်းလိုက်မှာလား မလိုက်ဘူးလား ဒီတစ်ခါ မင်းကို ကျုပ်နောက်ဆုံးခေါ်တာပဲနော်၊ မင်းမလိုက်ဘူးဆို ကျုပ်သွားတော့မယ်"





ကြည်နူးသည် သူမရှေ့က လူ့ခွစာကို ကြည့်မရပါသော်လည်း သူ့ပုံစံက ဒီတစ်ခါတော့ဖြင့် ပြောသည့်အတိုင်း တကယ်ပင် ထွက်သွားတော့မည့်ပုံစံမို့ ကြည်နူးသည် သူနှင့်ပတ်သက်ကာ ကြာကြာစဉ်းစားချိန် မရတော့ပါဘဲ…

"လိုက်မယ်"

"ဒါဆိုသွားမယ်"

"နေဦး"

"ဘာလဲ"

"ဟိုမှာ"

"ဘာဖြစ်ပြန်ပြီလဲ"

"ဘာဖြစ်ရမှာလဲ…ရှင့်မျက်စိတွေ မမြင်ဘူးလား၊ ဟိုမှာ ကျွန်မအဝတ်သေတ္တာ"

"ဘာဖြစ်လဲ အဲဒါ"

စသိုက်မောင်မှာ သူ့ရှေ့က မိန်းမချောကို စိတ်မရှည်တော့ သလိုမျိုး ခပ်တည်တည်ကြည့်ကာ မေးလိုက်သည်။

"ခင်ဗျား တော်တော်တုံးတဲ့ လူပါလား၊ အရိုပ်ပြနေတာ မဟုတ်ဘဲ အကောင်လုံးလုံးပြနေတာတောင် အလိုက်မသိတဲ့လူ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ကျွန်တော့်အဝတ်သေတ္တာ၊ ခင်ဗျားက အနက်ကယ်ကျော်ခန့်ထားတဲ့ အလုပ်သမား၊ ကျွန်တော့်ကိုလာကြိုတဲ့ ဒရိုင်ဘာ၊ ဒရိုင်ဘာက အလုပ်ရှင်နဲ့ပတ်သက်တဲ့လူရဲ့ ကိစ္စကို လုပ်ပေးရမှာက ထုံးစံပဲ၊ ဒီတော့ ခင်ဗျား အဲဒီအိတ်တွေကို သယ်ခဲ့ပါ"

ပြောပြီး ရှေ့ကနေ လှည့်ထွက်သွားသည့် ကြည်နူးကို စံသိုက်မောင်သည် မချင့်မရဲ ဒေါသဖြစ်ရသည်မို့ အံကြိတ်လျက်က သူမနောက်ကျောပြည့်ပြည့်လေးကို စိုက်ကြည့်ရင်း သူမအဝတ်သေတ္တာအိတ်ကြီးကို ကားနားရောက်တဲ့အထိ မကျေမနပ်နှင့် မျက်မှောင်ကြီးစုံတွန့်ကာ သယ်လာခဲ့လိုက်သည်။

"ဟင်…ဒါ အနက်ကယ်ကျော်ကားလည်း မဟုတ်ပါလား"

ကားပါကင်ထိုးရပ်ထားသည့် နက်ပြာရောင်လက်လက်တောက်နေသည့် နောက်ဆုံးပေါ်အကွေရာနံပါတ်နှင့် ကားကြီးကို ကြည့်ပြီး ကြည်နူးပြောလိုက်တော့ စံသိုက်မောင်သည် သူမအဝတ်သေတ္တာအိတ်ကို ကားနောက်ခန်းထဲ ထည့်နေရာမှ သူမစကားကို ကြားသွားရကာ…





"ဘာလဲ‥မင်းက အနက်ကယ်ကျော်ကား မဟုတ်တာနဲ့ လိုက်ချင်တော့ဘူးလား"

"ဟွန့်‥ဘယ်သူက ခင်ဗျားကြီးကို အဲလိုပြောနေလို့လဲ"

"ကဲ‥ဒါဆိုလည်းတက်၊ သွားမယ်"

"ဟွန်း"

စကားကို ဘုနှင့်ဘောက် ခွကျကျပြောလွန်းသည့် လူခွကြီးကို ကြည်နူးသည် နှုတ်ခမ်းလေးဖိတိုက်ကာ ချက်ချင်း …ထိုးရပ်းက ကားပေါ်ရောက်သည်ဆိုရင်ပဲ လူခွစာသည် ကားကို နေရာမှ မောင်းထွက်လာခဲ့လိုက်သည်။

ကြည်နူးတစ်ယောက်မှာတော့ လူခွစာအပေါ် ဒေါသဖြစ် …မကျေမနပ်နှင့်ပင် သူမောင်းလာသည့်ကားပေါ် ပါလာရင်း …ဘာလူခွစာ၏ ဆက်ဆံရေးညံ့ဖျင်းမှုကို အနက်ကယ်ကျော်နှင့် …တိုင်ရန် စဉ်းစားနေမိတော့သည်။

X-X-X

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဘယ်လို...ဘာပြောတယ်သမီး"

"ဟင်...အန်ကယ်ကျော်ကလည်း ကြည်နူး ပြောနေတာကို စိတ်မဝင်စားဘူးလား"

ကြည်နူးမှာ သူ့စကားကို ပြန်၍မေးနေသော အန်ကယ်ကျော်ကို သူမစကား စိတ်မဝင်စားရကောင်းလားဆိုသည့် စိတ်နှင့် နှုတ်ခမ်းစုချင်လာရပြီဖြစ်သည်။

"အန်ကယ်ကျော် မေးနေတာ သမီးစကားကို စိတ်မဝင်စားလို့ ပြန်မေးနေတာမဟုတ်ဘူး၊ သမီးပြောတာကို အံ့သြလို့မေးနေတာ"





"ကြည်နူးစကားမှာ ဘာအံ့သြစရာပါနေလို့လဲ အန်ကယ်ကျော်"

"သမီးစောစောကပြောတဲ့ စကားထဲမှာ အန်ကယ်ကျော် အကြိုက်လွှတ်လိုက်တဲ့ ဒရိုင်ဘာကို သမီးရဲ့အဝတ်သေတ္တာအိတ်တွေ သယ်နိုင်းတယ်ဆိုတာပါလားလို့"

"အင်းလေ...အန်ကယ်ကျော်ရဲ့၊ အဲဒါဘာဖြစ်လဲ၊ ဒရိုင်ဘာပဲ သယ်နိုင်းရမှာပေါ့၊ ဒါတောင် အန်ကယ်ကျော်ဒရိုင်ဘာက ဆေး ကြည်နူးခိုင်းတာကို မလုပ်ချင်တဲ့ပုံစံနဲ့ ပေကပ်ကပ်လုပ်နေသေးလို့ ကြည်နူး အန်ကယ်ကျော်ဒရိုင်ဘာကို အပြတ်ဟောက်ပစ်ရသေးတယ်သိလား"

"ဒီတော့ စံသိုက်မောင်က သမီးကိုဘာပြောလဲ"

"အဟင်း...ဟင်း...ဟင်း အန်ကယ်ကျော်ကလည်း ထိုယ့်တူမအကြောင်း ကိုယ်သိရက်နဲ့ ကြည်နူးကို သူဘာပြောလို့ရမှာလဲ၊ ဒါပေမယ့် သူ့ကို ကြည်နူး နည်းနည်းလေးမှ မကျေနပ်ဘူး၊ အန်ကယ် သူ့ကို အလုပ်ဖြုတ်ပစ်ပါ"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲကွဲ သမီးရဲ"

"သူ့ သမီးကိုပြန်ပြောလို့"

"ကောင်းကွာ"

"ဟာ…အန်ကယ်ကျော်နော် ဘာကောင်းတာလဲ"

"စံသိုက်မောင်က သမီးကို ပြန်ပြောတယ်ဆိုလို့လေ"

"အဲဒါ တကယ်ပဲကိုး၊ အန်ကယ်ကျော်နော် အန်ကယ်ကျော်၊ ကြည်နူးပြောတဲ့အတိုင်း အဲဒီဒရိုင်ဘာကို အလုပ်ဖြုတ်ပစ်ရမယ်သိလား၊ မဟုတ်ရင် အန်ကယ်ကျော်ကို ကြည်နူး မခေါ်တော့ဘူး၊ ပြီးတော့ ကြည်နူး ဒီမှာလည်းမနေတော့ဘူး"

"ဟောဗျာ…သမီးစကားတွေကလည်း အန်ကယ်ကျော်ကို ခြိမ်းခြောက်လှချည်လားကွဲ"

"ခြိမ်းခြောက်တာမဟုတ်ဘူးနော် အန်ကယ်ကျော်၊ ကြည်နူး ဒီစကားတွေ တကယ်ပြောနေတာ၊ အန်ကယ်ကျော် ဒရိုင်ဘာကိုတော့ ကြည်နူး သိပ်မုန်းတာပဲသိလား"

စံသိုက်မောင်အပေါ်တွင် တကယ်ပင် ကြည့်မရသည့်ပုံစံမျိုး နှုတ်ခမ်းလေးကိုစူထွေ့ကာ စံသိုက်မောင်နှင့် ပတ်သက်လို့





မကျေမနပ်ဟန်လေးနှင့် ပြောနေပါသော တူမ်ချောကိုကြည့်ပြီး အန်ကယ်ကျော်မှာ ပြုံးချင်ချင်ဖြစ်သွားရသည်။

ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင် ကြည်နူးသည် အန်ကယ်ကျော်အပြုံးကို မြင်ဖြစ်အောင် မြင်သွားရကာ…

"ကြည့်…အန်ကယ်ကျော်နော် ကြည်နူးကို ကြည့်ပြီး ဘာပြုံးတာလဲလို့"

"အစား…ဟား…ဟား အန်ကယ်ကျော့်တူမကတော့ ဗျာ ငယ်ငယ်ကအတိုင်း ဆိုးတုန်းပါလား"

"အန်ကယ်ကျော်"

"ဗျာ"

"ဟင်းနော်…ကြည်နူးကို အဲလိုပဲပြောရသလားလို့"

"နို့…ညည်းလေးကမဟုတ်လို့လား"

"ဟင်…ကြည်နူး ဘာဆိုးလို့လဲ၊ အန်ကယ်ကျော် ဒရိုင်ဘာသာ ဆိုးတာသိလား"

ကြည်နူးသည် ကလေးတစ်ယောက်လို ခြေလေးဆောင့်၊ နှုတ်ခမ်းလေးစူကာ ပြောလိုက်တော့ အန်ကယ်ကျော်မှာ တူမချော



www.burmeseclassic.com

www.burmeseclassic.com



တကယ်စိတ်ဆိုးပြီဆိုတာကို သိလိုက်ပြီး…

"ဲအဲ…ကဲ စိတ်မဆိုးနဲ့တော့၊ အန်ကယ်ကျော် သမီးပြောတဲ့အတိုင်း စံသိုက်မောင်ကို အန်ကယ်ကျော် အလုပ်ဖြုတ်ပစ်လိုက်မယ်၊ ဒါဆို သမီးကျေနပ်ပြီမဟုတ်လား"

"ဟာ…တကယ်၊ တကယ်လား အန်ကယ်ကျော်၊ အဲဒီဒရိုင်ဘာကို အန်ကယ်ကျော် တကယ်အလုပ်ဖြုတ်ပစ်မှာလား"

"နို့…ညည်းလေးပဲ စံသိုက်မောင်ကို အလုပ်ဖြုတ်ပစ်ဆို"

"အဟင်း…ဟင်း…ဟင်း ဒါမှ ကြည်နူးရဲ့အန်ကယ်ကျော်၊ အန်ကယ်ကျော်ကို ဒါကြောင့် ကြည်နူး ချစ်ရတာသိလား"

သူမဖြစ်စေချင်သည့်ဆန္ဒကို လိုက်လျောပေးလိုက်တာနှင့် ကလေးတစ်ယောက်လို ခုန်ပေါက်ပျော်မြူးသွားရသော တူမချောကိုကြည့်ပြီး အန်ကယ်ကျော်ခေါ် နှလုံးအထူးကုဆရာဝန်ကြီး ဦးကျော်မောင်မှာ အပြုံးနှင့်အတူ သက်ပြင်းတစ်ချက်ကို ချမိသွားရလေသည်။

မှန်သည်…





ကြည်နူးဆိုတာ ဦးကျော်မောင်၏ တစ်ဦးတည်းသော အစ်ကို ဦးကျော်နောင်၏ ရှမငြိုးသည့် တစ်ဦးတည်းသောသမီးချော လေးမှာ ဖြစ်သလို သူ၏တူမချောလည်း ဖြစ်ပါသည်။

ငယ်စဉ်ကလေးဘဝကတည်းက မိခင်ဆုံးပါးသွားသဖြင့် မိခင်မေတ္တာမရရှိခဲ့ပါသော ကြည်နူးကို ကြည်နူး၏ဖေဖေ ဦးကျော်နောင်သည် အရွယ်ရှိသေးပေမယ့် နောက်အိမ်ထောင်မပြုဘဲ သမီးဖြစ်တဲ့ ကြည်နူးအပေါ်တွင် ဖခင်လိုတစ်မျိုး မိခင်လိုတစ်သွယ် အချစ်ပိုအလိုလိုက်ခဲ့သူဖြစ်သည်။

သူမကို အလိုလိုက်သူထဲတွင် အစ်ကိုကျော်နောင်ပဲလား ဆိုတော့ မဟုတ်သေးပါ။ အန်ကယ်ကျော်ခေါ် သူသည်လည်း အမိမဲ့သွားရရှာသည့် တူမချောကို သနားကရုဏာ ချစ်မြတ်နိုးမှုများဖြင့် အိမ်ထောင်ပင်မပြုတော့ဘဲ တူမချောဖြစ်တဲ့ ကြည်နူးကို မျက်စိအောက်က အပျောက်မခံ အလိုလိုက်ချစ်ခဲ့ရသူဖြစ်သည်။

ချစ်လွန်း၍လည်း တူမချောဘာလုပ်လုပ် အပြစ်မမြင်နိုင်ခဲ့သလို ဟဲ့တစ်ချက် မဆူရက် မငေါက်ရက်အောင် ရှိခဲ့ရ၏။

ဒါက သူမကလေးအရွယ်တွင် အကြောင်းမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စမရှိပေမယ့် သူမလေး တဖြည်းဖြည်း အရွယ်ရောက်လာချိန်မှာတော့ ငယ်ငယ်ကတည်းက စွဲခဲ့ရသည့် အနိုင်ယူဆိုးနွဲ့မှုများက တူမချောတွင် အကျင့်တစ်ခုကြီးလို ပါလာခဲ့ရသည်။

သို့သော်…

ထိုအကျင့်ကိုလည်း သူရော ကြည်နူးဖေဖေပါ သူမလေးကို ပြင်မပေးနိုင်ခဲ့ပါ။ ပြင်၍ရသည်ထားဦး သူမလေးသည်က ပြင်တော့မည်မဟုတ်။

အဘယ်ကြောင့်ဆိုရသော်…

ငယ်ငယ်လေးကတည်းက သူမဖြစ်ချင်တာကို ဖြစ်ရမှ လုပ်ချင်တာကိုလုပ်လိုက်ရမှ ကျေနပ်တတ်သော တူမချောသည် ကြီး၍အရွယ်ရောက်လာတော့လည်း သူမတွင် ငယ်ငယ်ကအကျင့်က ပါလာခဲ့သည်မို့ လိုချင်တာ၊ လုပ်ချင်တာ မလုပ်ရလျှင် ထစ်ခနဲ စိတ်ဆိုးစိတ်ကောက်တတ်ကာ ကလေးတစ်ယောက်လို မရှက်မကြောက် အသံပြုကြီးနှင့် အော်ငိုတတ်သည်မှာ သူမကိုယ်သူမလည်း အရွယ်ရောက်နေသည့် အပျိုရွယ် မိန်းကလေးတစ်ယောက်ရယ်ဝါလို့လည်း သတိထားမိပုံမရပါ။





ကျောင်းပြီးကာ ဘွဲ့တစ်ခုရထားသော ကြည်နူးသည် ယခုချိန်ထိ သူမကိုယ်သူမ ကလေးတစ်ယောက်အဖြစ်နှယ် ခံယူထားပုံရလေ၏။

တခြားမိန်းကလေးများလို အပျိုရွယ် မိန်းကလေးပါရဲ့လို့လည်း သူမကိုယ်သူမ လှလှပပနှင့် ပြင်ပြင်ဆင်ဆင် နေတတ်သူတစ်ယောက် မဟုတ်ပါ။

သူမလေးကို ဘယ်အချိန် ဘယ်အခါကြည့်ကြည့် မျက်နှာပြောင်လေးနှင့် သနပ်ခါးနံ့သာဆိုတာ တစ်စက်လေးမှ မရှိပါဘဲ ထိုအရာများကို ကြည်နူးသည် သူမလေးနှင့် မသက်ဆိုင်သလို ခံယူထားသူဖြစ်သည်။

ကျောလယ်မှာ ဝဲနေသော ဆံပင်ထူထူ အုပ်အုပ်ဝဲဝဲလေးနှင့် တီရှပ်ပွပွလေးများကို ဝတ်တတ်သော ကြည်နူးသည် ထဘီ ညှိရှည်ဝတ်ရသည်ကိုလည်း နှစ်သက်တတ်သူဖြစ်သည်။

မြင့်မားသွယ်လျကာ ကျော့ရှင်းသော ကိုယ်ဟန်လေးနှင့် ဝင်းဝါစိုပြေသော အသားအရေ၊ မျက်ခုံးထူထူ၊ နှုတ်ခမ်းလှလှ၊ နှုတ်ခမ်းလေးနှင့် သူမလေးသည် နဂိုအလှများရှိနေ၍သာ တော်…



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

မဟုတ်ပါက တူမချော နေပုံထိုင်ပုံ ပြောဆိုဆိုးနွဲ့ပုံများက မြင်ရသူကို တစ်စက်ကလေးမှ အချိုးမပြေလှပါ။

သို့ပေမယ့်...

ကိုယ့်တူမမို့ ကိုယ်ပြောတာမဟုတ်။ ကြည်နူးလေးအလှက ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းနှင့် မြင်ရသူရင်ကို ကြည်နူးအေးချမ်းစေရသည်ကတော့ အမှန်ဖြစ်သည်။

ထို့အတူ...

သူမလေး ဆိုးနွဲ့သမျှသည်လည်း အပြစ်ရယ်မဟုတ်ပါဘဲ ကလေးဆန်ဆန်နှင့် ဟန်ဆောင်မှုမရှိ ရိုးသားပွင့်လင်းစွာ ဆိုးနွဲ့မှုလေးများဖြစ်သည်မို့ အန်ကယ်ကျော်မှာ တူမဖြစ်သူကို အပြစ်မမြင်ရက်ဘဲ အချစ်ပိုနေရတော့သည်။

ရန်ကုန်တွင် အလုပ်တာဝန်နှင့်ရှိနေသော သူ့ရှိရာသို့ ကြည်နူးလေးသည် တစ်နှစ်တစ်ခါ ပုံမှန်ဆိုသလို ရောက်လာတတ်သူဖြစ်သည်။ ကြည်နူးမလာသည့် နှစ်များဆိုလည်း အန်ကယ်ကျော်သည် တူမချောရှိရာ မန္တလေးတို့ မဖြစ်ဖြစ်တဲ့နည်းနှင့် ရောက်





အောင်သွားတတ်သူဖြစ်သည်။

သည်နှစ်တော့ ကြည်နူးလေး ကျောင်းပြီးပြီမို့ ကြည်နူး၏ဖေဖေသည် ကြည်နူးကို ရန်ကုန်တွင် သင်တန်းတစ်ခုတက်ရန်အတွက် သူ့ရှိရာသို့ လွှတ်လိုက်ခြင်းဖြစ်သည်။

ရှေ့လျှောက် တူမချော ကြည်နူးသည် သူနှင့်အတူနေရတော့မည်မို့ သူ့အပေါ် သင်းလေး ဘယ်လောက်များ ဆိုးလိမ့်မလဲဟု တွေးမိရသည့်တိုင် ဦးကျော်မောင်သည် ရင်မှာတော့ တူမချောနှင့် ပတ်သက်ကျေနပ်နေရလေ၏။

"အန်ကယ်ကျော်"

"ဟင်...ဘာလဲကြည်နူး"

"ဟာ...အန်ကယ်ကျော်ကလည်း ဘာမှန်းမသိဘူး၊ ကြည်နူးပြောတာကို မကြားဘူးလားလို့"

ဦးကျော်မောင်မှာ အတွေးလွန်သွားရသည့် သူ့အဖြစ်ကို သူ မလုံမလဲဖြစ်သွားရကာ လူကြီးရှက်တော့ ရယ်ဆိုသည့်အတိုင်း ခပ်လွန့်လွန့်ရယ်လိုက်ပြီး...

"အေးကွာ...အန်ကယ်ကျော် နည်းနည်းအတွေးလွန်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကြည်နူးဘာပြောတယ်ဆိုတာတောင် အန်ကယ်ကျော် မကြားလိုက်ဘူး”

“ဘယ်ကြားပါ့မလဲ အန်ကယ်ကျော်၊ စိတ်တွေက ဘယ်ရောက်နေမှန်းမသိတာ”

“ဟား...ဟား...ဟား ငါ့သမီးကတော့ကွာ ပြောရွှေမယ်၊ ကဲ ပြောပါဦး အန်ကယ်ကျော်ကို ဘာပြောလိုက်တယ်ဆိုတာ”

“အန်ကယ်ကျော် စောစောက ပြောတဲ့စကားထဲမှာ စံသိုက်မောင်ဆိုတာပါတယ်၊ အဲဒါ အန်ကယ်ကျော် ဒရိုင်ဘာနာမည်လား”

“အင်းလေ...ဘာဖြစ်လို့လဲ၊ စံသိုက်မောင်ဆိုတာ သူ့နာမည်ပဲ”

“ဟွန်း...နာမည်ကလည်း စံသိုက်မောင်တဲ့၊ နာမည်နဲ့ သူလုပ်ရတဲ့အလုပ်ကလည်း တော်ပါလားနော်”

ကြည်နူးတစ်ယောက် စံသိုက်မောင်ပေါ်တွင် အမြင်မကြည်လင်ရသောကြောင့် သူ့နှင့်ပတ်သက်ကာ အပြစ်အနာဆာ





ဆေးဖန်နေတော့သည်။

“နေပါဦး...သမီးက စံသိုက်မောင်ကို ဘာဖြစ်လို့ ဒီလောက်တောင် ကြည့်မရဖြစ်သွားရတာလဲ၊ စံသိုက်မောင်က ရိုးရိုးတစ်ယောက်ပါ၊ ပြီးတော့ ဒီသူငယ်က တော်လည်းတော်တယ်၊ ဉာဏ်လည်းထက်တယ်၊ ပြီးတော့ အလုပ်မှာလည်း တကယ်ကြိုးစားတဲ့သူငယ်တစ်ယောက်ကွဲ့”

“ဟင်...သူ့ဘာသာသူ ဘယ်လောက်ရိုးသားသား၊ ကြိုးစားစား ကြည်နူးကတော့ သင်းကို လုံးဝ လုံးဝ ကြည့်မရဘူး၊ အန်ကယ်ကျော်၊ ဒရိုင်ဘာက ကြည်နူးကို ဘာပြောတယ်ထင်လဲ သိလား”

“ဟား...ပြောပါဦး ငါ့သမီးကို စံသိုက်မောင် ဘယ်လိုပြောလဲဆိုတာ”

“မင်းအသံပြဲကြီးနဲ့ အော်မနေနဲ့တဲ့၊ ဒါ မင်းတို့မှုလေး မှတ်ဘူးတဲ့လေ၊ အန်ကယ်ကျော် စဉ်းစားကြည့် သူ့စကားက ဘယ်လောက်ဒေါသဖြစ်ဖို့ကောင်းလဲဆိုတာ”

“ဟား...ဟား...ဟား ဒီကောင်စံသိုက်မောင်၊



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ငါ့သမီးကို သူဒီလိုပဲပြောသလား"

"ပြောတယ် အန်ကယ်ကျော်၊ ပြောတယ်၊ သူ ကြည်နူးကို ဒီစကားအတိုင်းကိုပြောတာ"

သူ့စကားတွင် အန်ကယ်ကျော်တစ်ယောက်လုံး ပါလာပြီ မို့ ကြည်နူးမှာ အားလေးတက်ကာ ထက်ထက်သန်သန်လေး ပြော လိုက်မိသည်။

"စံသိုက်အောင်က သမီးကို အဲလိုပြောရလောက်အောင် လည်း ညည်းလေးက အသံခုနစ်ချိုးနဲ့ ဘယ်လောက်များ အော်နေ မှန်းမှမသိတာ"

"အန်ကယ်ကျော်နော်"

ကြည်နူးမှာ ကောင်းပြီးကောင်းရက်နှင့် နောက်ဆုံးတော့ စံသိုက်မောင်ဆိုသည့် ဒရိုင်ဘာဘက်ပါသွားသည့် အန်ကယ်ကျော် ကို မျက်နှက်ဝန်းရူးရူးတောက်တောက်လေးနှင့် ပြန်ကြည့်ရင်း နှုတ်ခမ်းလေးစူသွားရသည်။

ဒါပဲ..ကြည်နူး လုပ်နိုင်တာ လုပ်တတ်တာဆိုလို့ ဒီလို စိတ်ဆိုးစိတ်ကောက်ဖို့သာ တတ်လေသည်။





အန်ကယ်ကျော်မှာ တူမချောကို အပြုံးနှင့်ကြည့်ပြီး...

"ကြည်နူးနော်သမီး သိပ်ပြီး ကလေးဆန်မနေနဲ့၊ ငါ့သမီး က ကလေးမဟုတ်တော့ဘူး"

"ဟာ...အန်ကယ်ကလည်း ကြည်နူးက သူများတွေနဲ့ ဆို လူကြီးလိုနေပေမယ့် မေမေနဲ့ အန်ကယ်ကျော်ရှေ့မှာဆိုရင်တော့ ကြည်နူးက ကလေးပဲ"

"အေးပါ..ညည်းလေး အဲလိုကြပ်ကြပ်ကလေးလုပ် သိလား၊ ညည်းလေး ယောကျ်ားရမှ ညည်းလေးကို ကလေးလုပ် ရပါ့မလားဆိုပြီး ညည်းလေးယောကျ်ားက ညည်းလေးကို ရိုက်လိုက်မယ်ဗျာ"

"အန်ကယ်ကျော်နော်၊ ကြည်နူးကို ဘာတွေပြောနေတာ လဲ၊ ကြည်နူးက ယောကျ်ားယူမယ့်ရုပ်တဲ့လားလို့"

"ဟော့...ဟော့ ညည်းလေးစကားကို ကုန်အောင်မပြောနဲ့ နော်၊ အစားကို ကုန်အောင်စားဗျ ပြီးမှ အန်ကယ်ကျော် ဒါသမီး အချိုးသားပါဆိုပြီး အန်ကယ်ကျော်ကို လာပြီးမိတ်ဆက်ပေးမနေနဲ့"

"တော်ပြီ...တော်ပြီ အန်ကယ်ကျော်ကို ကြည်နူး မခေါ်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ ကိုယ့်တူမကို ကိုယ် ဒီလိုပဲပြောရသလားလို့. ကြည်နူး တကယ်စိတ်ဆိုးတယ်သိလား"

သည်တစ်ခါတော့ ကြည်နူးသည် အန်ကယ်ကျော်အား တကယ်ပင် စိတ်ဆိုးသွားရသည်မို့ နှုတ်ခမ်းလေးစူလျက်က နှုတ်မှ ပွစိပွစိပြောနေတော့ ဦးကျော်ခေါင်မှာ တူမချောကို မျက်ခွံမို့မို့ကြီး အစ်သွားရသည့်အထိ ပြုံးကြည့်လိုက်ပြီး…

"အန်ကယ်ကျော်ကို စိတ်ဆိုးတယ်ဆိုတာ တကယ်လား ကွ"

"တကယ်တယ်…တကယ်"

"ကောင်းကွ…ငါ့တူမက အန်ကယ်ကျော်ကို မခေါ်တော့ ဘူးဆိုရင်တော့ အန်ကယ်ကျော်တော့ ခက်ပြီ"

အန်ကယ်ကျော်စကားကြောင့် ကြည်နူးမှာ ဘာလဲဟူသော အမေးဖြင့် အန်ကယ်ကျော်ရှိရာသို့ မျက်ဝန်းလေးဝင်းကာ ကြည့် လိုက်ပြီး…

"ဘာခက်တာလဲလို့"

"ခက်တာပေါ့ဗျာ…အန်ကယ်ကျော်က အန်ကယ်ကျော်





တပည့်တွေကို ဒီမှာအပြတ်ကြွားထားတာ"

"ဟင်…ဘာကြွားထားတာလဲ အန်ကယ်ကျော်"

"ကြွားရတာပေါ့ဗျာ…အန်ကယ်ကျော်တူမ ဘွဲ့ယူပြီး လောက်ချော၊ ဘယ်လောက်လှတယ်ဆိုတဲ့ အကြောင်းနဲ့ အဲဒီ့သိပ်လှ တဲ့ အန်ကယ်ကျော်တူမကို အန်ကယ်ကျော့်တပည့်တွေထဲက အတော်ဆုံးလူနဲ့ မိတ်ဆက်ပေးဖို့ အကြောင်းကိုပေါ့"

"ဟယ်…ကြည့်စမ်း…အန်ကယ်ကျော် မကောင်းဘူး၊ ဒီစကားတွေကို အမှန်တကယ်ပဲ အန်ကယ်ကျော်တပည့်တွေကို ပြောထားလားလို့"

ကြည်နူးမှာ အန်ကယ်ကျော်စကားကို မှတ်ထုံရဲရဲပေမယ့် ယုံလို့ကလည်းမဖြစ်ပါ။

အဘယ်ကြောင့်ဆိုသော်…

အန်ကယ်ကျော်သည် ကြည်နူးနှင့် ပတ်သက်လာလျှင် ထိုစကားမျိုးကို ဘယ်တော့မှ မီးစမနောက်တတ်သောသူကြီးဖြစ် သည်။

ထို့ကြောင့်လည်း အန်ကယ်ကျော်သည့် ဒီစကားကို



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပြောထားမှန်း ကြည်နူး ရိပ်မိလာရသည်မို့…

"ပြောလေ အန်ကယ်ကျော်၊ ဒီစကားတွေကို အန်ကယ်ကျော်တပည့်တွေကို အန်ကယ်ကျော် တကယ်ပဲ အဲလိုပြောထားလားလို့"

"ဪ…ဗျာ…ပြောထားရတာပေါ့ဗျာ၊ ကျုပ်တူမအတွက်လည်း ကျုပ်ကကြိုပြီး တူရှာထားရတာပေါ့"

စသလိုလိုနှင့် တကယ်ပင် အတည်ပေါက်ကြီး ပြောနေသော အန်ကယ်ကျော်ကို ကြည်နူးသည် တကယ်ပင် စိတ်ဆိုးလာရကာ…

"တွန်း… အန်ကယ်ကျော်တို့များ ကိုယ့်တူမကို ကိုယ်မြန်မြန်ယောက်ျား ပေးစားချင်နေတယ်၊ သူများအန်ကယ်တွေများဆို ကိုယ့်တူမတွေကို ယောက်ျားယူမှာကြောက်လွန်းလို့"

"ဟား…ဟား…ဟား ကျုပ်ကတော့ မကြောက်ပါဘူး၊ အချိန်တန် အိမ်ထောင်ပြုမယ့်သူတွေပဲ ညည်းလေးက အိမ်ထောင်မပြုမယ့်သူမှမဟုတ်တာ"

"မပြောဘူး… မပြောဘူး ကြည်နူး ဘယ်တော့မှ အိမ်ထောင်မပြုဘူးလို့ အန်ကယ်ကျော်ကို ပြောပြီးပြီပဲ၊ ကြည့်ထား ကြည်နူးက အပျိုကြီးလုပ်ပြီး ဖေဖေတို့ အန်ကယ်ကျော်တို့နဲ့အတူ တစ်သက်လုံးနေသွားမှာသိလား"

"ဟား…ဟား…ဟား အပြောကတော့ ယုံချင်စရာပါပဲဗျာ၊ ဒါပေမယ့် ညည်းလေးကို မယုံနိုင်တာကလည်း ခက်တယ်"

"ဟင်…ကြည်နူးကို မယုံရအောင် ကြည်နူးက ဘာဖြစ်နေလို့လဲ အန်ကယ်ကျော်"

"ဘာမှတော့ မဖြစ်ဘူးပေါ့ဗျာ၊ အဲဒီဘာမှမဖြစ်တာကိုပဲ ခက်နေတာ"

"ဘာဖြစ်လို့လဲ"

"အေး…ညည်းက ကျုပ်တူမမို့ ကျုပ်ပြောတာမဟုတ်ဘူး၊ သိဝ်လှနေတာ ညည်းလေးကို မကြိုက်တဲ့ယောက်ျားရှိပါ့မလား"

တူမချောနှင့် ပတ်သက်ပြီး ဦးကျော်မောင်မှာ ထိုစကားကို အမှန်ပင်ဆိုလိုက်ခြင်းဖြစ်သည်။

"သူတို့ဘာသာ သူတို့ရှိရှိ ကြည်နူးနဲ့ ဘာဆိုင်လဲ၊







www.burmeseclassic.com

www.burmeseclassic.com



ကြည်နူး ဘယ်ယောကျ်ားမှ စိတ်မဝင်စားဘူး၊ ဂရုလည်းမစိုက်ဘူး"

သည့်စကားကိုတော့ ဦးကျော်မောင် ယုံပါသည်။ ကြည်နူးသည် ယောကျ်ားလေးများနှင့် ပတ်သက်လာလျှင် ယခုချိန်ထိ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ဂရုစိုက်စိတ်ဝင်စားခြင်း မရှိသောကြောင့်ဖြစ်သည်။

"အေးပါဗျာ...ဟုတ်ပါပြီ၊ ညည်းလေးက ယောကျ်ားတွေကို စိတ်မဝင်စားမှတော့ အန်ကယ်ကျော် ညည်းလေးကို အန်ကယ်ကျော်တပည့်တွေနဲ့လည်း မိတ်မဆက်ပေးတော့ပါဘူး၊ ကဲ ဒါဆို ညည်းလေးကျေနပ်တော့ ဟုတ်လား"

ကြည်နူး ခေါင်းလေးကို ပုတ်ကာပြောလိုက်တော့မှ ကြည်နူး မျက်နှာလှလှသည် ပြန်၍ကြည်ကြည်လင်လင် ဖြစ်လာရ ကာ အန်ကယ်ကျော်လက်မောင်းကြီးကို ကလေးတစ်ယောက်လို တွဲချိတ်လာရင်းက...

"အန်ကယ်ကျော်ကို ကြည်နူးက ဒါတွေကြောင့် မိန်းမ မယူစေချင်တာ"

"ဟောဗျာ...ဘာဖြစ်လို့လဲ"





"ဘာဖြစ်ရမှာလဲ...အန်ကယ်ကျော် မိန်းမယူသွားရင် ကြည်နူးကို ဘယ်သူက ခုလိုမျိုး အန်ကယ်ကျော်လို အလိုလိုက်နိုင်တော့မှာလဲ"

"ကောင်းပါ့ကွာ...ညည်းလေးကို အလိုမလိုက်မှာ ကြောက်တာနဲ့ ငါ့ကို မိန်းမမယူစေချင်တာကတော့ မကောင်းပါဘူး"

"အန်ကယ်ကျော်နော် အန်ကယ်ကျော် ဘာလဲ အန်ကယ် ကျော်မှာ တွေ့ထားပြီပေါ့လေ ဟုတ်လား"

ကြည်နူးမှာ ဒီလိုဆိုပြန်တော့လည်း အန်ကယ်ကျော် မိန်းမ ရှာတို စိုးရွံ့သလိုမျိုး ပြောလာတော့ အန်ကယ်ကျော်သည် တဟားဟားနှင့် အော်ရယ်ကာ...

"ကြဲကြဲဖန်ဖန် ညည်းလေးပဲ မေးတတ်တယ်၊ အန်ကယ် ကျော်က ဘာကိုတွေ့ထားရမှာလဲ၊ အေး...တွေ့ချင်တွေ့ ညည်းနဲ့ ခင်သက်ရမယ့် ကျူပ်တူကိုပဲ တွေ့ထားတယ်"

"ဟာ...အန်ကယ်ကျော်နော်၊ ဘာတွေပြောနေတာလဲ"

အန်ကယ်ကျော်၏ အတည်ပေါက်ဟန် စကားကြီးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးသည် ဒီတစ်ခါတော့ တကယ်ပင် ရှက်သွားရကာ မျက်နှာလှလှလေးထက် လက်လေးနှစ်ဖက် အုပ်မိုးကာ အော်နေလေတော့သည်။

"အင်း…ငါတူမကို စံသိုက်မောင်ပြောတာလည်း ပြောချင်စရာပါပဲလား"

"လာပြန်ပြီလား စံသိုက်မောင် သူ့နာမည် ကြည်နူးမကြားချင်ဘူး"

"မကြားချင်လို့မရဘူး၊ ညည်းလေးကို ဒီရန်ကုန်မှာလိုက်ပို့ဖို့ ညည်းလေးသွားချင်တဲ့နေရာ လိုက်ပေးမယ့်သူဆိုလို့ စံသိုက်မောင်တစ်ယောက်ကိုပဲ အန်ကယ်ကျော်စိတ်ချတယ်"

"ဘယ်လိုအန်ကယ်၊ ဒါဖြင့် အန်ကယ်ကျော်က အဲဒီလူကို အလုပ်ဆက်ခန့်ဦးမယ်ဆိုတဲ့ သဘောလား"

စံသိုက်မောင် နာမည်ကြားတာနှင့်ပင် မျက်ဝန်းပြူးလေးနှင့် ထဲထဲဆတ်ဖြစ်သွားရသော ကြည်နူးကို အန်ကယ်ကျော်သည် ချော့မော့နှစ်သိမ့်သည့်အပြုံးဖြင့် ကြည့်ကာ…

"သမီးသန္တကို အန်ကယ်ကျော် လိုက်လျှော့ချင်ပေမယ့်





သမီးအတွက် စိတ်ချရတဲ့သူက အန်ကယ်ကျော်မျက်စိထဲမှာ စံသိုက်မောင်တစ်ယောက်ပဲမြင်တယ်၊ သမီးအတွက် စံသိုက်မောင်က အစစအရာရာ အဆင်ပြေမယ့်သူဆိုတာ အန်ကယ်ကျော် ပြောရဲတယ်"

အန်ကယ်ကျော်ခေါ် ဦးကျော်မောင်မှာ လူ့ခွစာ ဒရိုင်ဘာစံသိုက်မောင်နှင့် ပတ်သက်ကာ အားပါးတရ စကားပြောနေပေမယ့် ကြည်နူးသည်ကတော့ အန်ကယ်ကျော်ထံမှ စံသိုက်မောင်နာမည်ကြားတာနှင့်ပင် မျက်နှာလှလှလေးမှာ ခပ်မဲ့မဲ့လေးဖြစ်နေရသည်။

"ကဲပါလေ…ငါ့သမီး စိတ်ညစ်မနေပါနဲ့၊ စံသိုက်မောင်ကို သမီးသဘောမကျဘူးဆိုလည်း နောက်တော့ တစ်ယောက်ပြောင်းတာပေါ့၊ ကဲ ခုတော့ ရောက်တုန်း အေးအေးဆေးဆေးနေပြီးနား၊ ငါ့သမီးက ခုရောက်တယ်၊ ခုပဲ အန်ကယ်ကျော်ကို တိုင်စရာစကား ရှိနေပြီ"

"အဲလိုတိုင်အောင် အန်ကယ်ကျော်လုပ်တာ၊ ကြည်နူးကို အန်ကယ်ကျော်လာကြိုမယ်ပြောပြီး ဘာလို့ လာမကြိုရတာလဲ"

"ဟော…အဲဒီအတွက် ညည်းလေးကို ကျုပ်တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီလေဗျာ၊ ကျုပ်တကယ်ပဲ ခွဲစိတ်ခန်းဝင်နေရလို့မအားနိုင်တာနဲ့ ကျုပ်တို့ဆီစား စံသိုက်မောင်ကို ညည်းလေးကိုကြိုဖို့ လွှတ်လိုက်ရတာ"

"ဒါပေမယ့် အန်ကယ်ကျော်လွှတ်တဲ့ ဒရိုင်ဘာက ကြည်နူးကို ရောက်ရောက်ချင်း ဘုနဲ့ဘောက် လုပ်တာကိုလည်း ပြောဦးလေ အန်ကယ်ကျော်ရဲ့"

"အေးပါဗျာ···ဟုတ်ပါပြီ၊ ဒီကိစ္စမှာ ငါ့သမီး မမှားပါဘူး၊ ဟိုကောင် စံသိုက်မောင်မှားတာဆိုတာ အန်ကယ်သိတယ်"

ဦးကျော်မောင်မှာ တူမချောစကားကို အလိုက်သင့်လေး ပြောလိုက်တော့ ကြည်နူးမှာ မျက်ဝန်းလေးတောက်ပလာရကာ···

"ဟုတ်တယ် အန်ကယ်ကျော်၊ သူမှားတာ ဒါကြောင့် သူ့ကို အန်ကယ်ကျော် အလုပ်ဖြုတ်လိုက်တော့"

"အေးပါ သမီးရယ်၊ အန်ကယ်ကျော် ကြည့်စီစဉ်ပါ့မယ်၊ ဒါပေမယ့် ခုတော့ လူကလည်း ရှာမရသေးတော့ ငါ့သမီး ခဏတော့ သည်းခံလိုက်ပါဦး"

"ကြည်နူးက ဘယ်လောက်တောင် သည်းခံရမှာလဲ"





"အင်း···နောက်လူမရသရွေ့တော့ ခဏသည်းခံလိုက်ပါ၊ စံသိုက်မောင်ကို အန်ကယ်ကျော်လည်း ပြောထားမယ်၊ ဟုတ်သား"

"တကယ်နော် အန်ကယ်"

"အေးပါ၊ တကယ်ပါ"

"အင်း···ဒါဆို သူ့ကို အန်ကယ်ကျော် ကောင်းကောင်း ဆုံးမလိုက်နော်၊ ကြည်နူး သွားတော့မယ်"

"ဪ···အန်ကယ်ကျော်ကို ဒီကိစ္စမတိုင်ရခြင်း ညည်းလေးက မနားသေးဘဲ အန်ကယ်ကျော်အလာကို စောင့်ပြီး တိုင်တာပေါ့လေ ဟုတ်လား"

"ဟင်···အန်ကယ်ကလည်း"

ကြည်နူးမှာ သူမ၏ကလေးဆန်မှုကို အန်ကယ်ကျော်မှာ သိသလိုမေးလာတော့လည်း သူမကိုယ်သူမ မလုံမလဲဟန်နှင့် ရှက်သွားရှာပြန်လေ၏။

တကယ်တော့လည်း အန်ကယ်ကျော် ပြောသည်က မမှားပါ။



www.burmeseclassic.com

စံသိုက်မောင်ဆိုသည့် လူ့ခွစာကြီးကို လုံးဝကြည့်မရအောင် သူ့အပေါ် မခံချင်စိတ်များနှင့် ဒေါသဖြစ်ရလွန်းသည်မို့ ကြည်နူးသည် ခရီးကရောက်ရောက်ခြင်း ဖြစ်သော်လည်း သူမကိုယ်သူမ အနားမယူနိုင်ဘဲ အန်ကယ်ကျော်အလာကို စောင့်ကာ လူ့ခွစာကြီး အကြောင်းကို အန်ကယ်ကျော်အား စိတ်ဆိုးမာန်ဆိုးနှင့် တိုင်နေရခြင်းဖြစ်သည်။

ဒါကိုပင် အန်ကယ်ကျော်ကလည်း သူမစိတ်ကို သိသလို မေးလိုက်တော့ ကြည်နူးမှာ သူမအဖြစ်ကို သူမ ရှက်ယောင်ဝဲဝဲ လေး ဖြစ်ရသည့်ကြားကပင် ဝန်ခံလိုက်ရသည်။

"အန်ကယ်ကျော် ဒရိုင်ဘာက ဆိုးတာ သူ့အကြောင်း အန်ကယ်ကျော်ကို မတိုင်လို့ ကြည်နူးက ဘယ်သူ့ကိုတိုင်ရမှာလဲ လို့"

နှုတ်ခမ်းလေးစူကာ ခပ်ချွဲချွဲလေး ပြောလိုက်သည့် တူမ ချောကို ဦးကျော်မောင်သည် အရှုံးပေးလိုက်သလို ခပ်ပြုံးပြုံးကြီး ကြည့်လာပြီး...

"အေးပါဗျာ...ဟုတ်ပါ့ ငါ့သမီးအပေါ်မှာ ဒီလောက်ဆိုး





တဲ့ အန်ကယ်ကျော့်ဒရိုင်ဘာကို အန်ကယ်ကျော် ကောင်းကောင်းကြီး ဆုံးမပေးလိုက်မယ် ဟုတ်ပြီလား"

"ဟေး...ဒါမှ ကြည်နူးအန်ကယ်ကွ၊ ဒါကြောင့် အန်ကယ်ကျော်ကို ကြည်နူး ချစ်ရတာ၊ အဟင်း...ဟင်း...ဟင်း"

စံသိုက်မောင်ကို ဆုံးမလိုက်မည်ဆိုတာနှင့် ကလေး တစ်ယောက်လို ပျော်ရွှင်သွားရသော ကြည်နူးကိုကြည့်ကာ ဦးကျော် မောင်သည်လည်း သူမလေးနှင့်အတူ သူပါရော၍ ပျော်ရွှင်ကြည်နူး သွားရလေတော့သည်။

x-x-x

www.burmeseclassic.com

## အခန်း (၃)

အိပ်ရာအပြောင်းအလဲမို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ဘဲ နိုးလိုက်အိပ်လိုက်နှင့် မိုးလင်းခဲ့ရသော ကြည်နူးတစ်ယောက် အိပ်ရာမှ စောစောထလိုက်လေသည်။

ရေမိုးချိုး ကိုယ်လက်သန့်စင်ပြီးသည်နှင့် ကြည်နူးသည် သူ့မျက်နှာလှလှလေးကို၊ ဘာမှမလိမ်းဘဲ ဒီအတိုင်း ခပ်ပြောင် ပြောင်လေးပဲထားကာ ဆံပင်ကို ဘီးကျဲလေးနှင့် တစ်ချက်နှစ်ချက် ဖြီးသင်လိုက်ပြီး ရှေ့သို့ထွက်လာခဲ့လိုက်သည်။

အိမ်ရှေ့တွင် ဘယ်သူမှမရှိသေး။

နောက်ဖက် မီးဖိုထဲတွင် အသံများကြားရသောကြောင့်





ကြည်နူးသည် အသံကြားရာ မီးဖိုထဲသို့ ရောက်ရှိလာခဲ့သည်။

"ဟော...ကလေးမ အစောကြီးနိုးနေပါလား"

ကြည်နူးကို မြင်သည်နှင့် ဒေါ်ကြီးစောသည် အပြုံးနှင့် နှုတ်ဆက်လိုက်လေသည်။

"ဟုတ်ကဲ့ဒေါ်ဒေါ်၊ ဒေါ်ဒေါ်ရော အစောကြီးပါပဲလား"

"ဒေါ်ဒေါ်အတွက်ကတော့ ဒီအချိန်က ပုံမှန်ပါပဲကွယ်၊ ကလေးမကြည့်ရတာ အိပ်ရာအပြောင်းအလဲမို့ အိပ်မပျော်ဘူးနဲ့တူတယ်"

"အင်း...ဟုတ်မယ် ဒေါ်ဒေါ်၊ ကြည်နူးလည်း နိုးလိုက်အိပ်လိုက်နဲ့ပဲ၊ ဒေါ်ဒေါ်ရော အမြဲတမ်း ဒီအချိန်ထနေကျပဲလားဟင်"

"အဲလိုပဲပြောရတော့မှာပေါ့ကွယ်၊ ဒေါ်ဒေါ့်အတွက်ကတော့ ကျင့်သားရနေပါပြီ၊ ဆရာကြီးက မနက်စာကို စောစောစားတတ်တဲ့အကျင့် ရှိတယ်လေ၊ ဒါကြောင့်မို့ ဒေါ်ဒေါ် စောစောပဲထချက်ပြုတ်ပေးတယ်၊ ဒါမှ ဆရာကြီးနိုးတဲ့အချိန် အသင့်စားလို့ရမှာပေါ့ ကလေးရယ်"

"အင်းနော်...ဒေါ်ဒေါ် အန်ကယ်ကျော်က စောစောစား

www.burmeseclassic.com



တတ်တဲ့ အကျွမ်းရှိတယ်၊ မန္တလေးမှာ အန်ကယ်ကျော် ကြည်နူးတို့နဲ့ အတူတူနေတုန်းကလည်း အဲလိုပဲ၊ အန်ကယ်ကျော်က စောစောစားတတ်တဲ့အကျင့် သူ့မှာရှိတာ ကြည်နူးသိတယ်''

ကြည်နူးမှာ အပြုံးလေးနှင့် ပြောလိုက်လေသည်။

''ဒေါ်ဒေါ် ကြည်နူး ဘာလုပ်ပေးရဦးမလဲ''

''ရတယ်ကလေး…ရတယ်၊ အလုပ်က အားလုံးပြီးသလောက်ရှိနေပါပြီ၊ ကလေးရော ဗိုက်ဆာနေပြီလား၊ ဒေါ်ဒေါ် ကော်ဖီဖျော်ပေးရမလားကလေး''

''ကြည်နူး မဆာသေးပါဘူး ဒေါ်ဒေါ်၊ အိပ်မပျော်တော့လို့ ကြည်နူး ထလာတာပါ''

''အေးပေါ့ကွယ် အိပ်ရာအပြောင်းအလဲဆိုတော့ ဒီလိုပဲပေါ့''

ဒေါ်ကြီးစောမှာ လုပ်ရင်းကိုင်ရင်းကပင် ကြည်နူးကို စကားပြောနေလေ၏။

''ဒါနဲ့ ဒေါ်ဒေါ် ဒီကိုရောက်တာ ကြာပြီလားဟင်''

''အင်း…ကြာပြီလို့ပဲ ပြောရတော့မှာပေါ့၊ ဆရာကြီး





ဒီကိုပြောင်းလာကတည်းက ဒေါ်ဒေါ်လည်း သိပ်မကြာဘူး ရောက်လာတာပဲလေ''

''ဒါဖြင့် ဒေါ်ဒေါ် ဒီကအလုပ်သမားတွေအကြောင်း ကောင်းကောင်းသိမှာပေါ့''

''သိပါတယ်၊ ဘာဖြစ်လို့လဲ ကလေး''

ဒေါ်ကြီးစောမှာ ကြည်နူးစကားကြောင့် ဘာများလဲဟူသော အကြည့်ဖြင့် သိချင်စွာမေးလိုက်သည်။

''ဘာရယ်လို့တော့ မဟုတ်ပါဘူးဒေါ်ဒေါ်ရယ်၊ ကြည်နူးသိချင်လို့ပါ၊ ဒါနဲ့ ဒီအိမ်ကြီးတစ်ဆောင်လုံး ဒေါ်ဒေါ်တစ်ယောက်တည်းနဲ့ အဆင်ပြေရဲ့လား''

ကြည်နူးမှာ ရှိသည့်လူဦးရေထက် ပို၍ကြီးမားကျယ်ဝန်းနေသော အိမ်ကြီးကိုကြည့်ကာ ဒေါ်ကြီးစောတစ်ယောက်တည်းနှင့် ဖြစ်ပါ့မလားဆိုသော အကြည့်လေးနှင့် ကြည့်ကာ မေးလိုက်လေသည်။

''ဒီလိုပဲပေါ့ ကလေးရယ်၊ ဒေါ်ဒေါ်လည်း အဆင်ပြေအောင် လုပ်ရတာပေါ့၊ ဆရာကြီးကတော့ ပြောပါတယ် ဒေါ်ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



အလွှတ် အဆောင်ဖြေအောင် အကူကောင်မလေးတစ်ယောက် ထပ်ခေါ်ပါ့"

"အင်းလေ…ဟုတ်တာပေါ့ ဒေါ်ဒေါ်ကလည်း ချက်ရေးပြုတ်ရေးလည်း တာဝန်ယူရသေးတယ်၊ ဒီအိမ်ကြီးတစ်ဆောင်လုံးရဲ့ သန့်ရှင်းရေးကိုလည်း ဂရုစိုက်လုပ်ရသေးတယ်ဆိုတော့ ပင်ပန်းမှာပေါ့၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ခု ကြည်နူး ရောက်လာပြီဆိုတော့ ဒေါ်ဒေါ်ကို ကြည်နူး ဝိုင်းပြီးကူလုပ်ပေးလို့ရတာပေါ့"

"ကလေးက အိမ်မှုကိစ္စအလုပ် စိတ်ဝင်စားတယ်နော်"

ဖူးဥနုရွနေသော မျက်နှာလေးနှင့် သိပ်ကိုလှလွန်းသော ကြည်နူးမျက်နှာလေးကို ကြည့်ကာ ဒေါ်ကြီးစောမှာ အံ့သြသလို ဆိုလိုက်တော့ ကြည်နူး၏ မျက်နှာလှလှလေးထက် အပြုံးလေး တစ်ချက် လက်ဖြာသွားရကာ…

"မန္တလေးမှာဆို တစ်အိမ်လုံး ကြည်နူးခြေ၊ ကြည်နူးလက်ရာတွေချည်းပဲ ဒေါ်ဒေါ်ရဲ့၊ ကြည်နူးနဲ့ ဖေဖေ သားအဖနှစ်ယောက်တည်းဆိုပေမယ့် မီးဖိုချောင်ကိစ္စ အိမ်မှုကိစ္စအားလုံးကို ကြည်နူးပဲ လုပ်တာ ဒေါ်ဒေါ်ရဲ့၊ အိမ်မှာကောင်မလေးရှိပေမယ့်





သူ့ကိုတော့ ကြည်နူးက လိုအပ်တာလောက်ပဲ ခိုင်းပြီး ကျန်တာကို ကြည်နူးပဲလုပ်တာ၊ ဒါကြောင့် အိမ်မှုကိစ္စတို့၊ မီးဖိုချောင်ကိစ္စတို့က ကြည်နူးအတွက် မစိမ်းတော့ပါဘူး ဒေါ်ဒေါ်"

"ကွယ်…တော်လိုက်တာ၊ ကလေးကိုလည်း ဒေါ်ဒေါ်က အိမ်မှုကိစ္စ၊ မီးဖိုချောင်ကိစ္စတွေ ဒီလောက်ထိ လုပ်တတ်လိမ့်မယ်လို့ မထင်ဘူး"

ချောမွတ်မှန်ညက်နေသော ရုပ်လေးနှင့် မလိုက်အောင်ပင် မိန်းကလေးဝိသကာ အိမ်မှုကိစ္စနိုင်လွန်းသည့် ကြည်နူးကို ဒေါ်ကြီးစောမှာ အံ့သြမကုန်စွာ ကြည့်ရင်း ပြောလိုက်လေသည်။

တကယ်လည်း ကြည်နူးသည် ဖေဖေနှင့်အတူ သားအဖနှစ်ယောက်တည်း နေသည့်ဘဝတွင် ဖေဖေ့ကိစ္စမှန်သမျှကိုသာမက သားအဖနှစ်ယောက် စားဖို့သောက်ဖို့နှင့် အိမ်မှုကိစ္စအားလုံးကိုသာ [illegible] ခြံတွင် မာလီရှိပါသော်လည်း ခြံ၏သန့်ရှင်းရေးကိုပင် သူမ [illegible]ည် အလုပ်မရွေးဘဲ လုပ်ကိုင်ခဲ့သူဖြစ်သည်။

ဌာနတစ်ခုမှ ညွှန်ကြားရေးမှူးတစ်ယောက် ဖြစ်သော [illegible]တွင် မေမေထားခဲ့သည့် ပစ္စည်းဥစ္စာတွေက များစွာကျန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်မို့ ကြည်နူးတို့သားအဖအတွက်တော့ ငွေကြေးဥစ္စာဆိုတာ ဘာမှပူစရာမရှိပါ။

မန္တလေးမြို့ရှိ လူကုံတံများသာနေသော တိတ်ဆိတ်အေး ချမ်းသည့်ရပ်ကွက်တွင် ကိုယ်ပိုင်ခြံဝန်းကျယ်ကြီးနှင့် ထိုခြံဝင်းကျယ် ကြီးထဲတွင် နှစ်ထပ်တိုက်ကျယ်ကြီးတစ်လုံးဆောက်ကာ နေရသော ဘဝတွင် ကြည်နူးတို့သားအဖအတွက် အပူအပင်မရှိ အေးချမ်းခဲ့ သည်က အမှန်ဖြစ်သည်။

မေမေဆုံးစဉ်က အရွယ်ရှိသေးသော ဖေဖေသည် သူ့ အတွက် နောက်အိမ်ထောင်ပြုလို့ရသေးပေမယ့် ကြည်နူးကိုငဲ့က အိမ်ထောင်မပြုခဲ့ပေ။ ထိုသို့ ကြည်နူးအပေါ် ငဲ့ညှာမေတ္တာတရား ကြီးမားခဲ့သော ဖေဖေ့မေတ္တာတွေကို ကြည်နူး ပို၍သိလာရသော သူမသည်လည်း ဖေဖေ့မေတ္တာတွေကို ပြန်၍တုံ့ပြန်သည့် သဘော နှင့် သူမတစ်သက် အိမ်ထောင်မပြုတော့ပါဟုလည်း စိတ်မှာ ခိုင် ဖြတ်ခဲ့ရလေသည်။

ထို့ကြောင့်လည်း ကြည်နူးသည် သူမ အရွယ်ရောက်လာ ပါပြီဆိုကတည်းက ဘယ်ယောက်ျားတစ်ဦးတစ်ယောက်ကိုမှ စိတ်





ဝင်စားခြင်းမရှိသလို သူမအချစ်ကို လိုချင်သည့် ယောက်ျားများကို လည်း ကြည်နူးသည် ဥပေက္ခာပြုလျက် အားလုံးကို မသိဟန်ပြု လျက် သူမနှလုံးသားတံခါးကို အသေပိတ်ခဲ့လေသည်။

သားအဖနှစ်ယောက်တည်းရှိသော ဘဝတွင် ဖေဖေ့အရိပ် သည် ကြည်နူးဖြစ်ခဲ့ရသလို ကြည်နူးအရိပ်သည်လည်း ဖေဖေဖြစ်ခဲ့ ရသည်။

သည်လို သားအဖနှစ်ယောက် တစ်ယောက်နှင့် တစ်ယောက် ဖေးမလက်တွဲကြသည့် ဘဝတွင် ဖေဖေအနားတွင် ကြည်နူးမရှိလျှင် မဖြစ်သလို ကြည်နူးဘဝတွင်လည်း ဖေဖေမရှိလျှင် မဖြစ်သည့်ကြားက ဖေဖေသည် ဘယ်လိုတနေဘယ်လို စိတ်ကူး မျိုးကို တွေးမိရသည်မသိပါ။

ကြည်နူးကို ရန်ကုန်ရှိ အန်ကယ်ကျော်ထံသို့ သင်တန်း တစ်ခုတက်ရန် သွားရမည်ဆိုသောအခါ ကြည်နူးသည် ဖေဖေ့ကို ထားကာ ရန်ကုန်ကို တစ်ယောက်တည်း သွားရမည်ကို မလိုလား နိုင်သည့်ကြားကပင် ဖေဖေ့စကားကို မငြင်းဆန်ဘဲ ရန်ကုန်ရှိ အန်ကယ်ကျော်ထံသို့ ကြည်နူးသည် ထွက်လာခဲ့ရသည်။

www.burmeseclassic.com



ရန်ကုန်ကို ထွက်မလာခင်အချိန်က ကြည်နူးသည် တစ်ယောက်တည်းကျန်ခဲ့သည့် ဖေဖေ့အတွက် စိတ်မချပါဆိုသည့် စကားကို ဖေဖေသည် လက်မခံဘဲ ကြည်နူးကိုသာ ရန်ကုန်ရှိ အန်ကယ်ကျော်ထံသို့ သွားရမည်ဟု တစ်ချက်လွှတ် အမိန့်စကား ဆိုလာသောအခါ ကြည်နူးသည်လည်း ဖေဖေ့စကားကို မငြင်းဆန် ရဲဘဲ ရှိခဲ့ရသည် မဟုတ်ပါလား။

ကြည်နူးကို ဖေဖေသည် ဘာကြောင့် ဒီလောက်ရန်ကုန် ကိုသွားစေချင်ရသည် မသိပါ။

ဖေဖေ့စကားထဲမှာတော့ ကြည်နူးကို ရန်ကုန်တွင် သင်တန်းတစ်ခုတက်ရန် ဆိုပေမယ့် ဖေဖေတက်ခိုင်းခဲ့သည့် သင်တန်းက မန္တလေးတွင် ရှိပါသည်လို့ ကြည်နူးသည် ဖေဖေကို အတွန့်မတက်ရဲခဲ့ပါ။

ဖေ့ဖေဆိုတာ ကြည်နူးအတွက် ချစ်ကြောက်ရိုသေလေး စားရသည့်သူမို့ ကြည်နူးသည် ဖေဖေစကားကို မငြင်းဆန်ရဲတော့ ဘဲ ရန်ကုန်ကို ရောက်ခဲ့ရသည့်အဖြစ်။

ဖေဖေရော…ဖေဖေလည်း ခုချိန် ဘာလုပ်နေမည်လဲ





ကြည်နူးကို ခွဲရသည့်အတွက် ဖေဖေသည် သူမအား သတိရလွမ်းနေ မည်လား အောက်မေ့နေမည်လား။

ကြည်နူးမရှိသည့် အချိန်တွင် ဖေဖေစားရေးသောက်ရေးက အစ အဆင်ပြေပါ့မလား ဘယ်သူကရော ဖေဖေ့ကိုလာပြီး ပြုစုချက် ပြုတ်ပေးမှာလဲ အိမ်မှာခိုင်းသည့် ကောင်မလေးကို ကြည်နူးရှိစဉ်က ပင် ပြန်လွှတ်လိုက်ပြီမို့ အိမ်မှာ လူမရှိ။

ဒါတွေတွေးမိလို့ ကြည်နူးသည် ဖေဖေကို ထောက်ပြပြန် တော့လည်း ဖေဖေသည် သူ့အတွက် စိတ်မပူရန်နှင့် သူ့အတွက် အတွက် အရေးမကြီးကြောင်းပြောတော့ ကြည်နူး ထိုစကားထိုနေ ရာမှာပင် ပြီးခဲ့ရလေသည်။

"ဟင်း"

"ဖေဖေရယ်"

ဖေဖေ့အား သတိရ တမ်းတလွမ်းဆွတ်စိတ်နှင့် ကြည်နူး သည် မျက်နှာလေး ညှိုးကျသွားရင်းက သက်ပြင်းလေးတစ်ချက်ချ ကာ ဖခင်ဖြစ်သူအား ခပ်ညည်းညည်းလေး ညည်းညူလိုက်မိ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေး…ဒေါ်ဒေါ်ပြောတာကြားလား"

"ဟင်…ရှင်"

"ဘာလဲဒေါ်ဒေါ်…ကြည်နူးကို ဒေါ်ဒေါ် ဘာပြောလိုက်တာလဲဟင်"

ဖခင်ကြီးထံ သတိရစိတ်ရောက်သွားရသည့် ကြည်နူးမှာ ဒေါ်ကြီးစောပြောစကားကို ရုတ်တရက်ဆိုတော့ဖြင့် သူမ မကြားလိုက်တာမို့ ပြန်၍မေးလိုက်ရလေသည်။

ဒါကိုပင် ဒေါ်ကြီးစောမှာ ကြည်နူးအဖြစ်ကိုကြည့်ကာ သဘောကျသွားရသလို ပါးစုံမို့ကြီးနှစ်ဖက် မြင့်တက်သွားအောင် ပြုံးလိုက်ပြီး…

"အဟင်း…ဟင်း…ဟင်း ကလေးပုံစံက အပြစ်ကင်းစင်ပြီး အရမ်းချစ်ဖို့ကောင်းတာပဲ၊ ဒေါ်ဒေါ်တော့ ကလေးကို ကြည့်ရတာ ကိုယ့်တူမသားချင်းကို တွေ့ရသလိုပဲ စိတ်ထဲမှာ ရင်းရင်းနှီးနှီးနဲ့ ချစ်လည်းချစ်မိတယ်၊ မြင်မြင်ချင်းလည်း သံယောဇဉ်ဖြစ်မိတယ်၊ ဒါဘာဝရေစက်ရှိခဲ့လို့ တူပါရဲ့ကွယ်"

"အဟင်း…ဟင်း…ကြည်နူးလည်း ဒေါ်ဒေါ်လိုပါပဲ၊





ဒေါ်ဒေါ်ကို မြင်မြင်ချင်း ကြည်နူးစိတ်မှာ ကိုယ့်အဒေါ်သားချင်းတစ်ယောက်ကို တွေ့လိုက်ရသလိုမျိုး စိတ်မှာ ခံစားမိတယ်၊ ကြည်နူးမှာက ခင်စရာဆွေမျိုးဆိုလို့ အနီးကယ်ကျော်ပဲရှိတာ ဒေါ်ဒေါ်ရယ် ဒါကြောင့် ကြည်နူးကို ဒေါ်ဒေါ်စိတ်ထဲမှာ ကိုယ့်တူမသားချင်းလို့ သဘောထားပေးပါနော်"

ကြည်စင်ရွှန်းလက်နေရသော မျက်ဝန်းပြာလွဲလွဲနှင့် ကျိတ်နမရှိ စကားကို ရိုးရှင်းစွာ ပြောနေသော ကြည်နူး၏ ဖြူစင်မှုကြောင့် ဒေါ်ကြီးစောမှာ သူ့ရှေ့မှာရှိနေသော ကြည်နူးလေးကို ကြိမ်မှာ အလိုလို ချစ်စိတ်များ ဖြစ်လာရကာ…

"ကလေးရယ်…ပြောတတ်လိုက်တာကွယ်၊ ကလေးရဲ့ ကျိတ်အနမရှိတဲ့ အပြောလေးကြောင့်ကို ဒေါ်ဒေါ်တော့ ကလေးကို ချစ်တဲ့မနေနိုင်တော့ပါဘူး၊ ကဲ ကလေး ဘာစားမလဲ၊ နေတောင် သာပြီ ဒေါ်ဒေါ် ကလေးစားဖို့ ပြင်ဆင်ပေးမယ်၊ ကလေးစားချင်တာပြော"

လုပ်ရင်းကိုင်ရင်းနှင့် နှစ်ဦးသား စကားပြောနေသည်မှာပင် ထိန်ထိန်လင်းလာရပြီဖြစ်သည်။

၁၅၉၈



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဒေါ်ဒေါ်…ကြည်နူးအတွက် အထူးရယ်လို့ မလုပ်ပါနဲ့၊ အန်ကယ်ကျော်က မနက်ဆို ဘာစားတတ်လဲဒေါ်ဒေါ်"

"ဆရာကြီးကတော့ မနက်ဆို ထမင်းပူပူလေးကို ပဲနဲ့ကြော်ပြီး နို့ပူပူလေး သောက်တတ်တယ်၊ ဘာဖြစ်လို့လဲကလေး"

"ဟင့်အင်း…ဘာမှမဖြစ်ပါဘူး ဒေါ်ဒေါ်၊ ကြည်နူးလည်း အန်ကယ်ကျော်စားသလိုပဲ စားမယ် ရိုတယ်မဟုတ်လား ဒေါ်ဒေါ်"

"ရပါ့တော်ရပါ့…ဆရာကြီး ထမင်းကြော်ဆို တစ်ပန်းကန်မကဘူးစားတတ်လို့ ဒေါ်ဒေါ်အမြဲတမ်း ထမင်းပိုကြော်တယ်၊ ကလေးစားတော့မလား"

"ဟုတ်ကဲ့ဒေါ်ဒေါ်…ကြည်နူး ညကလည်း သိပ်မစားဖြစ်ဘူး၊ အန်ကယ်ကျော်ကလည်း အိပ်ရာက ဘယ်အချိန် ထမှန်း မသိတော့ ကြည်နူး စားနှင့်လိုက်တော့မယ်လေ"

"ဟုတ်တော့ဟုတ်ပါတယ်ကွယ်၊ ဆရာကြီးကလည်း တစ်ခါတလေ အိပ်ရာထ အချိန်မမှန်တတ်ဘူး၊ ညကလည်း ကလေး ဘာမှဟုတ်တိပတ်တိ စားမထားတော့ စားနှင့်လိုက်ပါ၊ ဒေါ်ဒေါ်ပြင်ပေးမယ် ဟုတ်လား"





ကြည်နူးမှာ ဒေါ်ကြီးစောပြင်ပေးသည့် နံနက်စာကို ခေါင်းမဖော်တမ်း စားလိုက်မိ၏။ တကယ်တော့ ကြည်နူးသည် ဒေါ်ကြီးစောပြောကတည်းက ဗိုက်ထဲက တကြုတ်ကြုတ်နှင့် ဆာနေရပြီဖြစ်သည်။

အကြောင်းကား…

ဒေါ်ကြီးစောပြောကတည်းက ထမင်းပူပူနှင့် ပဲပြုတ်နှင့်ကြော်သည် ကြည်နူးအကြိုက်ဖြစ်တာမို့ ကြည်နူးသည် ဒေါ်ကြီးစော ပြင်ပေးသည့် ထမင်းပွဲကို တစ်ပန်းကန်မောက်မောက်ပင် စားလိုက်မိသည်။

စားပြီးသည်နှင့် ကြည်နူးသည် ဒေါ်ကြီးစောကို နှုတ်ဆက်ကာ ခြံထဲသို့ လမ်းလျှောက်ထွက်ခဲ့လေ၏။

အန်ကယ်ကျော်ခြံသည် ကျယ်ဝန်းကာ သီးပင်စားပင်များနှင့်သာမက ပန်းပေါင်းစုံများဖြင့်လည်း ဝေဆာနေရ၏။

ကြည်နူးသည် ရန်ကုန်ကို ခပ်ငယ်ငယ်အရွယ် တစ်ခေါက်ရောက်ဘူးသည်ကလွဲပြီး၊ ယခုအချိန်ရောက်ဘူးခြင်း သည် ဒုတိယအခေါက်ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမှာ ကြည်နူးရှိစဉ်တုန်းကတော့ ရန်ကုန်ဆိုတာကို လူများများနှင့် မွန်းမွန်းကျပ်ကျပ် ရှိလိမ့်မည်လို့ စိတ်မှာထင်ထားခဲ့ပေမယ့် တကယ်တမ်း ကြည်နူးထင်သလို မဟုတ်ဆိုတာကို အိန္ဒကယ်ကျော်ခြံကိုကြည့်တာနှင့် ကြည်နူးသိလိုက်ရလေသည်။

အိန္ဒကယ်ကျော်ခြံသည် ကြည်နူးတို့ မန္တလေးတခြံလောက် မကျယ်ဝန်းပေမယ့်၊ အိန္ဒကယ်ကျော်ခြံလေးကလည်း သူ့ပုံစံနှင့်သူ ချစ်စရာ နေချင်စဖွယ် ကောင်းနေရသည်မို့ ဘာပဲပြောပြော ကြည်နူးစိတ်ထဲမှာတော့ မွန်းကျပ်မနေဘဲ လွတ်လပ်ပေါ့ပါးနေရလေသည်။

တစ်ခြံလုံးကို ကြည်နူး လိုက်ကြည့်ပြီးသည့် အခါမှာတော့ ကြည်နူးသည် ခြံထဲရှိ ခုံတန်းပြာလေးတွင် ထိုင်လိုက်လေ၏။

ထိုင်ရင်းက ကြည်နူးသည် ခြံထဲရှိ ပန်းပေါင်းစုံကို အပြုံးလှလှလေးနှင့် ကြည့်ရင်း ပန်းရနံ့လေးများကို ရှူရှိုက်နေတော့သည်။

ပန်းပေါင်းစုံ ရနံ့လေးများကို သယ်ဆောင်လာသော လေပြေလေညှင်းလေးများက ကြည်နူးရင်ကို တိုးဝေှ့ဝင်ရောက်လာရသည်။





သာယာကြည်နူးလိုက်ပါသည့် ပန်းပေါင်းရနံ့လေပြည်သည် ကြည်နူး နှလုံးသားများကို ချမ်းမြေ့စေရသည်ပဲ။

ကြည်နူးမှာ လေပြည်နှင့်အတူ ပါလာရသည့် ပန်းရနံ့များကို မျက်ဝန်းလေးမှိတ်ကာ ရှူရှိုက်နေဆဲ ခြံထဲမောင်းဝင်လာသည့် ကားသံကြောင့် သူမ၏ မှေးမှိတ်ထားသော မျက်ဝန်းလေးအစုံမှာ ရုတ်ခနဲ ပွင့်လာရလေ၏။

“ဟင်…ဒရိုင်ဘာ…လူ့ခွစာ ဒရိုင်ဘာပါလား ဟွန်းပုံစံကိုက တစ်စက်မှ အချိုးမပြောင်ဘူး၊ ဒရိုင်ဘာမို့လို့သာ တော်တော့တယ်၊ မျက်နှာကတော့ တစ်လောကလုံးကို သူလုပ်ကျွေးထားရတဲ့ပုံစံ မျက်နှာထားနဲ့ တကယ်မုန်းဖို့ကောင်းတယ်”

ဆင်ဝင်တွင် ထိုးရပ်သွားသည့် ကားပေါ်မှနေ မတည်မပြုံး မျက်နှာထားကြီးနှင့် ကားပေါ်က ဆင်းလာသည့် ဒရိုင်ဘာလူ့ခွစာကိုကြည့်ပြီး ကြည်နူးသည် ရင်မှာ မကျေမချမ်း ဒေါသလေးနှင့်စိတ်မှာ မကျေမနပ်လေး ဆိုနေလိုက်တော့သည်။

ဒါကို စံသိုက်မောင် ဘာမှမသိပါ။

ဆရာကြီးမှာထားသည့်အတိုင်း ဆရာကြီးအိမ်ကို စံသိုက်



www.burmeseclassic.com

www.burmeseclassic.com



မောင်သည် စောစောရောက်လာခြင်း ဖြစ်သည်။

စံသိုက်မောင် ကားပေါ်ကဆင်းပြီး အိမ်ထဲသို့ဝင်ရန် ကားခေါင်းဘက်မှ ကွေ့အလာ…

"ဟ"

"ဟယ်…ကြည့်စမ်း…အဟင်း…ဟင်း…ဟင်း"

ကြည်နူးကြည့်နေဆဲမှာပင် လူ့ခွစာကြီးမှာ ဘယ်လိုကနေ ဘယ်လို ဖြစ်သွားရသည်မသိပါ၊ ကျောက်ပြားအကွက်ကြီးများ ခင်းထားသည့် နေရာတွင် ရေများစိုနေရသည်မို့ လူက ဟန်ချက်မညီတော့ဘဲ ခြေချော်ကာ ယိုင်သွားရသည့်အဖြစ်ကိုကြည့်ပြီး ကြည်နူးမှာ ဟန်ပင်မဆောင်နိုင်တော့ဘဲ အသံလေးများ ထွက်လာအောင်ပင် ရယ်မိလိုက်ပါလေတော့သည်။

စံသိုက်မောင်မှာ ရုတ်တရက်မို့ ဟန်ချက်ပျက်ကာ ယိုင်သွားရသည့် သူ့ကိုယ်ကို ပြန်လည်ထိန်းရင်း တည်ကြည်စူးရှသည့် သူ့အကြည့်စူးစူးများက အသံလာရာဆီသို့ စူးခနဲ ရောက်ရှိသွားရလေသည်။

ထိုအခါ…





ခုံတန်းပြာလေးပေါ်တွင် ထိုင်လျက် သူ့အားကြည့်ကာ ရယ်နေပါသော ကြည်နူးဆိုသည့် မစ္စတေးကို တွေ့လိုက်ရာ သူ့မျက်နှာချောချောကြီးမှာ ရဲခနဲဖြစ်သွားရပြီး ချက်ချင်းပင် အလိုမကျသလို မျက်ခုံးထူထူကြီး နှစ်ဖက်မှာလည်း တွန့်ကြုတ်သွားရသည်။

"အမယ်…လူ့ခွစာက ကြည့်နေလိုက်တာ၊ ကြည့်ရတာ သူ့အဖြစ်ကို ငါမြင်လိုက်လို့ ရှက်ပြီး ငါ့ကို ရန်လုပ်တော့မယ် ထူပါရဲ့၊ ဟွန်း…ဘာဖြစ်လဲ ငါ့မျက်စိရှေ့မှာ ရယ်စရာအဖြစ်ကိုတွေ့လို့ ရယ်တာပဲ၊ သူမခံချင်အောင် ပိုတောင်ရယ်လိုက်ဦးမယ်၊ အဟင်း…ဟင်း…ဟင်း"

ကြည်နူးမှာ သူ့အား မျက်ဝန်းတည်တည်စူးစူးကြီးနှင့် စော်ကားသလို လူကို ဘုကြည့်ကြည့်နေသည့် စံသိုက်မောင် ကို မျက်ဝန်းလှလှလေးနှင့် ပြန်ကြည့်ရင်းက သူ့အပေါ် စိတ်မှာ စော်ကားစကားဆိုရင်း ခပ်တည်တည်လေး ရယ်ပစ်လိုက်၏။

စံသိုက်မောင်မှာ ကြည်နူး၏ ရယ်သံကြောင့် လူကပို၍ ပင် အခံရခက်သွားရကာ မျက်နှာထားတည်တည်ကြီးနှင့် ရှူးရှူး



www.burmeseclassic.com

www.burmeseclassic.com



[illegible] ခြေလှမ်းကျဲကြီး တလွှားလွှားနှင့် ကြည်နူးရှိရာသို့ လျှောက်လာပြီး...

"မင်းဘာရယ်တာလဲ"

စံသိုက်မောင်မှာ မျက်နှာကြီးရဲလျက် ကြည်နူး မျက်နှာလေးကို တည်တည်စူးစူးကြီး စိုက်ကြည့်လျက် ခပ်တင်းတင်းနှင့် မေးလိုက်သည်။

"ခင်ဗျား ဘာလာကြောင်နေတာလဲ၊ ကျွန်တော်စိတ်နဲ့ ကျွန်တော်ရယ်တာ ဘာဖြစ်လဲ"

"အေ...မင်းစိတ်နဲ့မင်းကိုယ် ဆိုပေမယ့်၊ ပတ်ဝန်းကျင်ကိုလည်း နည်းနည်းပါးပါး ထည့်တွေးပေးရသေးတယ်ကွ"

စံသိုက်မောင်မှာ မျက်နှာရဲရဲကြီးနှင့် ကြည်နူးအား ခပ်တည်တည်ကြီး ဝိတ်ယောက်နေတော့သည်။

"ခင်ဗျား ဘာတွေပြောနေတာလဲ၊ ကျွန်တော်က ဘာကို တွေးပေးရမှာလဲ"

ကြည်နူးကလည်း နည်းနည်းမှမခံ စံသိုက်မောင်ကို မျက်ဝန်းစူးစူးတောက်တောက်လေးနှင့် ပြန်ကြည့်ရင်း မေးလိုက်





တော့...

"မင်း ဘယ်လိုမိန်းကလေးလဲ"

"ဘာဗျ...ခင်ဗျား ဘာစကားပြောတာလဲ၊ ခင်ဗျားနော် လူကို ဟိန်းလားဟောက်လားနဲ့ ဘာမှ ပြောနေစရာမလိုဘူး၊ ကျွန်တော်က ခင်ဗျားအိမ်မှာလာနေတဲ့ လူမဟုတ်ဘူး သိလား"

ကြည်နူးသည်လည်းမခံ သူမကိုလာပြီး လေသံမာမာနှင့် ဟိန်းလားဟောက်လား လုပ်နေသော လူ့ခွစာကြီးကို ကြည့်မရသလို ဒေါသသံ ခပ်မာမာလေးနှင့် ပြန်ပြောလိုက်လေသည်။

ထိုအခါ...

စံသိုက်မောင်မှာ မျက်ခုံးကြီးနှစ်ဖက်ပို၍ ကုပ်ကွေးသွားရပြီး...

"မင်းဘာတွေပြောနေတာလဲ၊ ကျုပ် မင်းကိုပြောနေတာ အဲဒါနဲ့ ဘာမှမဆိုင်ဘူးကွ နားလည်လား"

"ခင်ဗျား...ခင်ဗျားကြီး စကားပြော သိပ်ရိုင်းတာပဲ"

"ဘာကွ"

"ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတည်တည်ရွှးရွှးကြီးကြည့်လျက် အော်လိုက်သည့် သူ့အသံကြောင့် ကြည်နူးပင် လန့်လို့သွားရသည်။

"ရိုင်းတယ်ပြောတော့လည်း နာသေးတယ်၊ ဟွန်း လူပုံကိုက"

"ဘာဖြစ်လဲ ဘာဖြစ်လဲ လူပုံက အံ့ဩတယ်ဗျာ၊ ရုပ်လေးလှသလောက် စွာလွန်းတဲ့ မိန်းကလေးမျိုး မင်းတစ်ယောက်ပဲ ကျူပ်တွေ့ဖူးသေးတယ်"

"ခင်ဗျားကြီးနော်...ခင်ဗျား စကားတွေ သိပ်လွန်နေပြီ၊ ဟွန်း ပုံစံကိုတ ဒရိုင်ဘာမို့လို့ပဲ တော်တော့တယ်"

"ဟော...ဘာပြောတယ်ကွ"

"ပြောစကားကို မကြားရအောင် ခင်ဗျားမှာ နားရောဂါတော့ မရှိပါဘူးနော်"

"ဟာကွာ...မင်း...မင်း"

ခါးပေါ်လက်လေးထောက်ကာ မျက်ဝန်းရွှးရွှးလေးနှင့် သူ့အား တစ်ခွန်းမခံ ရန်စွာနေသော မိန်းကလေးကို စံသိုက်မောင် မချင့်မရဲကြီးနယ် စိုက်ကြည့်ရင်းက ခပ်ကျိတ်ကျိတ် ဆိုလိုက်လေ





သည်။

စံသိုက်မောင်ဆိုတာ ဘယ်မိန်းကလေး တစ်ဦးတစ်ယောက်ပေါ်ကိုမှ ယခုလို သည်းခံဖူးသူမဟုတ်။

အလကားနေ ပြဿနာ ရှာချင်သည့် မိန်းကလေးများကို စံသိုက်မောင်သည် ဝေးဝေးက ရှောင်တတ်သူဖြစ်သည်။

ထို့ကြောင့်လည်း သူ့ဘဝတွင် ဒီအသက်အရွယ်ရောက်သည့်အထိ ဘယ်မိန်းကလေး တစ်ဦးတစ်ယောက်နှင့်မှ ရင်းနှီးပတ်သက်ခဲ့ဘူးခြင်း မရှိခဲ့ပါ။

သည့်အတွက်လည်း စံသိုက်မောင်သည် သူ့ကိုယ်သူ ချောင်တရသူတော့ဖြင့် မဟုတ်ပါပေ။

အဘယ်ကြောင့်ဆိုသော်...

စံသိုက်မောင်ဆိုသည့် သူသည် မိန်းကလေးများနှင့် မပတ်သက်ချင်၍ ခပ်ရှင်းရှင်းနေခဲ့သူလည်း ဖြစ်ပါသည်။

ထိုသို့ မိန်းကလေးများနှင့် ခပ်ကင်းကင်း ခပ်ရှင်းရှင်းနေချင်ပါသည်ဆိုကာမှ ယခု သူ့ရှေ့က မိစ္ဆာတေးနှင့် ကြုံဖန်လာနေရသည့် အဖြစ်ကလည်း သူ့အတွက် စိတ်ပျက်ချင်စရာ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်…

သူစိတ်ပျက်နေလို့လည်း မဖြစ်သေး။ သည်မိန်းကလေးသည် ဆရာကြီး တူမဆိုပေမယ့်လည်း သူမကိုတော့ သူသည် ဘာကြောင့်ရယ်မသိ ယောကျ်ားမာနနှင့် နည်းနည်းမှ အလျှော့မပေးချင်ရသည်မို့…

"စောစောက မင်းဘာပြောလိုက်တယ်၊ ကျုပ်ကို ဒရိုင်ဘာဟုတ်လား"

"ဒရိုင်ဘာက ဒရိုင်ဘာပေါ့၊ ဘာလဲ ခင်ဗျားက ခင်ဗျားကိုယ်ခင်ဗျား သူဌေးသားပါလို့ ပြောချင်သေးလို့လား"

"အဟွန်း…ဟွန်း…ဟွန်း မပြောချင်ပါဘူးဗျာ၊ ကျုပ်ဒရိုင်ဘာဆိုတာ မင်းသိနေပြီပဲ၊ အေး ဒါပေမယ့် အဲဒီ ဒရိုင်ဘာက မင်းကို အပိုင်စီးနိုင်တယ်ဆိုတာတော့ မင်းမမေ့လိုက်နဲ့ဦး"

"ဟင်"

"ခင်ဗျား…ခင်ဗျား"

"ကဲဟယ်"

"အဟွန်း…ဒီလိုလုပ်လို့ မရဘူးအမိ"





"အို"

စံသိုက်မောင်၏ စကားကြမ်းကြမ်းကြီးကြောင့် မျက်နှာလေး နီရဲတောက်ပသွားရသည့် ကြည်နူးမှာ တစ်သက်နှင့်တစ်ကိုယ် စကားနှင့်ပင် အစော်ကား မခံခဲ့ရသည့် သူမကို စံသိုက်မောင်လို လူစွာ ဒရိုင်ဘာက စော်ကားရပါ့မလားဆိုသည့် ရှက်ဒေါသအတွေးစိတ်နှင့် သည်းမခံနိုင်တော့သလို သူမလက်လေး တစ်ဖက်က စံသိုက်မောင် ပါးပြင်ထက်ဆီသို့ အရှိန်ဖြင့် ရောက်ရှိသွားရန်ပြင်လိုက်သောအခါ လျှင်မြန်လွန်းလှသည့် စံသိုက်မောင်၏ လက်များက ရုတ်ခြည်း ဖျတ်ခနဲဆိုသလို သူမလက်လေးကို တင်းတင်းကြီး ဆုပ်ကိုင်လာသည့်အခါမှာတော့ ကြည်နူးသည် ရှက်ဒေါသများပို၍ ဖြစ်သွားရကာ မျက်နှာလေးနီနီဖြင့်…

"လွှတ်…လွှတ်စမ်း၊ ခင်ဗျားကြီး ဒါဘာလုပ်တာလဲ ကျွန်တော့်လက်ကို ခုလွှတ်ပါ"

နီမြန်းနေရသော ရှက်ဒေါသ မျက်နှာလှလှလေးနှင့် ကြည်နူးမှာ စံသိုက်မောင်လက်ထဲမှနေ သူမလက်လေးကို ကဲကဲဆတ်အသွင် ရုန်းယူလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ။

စံသိုက်မောင် လူချောကြီးသည် ဒေါသတွေနှင့် အလှကြီး လှနေသော ကြည်နူးမျက်နှာလေးကို ခပ်တွေတွေလေး စိုက်ကြည့်ပြီး…

"အဟွန်း…ဟွန်း…ဘာလဲ၊ ကျူပ်ပါးကို မရိုက်ရလို့ မင်း ဒေါသဖြစ်နေတာပေါ့လေ ဟုတ်လား"

"ဟုတ်တယ်…ဟုတ်တယ်၊ ခင်ဗျားကြီးကို ရိုက်ရုံတင် မကဘူး အသေသတ်ပစ်ချင်တယ်သိလား၊ လွှတ် ကျွန်တော်လက်ကို ခင်ဗျား ခုလွှတ်စမ်း"

"ကိုယ့်အလှည့်ကျတော့လည်း ကိုယ်သိတတ်လှချည်လားဗျ"

"ဘာပြောတယ်"

"အမှန်ဆို လူတစ်ယောက် ဒုက္ခရောက်တာကို မင်းဒီလို ရယ်ဖို့ မကောင်းဘူးဆိုတာ စဉ်းစားမိရဲ့လား"

"အိုး…စဉ်းစားစရာ မလိုပါဘူး၊ ကိုယ့်ရှေ့မှာ ရယ်စရာ တွေ့လို့ ရယ်တာပဲ ဘာဖြစ်လဲ"





"မင်းရယ်တာက ကျူပ်ကိုရယ်တာပဲ"

"ရယ်မှာပေါ့…ခင်ဗျားပုံစံက ကျွန်တော့်မျက်စိထဲမှာ ရယ်စရာကောင်းနေတာကို အဲလိုအရယ်မခံချင်ရင် နောက်တစ်ခါ ခင်ဗျားကိုယ်ခင်ဗျား ဆင်ခြင်နေပေါ့"

"မင်းကွာ"

"ဘာမင်းကွစလဲ…ဖယ်လွှတ် ခင်ဗျားလို ဒရိုင်ဘာလက်နဲ့ ကျွန်တော့်အသားကို ထိစရာမလိုဘူး၊ လွှတ် လွှတ် ခုလွှတ်"

သူ့အသားနှင့် ထိရမှာကိုပင် ရွံရှာစက်ဆုပ်နေသလိုမျိုး တဲကဲဆတ်ပုံစံလေးနှင့် မျက်နှာလေးနီရဲကာ သူ့လက်တွင်းက သူမ လက်လေးကို အတင်းရုန်းယူနေပါသော မိန်းမချောကြောင့် စံသိုက်မောင်သည် ရင်မှာပို၍ အခံရခက်သွားရှာကာ…

"ဒရိုင်ဘာလည်းလူပဲဗျ၊ ခင်ဗျား ဒီလောက်ကြီး လူလူချင်း အဆင့်အတန်း ခွဲစရာမလိုဘူးလို့ ထင်တာယ်"

"လိုတယ်…လိုတယ်…ခင်ဗျားလို လူ့ခွစာအတွက် ပိုတောင်လိုသေးတယ်၊ အလကားလူ၊ ဒရိုင်ဘာမို့လို့ပဲ ဒီလောက်ကြီးကျယ်နေတာ ပြောကိုမပြောချင်တော့ဘူး ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးမှာ စံသိုက်မောင်အပေါ်တွင် ဒေါသတွေဖြစ်ရလွန်းသောကြောင့် နှုတ်ခမ်းဖူးဖူးလေးကို ဖိကိုက်ကာ မကျေမနပ်ဆိုရင်း စံသိုက်မောင် ဆုပ်ကိုင်ထားသည့် သူ့မလက်လေးကို ဆတ်ခနဲ ရုန်းယူလိုက်လေသည်။

"ကျုပ်ကလည်း မင်းလိုပါပဲ ပြောချင်တဲ့လူ မဟုတ်ပါဘူး"

"ကြည့်စမ်း"

"ခင်ဗျား...သွား"

"ကျုပ်လည်းသွားမလို့ပါဘဲ"

ပြောသည့်အတိုင်းပဲ ကြည်နူးရှေ့ကနေ ခြေလှမ်းကျဲကျဲကြီးများဖြင့် လှည့်ထွက်သွားသည့် လူ့ခွစာကြီး စံသိုက်မောင်ကို ကြည့်ပြီး ကြည်နူးမှာ ဒေါသတွေဖြစ်လွန်းသဖြင့် အသားတွေ တဆတ်ဆတ်တုန်ကာ ကျန်ခဲ့ရလေသည်။

သည်လူ လူ့ခွစာကြီးကိုတော့ ကြည်နူးသည် ဘယ်လိုရေစက်ရယ်မသိ တွေ့စမှာပင် သူ့အား လုံးဝကြည့်၍မရအောင် ဖြစ်ရသည့်အထိ သူ့အား မုန်းမိနေတော့သည်။

X-X-X



## အခန်း (၄)

ဘာလိုလိုနှင့် ကြည်နူးတစ်ယောက် ရန်ကုန်ကိုရောက်သည်မှာ ရက်လေးများပင် တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာခဲ့ရပြီဖြစ်သည်။

မှန်သည်...

ထိုရက်များအတွင်း ကြည်နူးသည်လည်း အန်ကယ်ကျော်၏ စီစဉ်ပေးမှုဖြင့် ဖေဖေတက်စေချင်သည့် သင်တန်းတိုလည်း တက်ခဲ့ရပြီဖြစ်သည်။

ထိုအတူ...

ကြည်နူးသည်လည်း သူမနှင့် စိမ်းလွန်းနေရသော ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



မြေနှင့်လည်း ရင်းနှီးသလို ရှိလာရသည်။

သင်တန်းတက်နေသည့် ကြည်နူးကို အလုပ်များသည့် အန်ကယ်ကျော်သည် သူကိုယ်တိုင် အသွားအပြန် ကြိုပို့လုပ်မပေး နိုင်သည်မို့ ကြည်နူးအတွက် အသွားအပြန် ကြိုပို့လုပ်နေရသူမှာ သူမနှင့် မျက်နှာကြောမတည့်ပါသည့် ဒရိုင်ဘာ လူ့ခွစာဖြစ်နေရ တော့သည်။

သည့်အတွက် ကြည်နူးသည် အန်ကယ်ကျော်ကို မကျေ နပ်ပါ။ တစ်ကယ်ဆို ကြည်နူး သူ့ကို ကြည့်မရဘူးဆိုတာလည်း အန်ကယ်ကျော်ကို ပြောပြထားပါရက်နှင့် အန်ကယ်ကျော်သည် လူ့ခွစာ ဒရိုင်ဘာကို အလုပ်ကမဖြုတ်ဘဲ ရှိနေရုံတင်သာမက သူမအတွက် အကြိုအပို့လုပ်ရန်ကိုပါ ဒရိုင်ဘာ လူ့ခွစာကို ခိုင်းသော အခါ ကြည်နူးတစ်ယောက် ဒေါသတွေနှင့် ဆွေ့ဆွေ့ခုန်နေရတော့ သည် မဟုတ်ပါလား။

ကြည့်လေ…

အန်ကယ်ကျော်တို့များ ကိုယ့်တူမ အပျိုရွယ် မိန်းကလေး တစ်ယောက်ကို ဘယ်လောက်များ လက်လွှတ်စပယ် နိုင်ထားလိုက်





သည်လဲဆိုတာ။

ကိုယ့်တူမ အပျိုရွယ် မိန်းကလေးပါရယ်လို့ နမြော်တွန့် တို ပူပန်ပုံမရဘဲ ဘယ်သွားသွား ကိုယ့်တူမ မိန်းမပျိုလေးကို ဒရိုင်ဘာနှင့်သာ သွားသလို ခိုင်းနေသည်မို့ ကြည်နူးသည် အန်ကယ် ကျော်ကို စိတ်တိုရတာနှင့်ပင် သေတော့မည်ဖြစ်သည်။

သည်အကြောင်းကို ကြည်နူးသည် စိတ်ဆိုးရလွန်းသော ကြောင့် အန်ကယ်ကျော်ကို ပြောပြပြန်တော့လည်း အန်ကယ်ကျော် သည် စံသိုက်မောင်က လူတော်လူကောင်း တစ်ယောက်ပါဆိုသော စကားနှင့်ပင် အဆုံးသတ်စကားဆိုတတ်သည်မို့ ကြည်နူးသည် အန်ကယ်ကျော်ကို ဒီအတိုင်း လက်မြှောက်အရှုံးပေးခဲ့ရသည့် အဖြစ် များကလည်း မနည်းတော့ပါ။

အန်ကယ်ကျော်သည် စံသိုက်မောင်ကို ဘယ်လိုပင် လူတော်လူကောင်းလေးပါလို့ ပြောပြော ကြည်နူးကတော့ စံသိုက် မောင်ဆိုသည့် ဒရိုင်ဘာလူ့ခွစာကို နည်းနည်းလေးမှ ကြည့်၍မရ ခဲ့ပါ။

ရစရာအကြောင်းလည်း သူမတွင်မရှိ။

www.burmeseclassic.com



အကြောင်းမှာ…

စံသိုက်မောင်ဆိုသည့် ဒရိုင်ဘာသည် သူမနှင့် ဆုံလိုက်တိုင်းမှာ သူမအား ပြဿနာတစ်ခုမဟုတ် တစ်ခုရှာတတ်သောကြောင့် ဖြစ်သည်။

ယခုလည်းကြည့်…

စံသိုက်မောင်သည် သူမ သင်တန်းသွားမည်ဆိုတာကို သိသိကြီးနှင့် ယခုချိန်ထိ ရောက်မလာသေးသည်ကတော့ ဒီလူ သိပ်ကိုလွန်နေရပြီဖြစ်သည်။

တကယ်ဆို သူမသွားရမည့် သင်တန်းချိန်က သိပ်ကို နီးကပ်နေရသည်ကိုလည်း သူသည် သိရက်နှင့် ယခုချိန်ထိ ရောက်မလာသေးခြင်းက သူမကို တမင်အနှောင့်အယှက်ဖြစ်အောင် လုပ်နေတာပင်ဖြစ်သည်။

ကြည်နူးတစ်ယောက် လက်ကနာရီလေးကိုကြည့်ရင်း မျက်နှာလှလှလေးမှာ အရှုံးကို ပျက်လာရပြီဖြစ်သည်။

ကြည့်စမ်းပါဦးတော့…

သူမ၏သင်တန်းချိန်သည် သိပ်ကိုနီးကပ်နေရသည်ပဲလေ





ဒါတောင် အခုချိန်ထိ ဒရိုင်ဘာရောက်မလာသေးခြင်းကတော့ ကြည်နူးအတွက် သည်းခံနိုင်မှုများ ကုန်ဆုံးသွားရသလိုပင်။

လူ့ခွစာအပေါ် မကျေနပ်မှုနှင့်အတူ သူ့အား စိတ်ဆိုးဒေါသ ဖြစ်ရလွန်းသောကြောင့် ကြည်နူး၏ ဖြူသောမျက်နှာလှလှလေးမှာ လည်း ဒေါသနှင့် မခံချင်စိတ်ကြောင့် ပန်းသွေးရောင် ပြေးလာရပြီဖြစ်၏။

“တောက်”

သည်လူတော့ ဒါဘာအချိုးချိုးနေရသည်မသိပါ။ ဒါ ကြည်နူးကို သူ တမင်သက်သက် အခက်တွေ့နေအောင် လုပ်နေတာ မ်း မဟုတ်ပါလား။

ဒီအချိန်က ကြည်နူး သင်တန်းသွားတက်သည်တို့ သူသိ ပါလျက်နှင့် ယခုချိန်ထိ သူရောက်မလာခြင်းကတော့ ကြည်နူး သော်လို့မှ ခွင့်မလွှတ်ချင်စရာပင်။

တွေ့မည်။ ကြည်နူးကို သူ ဒီလို့အချိုးမျိုး ချိုးနေသည်က တစ်ခါလည်းမက နှစ်ခါလည်းမကသည့် အခါမှာတော့ ကြည်နူး အနေဖြင့် သူ့အပေါ် သည်းခံနိုင်သည့် အတိုင်းအတာ အစွမ်းကုန်



www.burmeseclassic.com

www.burmeseclassic.com



ကုန်ဆုံးခဲ့ရပြီဖြစ်သည်။

ဒေါသတွေနှင့် ကြည်နူး လက်ကနာရီကို ထပ်ကြည့်လိုက်ပြန်၏။ အချိန်က ကြည်နူး သင်တန်းတက်ရမည့် အချိန်ကိုပင် ကျော်သွားရပြီဖြစ်သည်။

ကြည်နူးမှာ မျက်ဝန်းလှလှလေး စူးစူးတောက်ရဲလာရပြီး ဒေါသတွေနှင့် နှုတ်ခမ်းလေးကို ပြတ်ထွက်လုမတတ် ဖိကိုက်ထားလိုက်သည်မှာ နှုတ်ခမ်းသားလေးများပင် သွေးများစို့ချင်လာရသည်။

ကြည်နူးမှာ စိတ်တွေတို၊ ဒေါသတွေဖြစ်နှင့် စိတ်တွေလှုပ်ရှားရလွန်းသောကြောင့် ဧည့်ခန်းထဲတွင် လက်လေးနှစ်ဖက်ကို နောက်ပစ်ကာ မျက်နှာတည်တည်တင်းတင်းလေးဖြင့် လမ်းကို ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိတော့သည်။

ထိုစဉ်မှာပင်...

စံသိုက်မောင်သည် ကားကို မောင်းလျက် ခြံကြီးထဲသို့ ရောက်လာခဲ့ရပြီဖြစ်သည်။

ကားရပ်သည်ဆိုရင်ပဲ စံသိုက်မောင်သည် ခြေလှမ်းများ ကသောကမျောနှင့် ကြည်နူးရှိရာ ဧည့်ခန်းထဲသို့ ရောက်ရှိလာခဲ့ပြီး—





"ဆောရီး...ကျုပ် အချိန်နည်းနည်း နောက်ကျသွားတယ်"

တောင်းပန်စကားဆိုရင်း သူမရှေ့ရောက်လာသူ လူ့ခွစာ ဒရိုင်ဘာကို ကြည်နူးသည် ဘာစကားမှမဆိုဘဲ မျက်ဝန်းစူးစူး တောက်တောက်လေးနှင့် စူးခနဲ ကြည့်မိသွားရသည်။

"ဟွန်း...လူပုံကိုက ရှုံ့တွေမိုးတွေနဲ့ သူ့ကိုယ်သူ ဘာမှတ်နေတယ်မသိပါဘူး၊ သိပ်မုန်းစရာကောင်းတာပဲ"

မျက်ခုံးနက်နက်တန်းတန်းလေးအစုံကို တွန့်ချိုးလျက် ကြည်နူးသည် ထိုစကားများကို စိတ်မှာဆိုရင်း သူမရှေ့က လူ့ခွစာကို ဘာ့ရယ်မဟုတ် မျက်ဝန်းများက နောက်တစ်ကြိမ် ရောက်ရှိသွားရပြန်၏။

မရမ်းနှင့်အနက်ရောင် စပ်ထားသည့် ချည်ချောပုဆိုးကွက်ကို ဝတ်ဆင်ထားလျက် လည်ကတုံးအင်္ကျီလက်ရှည် အဖြူရောင်ကျစ်ကျစ်နှင့် သူ့ပုံစံက အရမ်းကို ကြည့်ကောင်းသန့်ရှင်းလျက် သပ်ရပ်နေသည်မှာ သူ့ကို ဒရိုင်ဘာတစ်ယောက်လို့ထင်မှာထက် မသိပါဘူး ထူဇာတတ်သရေဝန်ထမ်းတစ်ယောက်လို့ ထင်မှာက ပို၍သေချာပေ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ပွန့်"

ကြည်နူးမှာ သူ့ကိုကြည့်ပြီး မဲ့ပြုံးတစ်ချက်ကို ကြိတ်၍ပြုံးမိသွားရသည်။

"လူကလုပ်တော့ ဒရိုင်ဘာ၊ ရှီးမိုးတွေနဲ့ ပြင်လာပုံကတော့ ဆရာဝန်တစ်ယောက်နဲ့ နင်လားငါလားပုံစံမျိုး၊ တော်တော်လည်း တတ်နိုင်တဲ့ဒရိုင်ဘာ၊ ဒီလိုလူမျိုးတွေပဲ ကြောက်စရာကောင်းတာ"

စံသိုက်မောင်နှင့် ပတ်သက်ကာ အမြင်မကြည်ရသော ကြည်နူးမှာ ထိုစကားတွေကို စိတ်မှာ မကျေမနပ်ဆိုရင်း လူ့ခွစာအပေါ် သူမအေါ်သများ ပေါက်ကွဲချင်လာရ၏။

ဒါကို ဘာမှမသိသည့် စံသိုက်မောင်ကတော့ ကြည်နူးအပေါ် သူ၏အချိန်နောက်ကျမှုအတွက် တောင်းပန်စကားများ ထမ်း၍ဆိုရင်း…

"ကဲ…အမိ သင်္ကန်းကို သွားမယ်မဟုတ်လား၊ လှုပ်လေ"



"ဘာ…ဘယ်လို"

"မင်းနားအကောင်းကြီးပါ၊ ဘယ်လိုဖြစ်သွားရတာလဲ"

"ခင်ဗျား…ခင်ဗျား စကားရှေ့ဆက်မပြောရင် တောင်းမယ်"

"ဘာဖြစ်လို့လဲ"

စံသိုက်မောင်သည် ကြည်နူးစကားကို နားမလည်သလို ေးလိုက်သည်။

"ဘာဖြစ်လို့လဲ ဟုတ်လား၊ အချိန်ကိုလည်း ပြန်ကြည့် း‌ပါဦး၊ ခင်ဗျားလာတာ ဘယ်အချိန်လဲဆိုတာ"

"သြော်…အပွန်း…ပွန်း မင်းက ဒါကြောင့် ကျုပ်ကို တ်ဆိုးနေတာလား၊ မင်းသင်တန်းချိန်ကို ကျော်လည်း အချိန်နည်း ည်းပေါ့ကွာ၊ ကျုပ် မင်းကို ရောက်အောင်ပို့ပေးနိုင်ပါတယ်၊ ကဲ သွားမယ်"

ပြောပြီး ရှေ့ကနေ လှည့်ထွက်သွားရန် ပြင်နေသည့် သိုက်မောင်၏ နောက်ကျောမြင့်မြင့်မားမားကြီးကို ကြည်နူးသည် ခမ်းလေးဖိကိုက်လျက်က စူးခနဲ စိုက်ကြည့်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"မသွားဘူး…မသွားဘူး သင်တန်းကိုနောက်ကျပြီး ကျွန်တော်က ဘာသွားလုပ်ရမှာလဲ၊ ဒီမှာ ခင်ဗျား ဒါက ဘာအချိုး ချိုးနေတာလဲ"

"မင်းဘာကိုပြောတာလဲ"

"ခင်ဗျားကြီး ခုမှ ဘာမသိချင်ယောင်ဆောင်နေရတာလဲ၊ ခင်ဗျား ဒီအချိုးတွေ ချိုးနေတာ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်း မဟုတ်နဲ့ သိပ်လွန်နေပြီဆိုတာရော ခင်ဗျားကိုယ်ခင်ဗျား သိရဲ့လား"

"ဟေး…မင်းစကားတွေက သိပ်ပြင်းထန်နေပါလား၊ ကျုပ်က မင်းအပေါ် ဘာတွေများလွန်နေလို့လဲ"

စံသိုက်မောင်သည် ထိုစကားကို ခပ်ဆတ်ဆတ်ပြောလိုက်သည်။

"ဘာကိုလွန်ရမှာလဲ…ခင်ဗျားကြောင့် ကျွန်တော် သင်တန်းကို ဘယ်နှစ်ခါပျက်ခဲ့ရပြီးပြီလဲ၊ ဒါတောင် ခင်ဗျားက မလွန်ဘူးပြောသေးတာ ကောင်းလား"

ကြည်နူးမှာ စံသိုက်မောင်ကြောင့် သူမသင်တန်းကို တစ်ခါလည်းမဟုတ် နှစ်ခါမက ပျက်ခဲ့ရသည်ကို ရည်ရွယ်ပြီး





ပြောလိုက်တော့ စံသိုက်မောင်သည် သူ့အမှားကို သူ ချက်ချင်းပင် သဘောပေါက်သွားရသည်မို့…

"အဲဒီအတွက် မင်းကို ကျုပ်တောင်းပန်ပြီးပြီပဲ၊ ကျုပ် တမင်နောက်ကျတာ မဟုတ်ပါဘူးဆိုတာ၊ ဆေးရုံမှာ ကျုပ် အလုပ်တွေမပြီးသေးလို့"

"ဘယ်လို…ခင်ဗျား ဘာပြောလိုက်တယ်၊ ဆေးရုံမှာ ခင်ဗျားအလုပ်တွေ မပြီးသေးလို့ဟုတ်လား၊ ဒါဆို ခင်ဗျားက ဆေးရုံမှာ"

ကြည်နူးသည် ပြောရင်းက စကားကို ရပ်ပစ်လိုက်ပြီး စံသိုက်မောင် မျက်နှာချောချောကြီးကို အကဲခတ်သလို ကြည့်လိုက်တော့ စံသိုက်မောင်သည် မျက်နှာပျက်သွားရပြီး…

"ကျုပ်က ဆေးရုံက အလုပ်သမားပါ"

ပြောပြီး သူ့အကြည့်များကို တခြားသို့ လွှဲသွားရသည့် စံသိုက်မောင်ကို ကြည်နူးသည် မျက်ဝန်းစူးစူးတောက်တောက်လေးနှင့် ကြည့်ရင်းက ဘာစကားမှမဆိုတော့ဘဲ သူ့အနားက လှည့်ထွက်ခဲ့ပြီး လုပ်တော့…



www.burmeseclassic.com

www.burmeseclassic.com



"နေ…နေပါဦး"

"အို"

ရုတ်ခြည်းမပြောမဆိုနှင့် သူမရှေ့က ဝိတ်ရပ်လာသော စံသိုက်မောင်ကြောင့် ကြည်နူးသည် မျက်နှာလေးပျက် အနေခက်သွားရဟန်နှင့် သူ့အား စူးခနဲကြည့်ကာ…

"ခင်ဗျား…ခင်ဗျား ဒါဘာလုပ်တာလဲ"

"ဆောရီး…ကျုပ်ကို တလွဲမထင်နဲ့၊ ကျုပ်က မင်းထွက်သွားမှာစိုးလို့"

"အို…ကျွန်တော့်ဘာသာ သွားသွား မသွားသွား ခင်ဗျားနဲ့ဘာဆိုင်လဲ"

ကြည်နူးစကားကြောင့် စံသိုက်မောင်၏ မျက်နှာချောချောကြီးမှာ တင်းခနဲ ဖြစ်သွားရပြီး…

"ကျုပ်ကလည်း အမိကို ဆိုင်တယ်လို့ မပြောပါဘူး ဒါပေမယ့် ကျုပ် အမိကို ပြောစရာရှိလို့"

"ဘာလဲ…ရှုပ်ရှုပ်ယှက်ယှက်နဲ့ ခင်ဗျားနဲ့ကျွန်တော် ဘာမှ ပြောစရာမရှိဘူး၊ ခင်ဗျား ကျွန်တော့်ရှေ့ကဖယ်"





"မဖယ်နိုင်ဘူး"

"ဘာပြောတယ်"

စံသိုက်မောင် အပြောပြတ်ပြတ်ကြီးကြောင့် သူ့အပေါ် ဆိုးဒေါသတွေနှင့် စိတ်တွေတိုနေရသော ကြည်နူးတစ်ယောက် ပို၍ ဒေါသများဖြစ်သွားရသည်မှာ ဆိုဖွယ်မရှိပါတော့။

ထို့ကြောင့် ကြည်နူးသည် နှုတ်ခမ်းသားလေးများကို သွားဖွယ်ချွန်ချွန်လေးများဖြင့် ဖိကိုက်လိုက်ရင်း…

"ခင်ဗျားနော်…ပြောနေတာမရဘူးလား၊ ဖယ်ဆိုတာ ကျွန်တော် ဒီထက်ဒေါသမထွက်ချင်ဘူး"

"မင်းတစ်ယောက်တည်း ဒေါသတွေဖြစ်နေတာ ကျုပ်လည်း မတတ်နိုင်ဘူး၊ ကျုပ်ကတော့ ကျုပ်ပြောစရာရှိတဲ့စကားကို ပြောဦးမှာပဲ"

စံသိုက်မောင်မှာ သူ့စကားကို ကြည်နူး နားမထောင်ချင်သော်ငြားပေမယ့် သူမလေးအပေါ် မချင့်မရဲနှင့် အသည်းယားယား ချစ်ရွှန်းသောကြောင့် တမင်ပင် ဖွတ်တိုးပြောလိုက်လေသည်။

"ခင်ဗျား ဘယ်လိုလူလဲ၊ ကိုယ့်စကားကို တစ်ဖက်သူ



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ချင်ပါဘူးလို့ ပြောနေတာတောင် ခင်ဗျား တော်တော် မျက်နှာပြောင်တိုက် ပြောရဲပါလား၊ ခင်ဗျားတို့လိုလူတွေက ဒီလို ပဲလား"

"ဟေး…ဟေ့ မင်းစကားကဘာလဲ၊ ခင်ဗျားတို့လိုလူ တွေက ဒီလိုပဲလားဆိုတာ မင်းဘာကိုပြောတာလဲ"

သည်လိုဆိုပြန်တော့လည်း လူချောကြီး စံသိုက်မောင်မှာ ကြည်နူးစကားအတွက် မခံချင်ဖြစ်သွားရလေသည်။

"ရှင်းရှင်းလေးပါ ခင်ဗျားတို့လို ကိုယ့်ဘဝကိုယ်မသိတဲ့ လူတွေက အခွင့်အရေးနည်းနည်းလေး ရလိုက်ပြီဆိုတာနဲ့ အဲဒီအခွင့် အရေးကို အသုံးချချင်တော့တာ ခင်ဗျားတို့လို လူတန်းစားတွေရဲ့ အကျင့်စရိုက်ပဲမဟုတ်လား"

ကြည်နူးမှာ သူ့အပေါ် နာကျင်မှု၊ မကျေနပ်မှုတွေနှင့် ပေါင်းကာ တခင်ပင် သူ့တို့နာကျင်စေရမည့် စကားဖြင့် အပြတ် ပြောလိုက်ခြင်းဖြစ်သည်။

သူမ နာကျင်စေချင်သလို စံသိုက်မောင်မှာလည်း သူ၏ ယောက်ျားမာနကို ထိပါးလာသည့် သူမစကားကြောင့် မျက်နှာကြီး





နီရဲလာသည်အထိ ဒေါသတွေနှင့် မခံချင်ဖြစ်သွားကာ…

"မင်း…မင်းစကားတွေက ကျုပ်ရဲ့ယောကျ်ားမာနကို သိပ်စော်ကားလွန်းနေပြီဆိုတာရော မင်းသိရဲ့လား ကြည်နူး"

စံသိုက်မောင်သည် ပြောရင်းက သူ့ဒေါသများကို သူ ထိန်းချုပ်ရခက်လာရသည့်နှယ် သူ့လက်အစုံက ကြည်နူးပခုံးလေးကို ရုတ်ခနဲ ဆုပ်ကိုင်လျက် သူမ မျက်နှာလေးနှင့် မျက်နှာချင်းဆိုင် ဖြစ်အောင် ဆွဲယူလိုက်လေသည်။

ထိုအခါ…

ယင်ဖိုတောင် မသမ်းဖူးသော အပျိုစင် နုနုထွေးထွေးလေး ကြည်နူးမှာ ရင်ဝယ် ရုက်ဒေါသအဟုန် ကြီးသွားရကာ စံသိုက် မောင်လက်များကို သူမလက်လေးနှင့် ဖယ်ရှားလိုက်ပြီး…

"ဖယ်…လွှတ်စမ်း၊ ခင်ဗျား ကျွန်တော့်အသားကို ထိစရာ မလိုဘူး၊ ခင်ဗျားလိုလူ အသားနဲ့ထိရမှာ ကျွန်တော်ရွံတယ်သိလား လွှတ်"

ကြည်နူးမှာ သူမ မမျှော်လင့်ထားသည့် အဖြစ်မို့ ရုက်လန့် ထိန့်လှုပ်ခြင်းများစွာဖြင့် ခပ်ဆတ်ဆတ်လေး ဆိုလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်…

စံသိုက်မောင်မှာ မလွှတ်ပါပေ။

မှန်သည်…

သူမ၏ မခံချင်စရာစကားများနှင့်အတူ သူ့အသားနှင့်ထိရသည်ကိုပင် ရွံ့ရှာသလိုဆိုနေသည့် ကြည်နူး အပြုအမူကြောင့် စံသိုက်မောင်တစ်ယောက် သည်းခံနိုင်မှုများ ကုန်ဆုံးသွားရသလို မျက်ဝန်းတည်တည်စူးစူးကြီးနှင့် ကြည်နူးအား စူးခနဲ တစ်ချက်စိုက်ကြည့်ပြီးနောက် သူမကိုယ်လေးကို သူသည် ဆွဲခနဲ ရင်ချင်းကပ်ပွေ့ဖက်လိုက်လေသည်။

"အို"

အသက်ရှူမှုများ မှားမိမတတ် တင်းကျပ်လွန်းသည့် လူ့စာကြီး၏ ပွေ့ဖက်လာမှုကြောင့် ကြည်နူးသည် မျက်ဝန်းလေးများ ပြာဝေသွားရကာ လှုက နေရာမှာပင် သတိလစ်မတတ် ဖြစ်သွားရလေသည်။

လျှင်မြန်လွန်းသော လက်အစုံနှင့်အတူ မထင်မှတ်သည့် အဖြစ်မို့ ကြည်နူး ထူပူသွားကာ ရှုတ်တရက်တော့ဖြင့် လူ့ခွစာကြီး





ရင်ခွင်ထဲက ရုန်းထွက်ရန် ကြည်နူးသည် သတိလက်လွတ်နှင့် မှင်သက်နေရလေသည်။

ထိုမှ ကြည်နူးသည် သတိရလာသူတစ်ယောက်လို စံသိုက်မောင်ကျောပြင်ကြီးကို သူမလက်သီးဆုပ်လေးများနှင့် ရက်ရက်စက်စက် ထုရိုက်ရင်း သူ့ကိုယ်ကြီးကို တွန်းထုတ်နေမိတော့သည်။

"လွှတ်…လွှတ်စမ်း၊ ခင်ဗျားကြီး ခင်ဗျားကြီး ကျွန်တော့်ကိုလွှတ်"

နီရဲဒေါင်းခတ်နေရသော မျက်နှာလေးနှင့် ကြည်နူးသည် ရုက်လန့်အားကြီးစွာ ရုန်းနေသမျှ စံသိုက်မောင်သည် ကြည်နူး၏ ရုန်းကန်နေမှုများကို မသိသလို မကြားဟန်ပြုလျက် သူမကိုယ်လေးအား ရင်ခွင်ထဲက လွှတ်မပေးပါ။

မျက်မှောင်ကြီးကြုတ်ထားလျက်က စံသိုက်မောင်သည် ကြည်နူးအား စေ့စေ့စူးစူးကြီး ကြည့်လာပြီး…

"နောက်တစ်ခါ မင်း ယောကျ်ားတစ်ယောက်ရဲ့ မာနကို ဒီလိုမခံချင်တဲ့စကားနဲ့ စော်ကားဖို့ မင်း ဘယ်တော့မှ ကြိုးစားနဲ့၊ ကြိုးစားလို့လည်း ရမှာမဟုတ်ဘူး၊ လူလူချင်း မတူသလို မတန်သ



www.burmeseclassic.com

www.burmeseclassic.com



လို ဆက်ဆံတာတဲ့ မင်းရဲ့စိတ်ကို မင်းပြန်ပြင်လိုက်စမ်းပါ၊ နောက် တစ်ခါ မင်း ဒီလိုမျိုး လူလူချင်းမတူသလို မတန်သလို ဆက်ဆံနေ ဦးမယ်ဆိုရင်တော့ ကျုပ်အဆိုးမဆိုနဲ့တော့''

နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပိတ်လျက်က စူးရှသော မျက်ဝန်းအစုံနှင့် စိုက်ကြည့်ကာ ပြောပြီး ကြည်နူးကိုယ်လေးကို ဖြေလွှတ်ပေးလိုက်တော့ ကြည်နူးသည် ကိုယ်လေး ယိုင်ခနဲဖြစ်သွား ရာမှ...

''ခင်ဗျား...ခင်ဗျား သိပ်ဓော်ကားတဲ့လူ၊ ကဲဟယ်... ဖြန်း''

''ဟင်...မင်း''

ပူခနဲ စပ်ဖျင်းဖျင်းကြီး ဖြစ်သွားရသော ခံစားမှုနှင့်အတူ စံသိုက်မောင် မျက်နှာကြီးလည်း လည်ထွက်သွားရှာလေ၏။

''မင်း...မင်း ကျုပ်ပါးကို ရိုက်တယ်ဟုတ်လား''

''ဟုတ်တယ်၊ ရိုက်တယ် ဘာဖြစ်လဲ''

''ဘာဖြစ်လဲဆိုတာ မင်းအခုသိစေရမယ်၊ လာစမ်း''

''အမေ့''





''အို''

''ခင်ဗျား...ခင်''

ကြည်နူးသည် ရှေ့ကို စကားဘယ်လိုမှ ဆက်ခွင့်မရပါ တော့။ ထိုအခွင့်အရေး မရှိအောင်ပင် လူဖြောင့်စိတ်တိုသမားကြီး စံသိုက်မောင်သည် ကြည်နူးအား မခံချင်စိတ်၊ ဒေါသ၊ မာနတို့နှင့် အတူ သူတစ်သက် ဘယ်သူမှ မတို့မထိခဲ့သော သူ့ပါးကို ရိုက်လိုက်သည့် ကြည်နူးကို ပြန်၍ပညာပေးချင်သွားရသည်မို့ သူ့ လက်အစုံသည် ကြည်နူးတစ်ကိုယ်လုံးအား သူ့ရင်ခွင်ထဲ သိမ်းကျုံး ဆွဲပွေ့လိုက်ပြီးနောက် တစ်ဆက်တည်းဆိုသလို သူ့အနမ်းများက လည်း ကြည်နူးမျက်နှာလေးထက် မွတ်မွတ်သိပ်သိပ်နှင့် ပြင်းပြင်း ရှရှကြီး ကျရောက်သွားရလေသည်မှာ သူ့ရင်ခွင်ထဲတွင် ကြည်နူး သည် ဘယ်လိုမှ စကားဆိုခွင့်မရှိအောင် ဖြစ်သွားရခြင်းဖြစ်သည်။

နှစ်ဦးသား စကားသံလေးတွေ တိတ်ဆိတ်သွားရသည်။

ကြည်နူးသည် နှုတ်မှ စကားဆိုခွင့် မရပါသော်လည်း သူမလက်လေးအစုံကတော့ စံသိုက်မောင်၏ရင်ဘတ်ကြီးကို သူမ လက်လေးနှင့် တဗုန်းဗုန်းထုရိုက်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့တိုင်…

စံသိုက်မောင်လူချောကြီးကတော့ နာကျင်မှုမရှိသည့်အလား ကြည်နူး၏ ထုရိုက်နေမှုလေးများကို နည်းနည်းလေးမှ ဂရုမစိုက်ပါဘဲ ရှိနေရာမှ သူ့လက်ကြီးများက သူမလက်လေးအစုံကိုပါ ဖမ်းဆုပ်ချုပ်ကိုင်လာလေ၏။

ကြည်နူးသည် သူ့ရင်ခွင်ကျယ်ကြီးထဲတွင် လူက မှွန်းကျပ်သည်ထက် မွန်းကျပ်လာရသည်မို့ သူမအားလေးရှိသမျှ စံသိုက်မောင်ရင်ခွင်မှာမှ ရုန်းထွက်နေလိုက်သည်။

စံသိုက်မောင်သည် ကြည်နူး ဘယ်လိုပင် ရုန်းပါသော်လည်း မြဲမြဲခိုင်ခိုင်မာလွန်းသည့် သူ့လက်အစုံကတော့ ကြည်နူးအား လုံးဝလွှတ်မပေးပါပေ။

ကြာတော့ ကြည်နူးတစ်ယောက် အင်အားချင်း မမျှသဖြင့် လူကမရုန်းနိုင်တော့။

ခု ပုံစံအတိုင်းဆိုပါက ကြည်နူးအဖြစ်က ကယ်သူမဲ့ရမည့်အဖြစ် ကြည်နူးသည် ရှက်ဒေါသဝမ်းနည်းစိတ်များကြောင့် မျက်ရည်ကြည်များ ပါးပြင်ထက် တစ်ပေါက်ခြင်း လိမ့်ဆင်းကျလာ





ရလေသည်။

မျက်နှာဝန်းစိုင်း ပူးအပ်နေရသည်မို့ ကြည်နူး၏ မျက်ရည်စများက စံသိုက်မောင် ပါးပြင်ချောချောကြီးကိုပါ စိုလူးသွားရသည်။

"အဟင့်…ဟင့်…ဟင့်"

ခပ်သဲ့သဲ့ထွက်ပေါ်လာသော ရှိုက်သံလေးနှင့်အတူ သူ့ပါးပြင်ထက် စိုလူးလာသော မျက်ရည်စများကြောင့် အတွေ့ထူးထူးတွင် နစ်မျောသွားရသော စံသိုက်မောင်တစ်ယောက် ရုတ်ခြည်း သူ့ကိုယ်သူလည်း ဘာဖြစ်သွားရသည်မသိပါ။

တမြတ်တနိုးတန်ဖိုးထားပါသည့် သူ့ပါးကို ရိုက်ရက်သူအဖြစ် သူမလေးကို တမင်ပညာပေးချင်ရုံသက်သက်နှင့် စိတ်လိုက်မာန်ပါကြီး ပြုမူလိုက်ပြီးကာမှ သူမထံက မျက်ရည်များကို မြင်ရတော့ မှားသွားပြီလားဟု သူ့ကိုယ်သူ တွေးမိပါသော်လည်း စံသိုက်မောင် လူချောကြီးမှာ နောင်တတော့ဖြင့် မရမိပါပေ။

နွေးထွေးနူးညံ့သည့် သူမ၏ အတွေ့နွေးနွေးလေးများက စံသိုက်မောင် လူပျိုကြီး၏ နှလုံးသားကို ဖမ်းစားသွားခဲ့ရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် စံသိုက်မောင်သည် သူ့ရင်ထဲက ခံစားမှုများကို ဘယ်သူ့မှ မရိပ်မိစေရပါဘဲ မျက်နှာထားတည်တည်ကြီးနှင့်ပင် ကြည်နူး၏အငိုမျက်နှာလေးကို ကြည့်လိုက်ပြီး…

"မငိုနဲ့…လူဆိုတာ ကိုယ်လုပ်တဲ့အပြစ်လောက်တော့ ကိုယ်ပြန်ခံရတတ်တာပဲ"

"ဟင်…ခင်ဗျား သွား…သွား ခင်ဗျားသွား၊ ခင်ဗျားကြီးကို သတ်ပစ်ချင်တယ်၊ မုန်းတယ်…မုန်းတယ်၊ ခင်ဗျားကြီးကို သိပ်မုန်းတယ်၊ အဟင့်…ဟင့်…ဟင့်"

ပါးပြင်ထက် မျက်ရည်ဥကြီးများ ပိုးပိုးပေါက်ပေါက်ကျဆင်းလျက်က ပြောလည်းပြော ငိုလည်းငိုနှင့် အနားကနေ အပြေးကလေး လှည့်ထွက်သွားသည့် ကြည်နူး၏ နောက်ကျောပြည့်ပြည့်လှလှလေးကို စံသိုက်မောင်သည် မျက်စိတစ်ဆုံး ကြည့်ရင်းက သက်ပြင်းမောတွေကိုသာ ရင်မှာကျိတ်၍ ချနေမိတော့သည်။

X-X-X



# အခန်း (၅)

"သမီး…ခုတလော စံသိုက်မောင့် လိုက်ပို့တဲ့ကားနဲ့ သင်တန်းကိုသွားဘဲ သူစိမ်းယောကျ်ားလေးတစ်ယောက်ရဲ့ ကားနဲ့ သွားသွားနေတယ်ဆို ဟုတ်လား"

"ရှင်"

ပွင့်ပွင့်လင်းလင်းမေးလိုက်သည့် အန်ကယ်ကျော်စကားကြောင့် ကြည်နူးမှာ မျက်နှာရဲရဲလေးနှင့် ရှက်ရွံ့တုန်လှုပ်သွားရသည်။

လူ့ခွစာနှင့် ပြဿနာဖြစ်ပြီကတည်းက ကြည်နူးသည် စံသိုက်မောင် မောင်းပို့သည့်ကားနှင့် မလိုက်တော့ပါဘဲ သင်တန်း

www.burmeseclassic.com



တွင် ခင်မင်ခဲ့ရသော ကျော်ကျော်ကားနှင့်သာ ကြည်နူးသည် အသွားအပြန်ရှိနေခဲ့သည်။

သင်တန်းကို ကျော်ကျော်ကားနှင့်ပင် ကြည်နူး သွားနေသည်ကို အန်ကယ်ကျော်မသိပါ။ ဒါကိုပင် အန်ကယ်ကျော်သိအောင် ဘယ်သူပြောလိုက်သည်လဲ။

ကြည်နူးသည် မျက်ခုံးလေးကုပ်ကွေးကာ စဉ်းစားလိုက်လေသည်။

ကြည်နူး ကျော်ကျော်ကားနှင့် သင်တန်းသွားနေသည်ကိုတော့ ဒေါ်ကြီးစောသိပါသည်။ သိအောင်လည်း ကြည်နူး ပြောပြထားလေ၏။

အန်ကယ်ကျော်ကို ပြောဖို့ရာတော့ ကြည်နူးသည် ဘာရယ်မဟုတ် ရှုတ်တရက် ပြောဖို့ရာ မဝံ့မရဲလေးရှိနေရလေ၏။

အကြောင်းမှာ...

အန်ကယ်ကျော်သည် ကြည်နူးအတွက် သင်တန်းအကြိုအပို့ကို စံသိုက်မောင်ဂိုသည့် လူ့ခွစာကြီးကို တာဝန်ပေးထားသလို ကြည်နူးကိုလည်း စံသိုက်မောင်ကားနှင့်သာ သွားရန်ပြောထားသည်





မို့ ယခုလို အန်ကယ်ကျော်စကားကို လွန်ဆန်ပြီး ကျော်ကျော်ကားနှင့် သူမ သင်တန်းကိုသွားနေခြင်းကို အန်ကယ်ကျော်အား ကြည်နူးသည် ရုတ်တရက် မပြောရဲအောင် ရှိနေရခြင်းဖြစ်သည်။

ဒါကိုလည်း ဒေါ်ကြီးစော သိပါ၏။ ဒေါ်ကြီးစောသည် သူမအခက်အခဲကို သိနေရက်နှင့်တော့ အန်ကယ်ကျော်ကို ပြောလိမ့်မည်မဟုတ်ပါ။ ပြီးတော့ ဒေါ်ကြီးစောဆိုတာ နဂိုကပင် ခပ်အေးအေးနေတတ်သူ စပ်စပ်စုစုရှိသည့်သူမဟုတ်။

ဒါဖြင့် အန်ကယ်ကျော်ကို ဒီစကားသိအောင် ပြောသူသည် ဘယ်သူတဲ့လဲ။

ကြည်နူး စဉ်းစားရခက်လေပြီ။

ကြည့်စမ်း...ဟိုလူ...ဟိုလူကို သူမ ဘာလို့မေ့နေရတာပါလိမ့်။ ဒါ သူ လူ့ခွစာပဲနေမှာ။ ဟုတ်တယ်၊ သူပဲနေမှာ။ သူပဲ အန်ကယ်ကျော်ကို ဒီအကြောင်းတွေ ပြောလိုက်တာနေမှာ။

ကြည်နူးသည် လူ့ခွစာမျက်နှာကို မြင်ယောင်ကာ စိတ်မှာ ခုတ်ချက်ချလိုက်သည်။

မှန်သည်...



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းကို လူ့ခွစာမှလွဲ၍ အန်ကယ်ကျော်ကို ဘယ်သူမှမပြောနိုင်ပါ။

"အန်ကယ်ကျော်ပြောတာ ကြားလားသမီး"

ငြိမ်သွားရသည့် ကြည်နူးကို ကြည့်ပြီး အန်ကယ်ကျော် အားမလိုအားမရ မေးလိုက်သည်။

"ရှင်···ဟုတ်ကဲ့ အန်ကယ်ကျော်၊ ကြည်နူး ကြားပါတယ်"

"သမီးကို ကားနဲ့လာခေါ်တဲ့သူငယ်က ဘယ်သူလဲ"

"ဟို···ကျော်ကျော်ပါ အန်ကယ်"

"အေးလေ····အန်ကယ်ကတော့ သမီးကို ဘာမှမပြောချင်ပါဘူး၊ သမီးလည်း အရွယ်ရောက်နေပြီပဲ၊ ဘယ်ဟာက ကောင်းတယ်၊ မကောင်းဘူးဆိုတာ ချင့်ချိန်တတ်ရမှာပေါ့"

"ဟုတ်ကဲ့ပါ အန်ကယ်ကျော်၊ ကြည်နူး နားလည်ပါတယ် ကျော်ကျော်က မိကောင်းဖခင်သားသမီးပါ၊ သူကိုယ်တိုင်ကလည်း လူကောင်းတစ်ယောက်မို့ ကြည်နူး သူ့ကို သူငယ်ချင်းတစ်ယောက် အနေနဲ့ကလွဲပြီး ဒီထက်မပိုဘူးဆိုတာ အန်ကယ်ကျော်ယုံပါ"





သံသယတွေနှင့် ကြည့်နေသော အန်ကယ်ကျော်ကို ကြည်နူးသည် ပျာပျာသလဲလေး ရှင်းပြနေမိသည်။ တစ်ဆက်တည်း သူမအတွေးထဲတွင် ဒီတစ်ခါ ကျော်ကျော်လာက အန်ကယ်ကျော်နှင့် မိတ်ဆက်ပေးရန် ဆုံးဖြတ်လိုက်သည်။

"အေးလေ···အန်ကယ်ကျော်ကလည်း သမီးအတွက် စိတ်ပူလို့ပါ၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်ပေါ့ကွယ် အန်ကယ်ကျော် ဆန္ဒကတော့ သမီးကို မောင်စံသိုက်မောင်နဲ့ပဲ သွားလာစေချင်တယ်၊ အဖြစ်လို့လဲဆိုတော့ စံသိုက်မောင်က အန်ကယ်ကျော်အတွက် စိတ်ချရတဲ့လူ၊ ပြီးတော့ ဒီသူငယ်က မဟုတ်မခံ အပြောမတတ် တာကလွဲပြီး စိတ်ရင်းမနောဖြူစင်တဲ့လူဆိုတာ သမီးနောက်တော့ သိလာမှာပါ"

အန်ကယ်ကျော်စကားသည် ဘာကိုရည်ရွယ်ပြောမှန်း ကြည်နူးသိပေမဖဲ့ ကြည်နူးသည် အန်ကယ်ကျော်ကို ဘာမှမပြော ဘဲ ခေါင်းလေးသာ ညိတ်လိုက်နေတော့သည်။

"ကဲပါကွယ်···သမီးလည်း အန်ကယ်ကျော်ပြောတဲ့ စကား သေချာစဉ်းစားဦးပေါ့ ဟုတ်လား၊ အန်ကယ် ဆေးခန်းသွား



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်”

ကြည်နူး ခေါင်းလေးကို တစ်ချက်ပုတ်ကာ အန်ကယ်ကျော်သည် ဆေးခန်းသို့ ထွက်သွားလေသည်။

အန်ကယ်ကျော်ကားလေး သူမမျက်စိရှေ့က ပျောက်သွားပါမှ ကြည်နူးသည်လည်း ရင်မှာ မခံချင်စိတ်၊ ဒေါသစိတ်၊ ခံပြင်းစိတ်များနှင့် လက်လေးနှစ်ဖက်ကို တင်းတင်းဆုပ်ရင်း ခြံထဲသို့ ဆင်းလာခဲ့လေသည်။

မှန်သည်။

ကြည်နူးတစ်ယောက် လူ့ခွစာဒရိုင်ဘာ စံသိုက်မောင်ကို တွေ့ချင်နေရသည်။

ထို့အတူ…

သူ့ကိုလည်း သူမ ဒေါသစိတ်တွေနှင့် ရန်တွေ့ချင်နေရတော့သည်။ ကြည့်စမ်းပါဦး ဘယ်လောက်များ ခံပြင်းစိတ်တိုဖို့ကောင်းလိုက်သလဲဆိုတာ။

သူလို ယောကျ်ားရင့်မကြီးတစ်ယောက်က မိန်းမလို မိန်းမရဆန့်စွာ အန်ကယ်ကျော်အား သူမအကြောင်း သွားပြောတာ ဘယ်





လောက်များ ခံပြင်းဖို့ကောင်းလိုက်သည်လဲ။ တွေ့မည်။ ကြည်နူးကို သူဘာ့ယ်လိုထင်နေသည်မသိပါ။ ကြည်နူးဆိုတာက ပြဿနာတစ်ခုခု ချက်ချင်းရင်ဆိုင်လိုက်ရမှ ဖြေရှင်းလိုက်ရမှ ကျေနပ်တတ်သူမို့ ယခုလည်း စံသိုက်မောင်ကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ကြည်နူး သူ့ကို ရှာရလေတော့၏။

သည်အချိန်ဆို စံသိုက်မောင် ဘယ်တွင်ရှိနေသည်မသိပါ။ ခြံထဲ မျက်ဝန်းလေး ဝေ့ဝဲကာ ကြည့်လိုက်ပေမယ့် မတွေ့။

သူ့ကိုမတွေ့ရလေလေ ကြည်နူး သူ့ကိုဖြေရှင်းရဖို့ ပို၍ တွေ့ချင်ရလေနှင့် ခြံထဲသို့ လျှောက်လာခဲ့ရာ တစ်နေရာအရောက်မှာတော့…

“ကြည့်စမ်း…လူ့ခွစာ အတော်ပဲ သင်းကိုတွေ့ချင်နေရတာနဲ့၊ ဟွန်း ယောကျ်ားဖြစ်ပြီး မိန်းမဆန်တဲ့ စကားတွေနဲ့ ငါ့အကြောင်း နောက်ကွယ်မှာ မကောင်းပြောတဲ့သူ့ကို ကောင်းကောင်းသို့ ပြောပစ်လိုက်မယ်”

ရင်ဝယ် မကျေနပ်စကားတို့နှင့် ဆိုရင်းက ကြည်နူး၏ ခြေလှမ်းများသည် ခြံထဲရှိ ခရေပင်ကြီးအောက်တွင် ထိုင်နေသော



www.burmeseclassic.com

စိုးသိုက်မောင်ထံသို့ ခြေလှမ်းလေး ဆောက်ဆိုက်ခြောက်ဆယ်ရှင့် ရွေ့လျားလာခဲ့လိုက်သည်။

ကြည်နူး၏ ခြေလှမ်းများ သွားနေပုံ တဲ့ခံနဲ့ရစ်သွားသည့်ရှိ ရှင်းရဲ စိုးသိုက်မောင်သည် အံ့သြသလို ကြည်နူးကို မော့ကြည့်လာလေ၏။

သည်နောက် ချက်ချင်းဆိုသလိုပင် စိုးသိုက်မောင်သည် သူ့အကြည့်များကို လွှဲယူသိမ်းသွားတော့ ကြည်နူးမှာ ဒေါသနှင့် မခံချင်ဖြစ်သွားရတော့...

"ခင်ဗျား ... ခင်ဗျားကြီး ဆော့ဆော့ဆိုတဲ့မတရားချည့်လှား ယောက်ျားဖြစ်ပြီး မိန်းမလိုမိန်းမရ စကားတွေနဲ့ အနက်ကယ်ရကျွန်ကို ကျွန်မ်ရော့ရအကြောင်းတွေ သွားပြောတော့ ဒါခင်ဗျားအကြံ အကုန်ပဲလား"

ဒီရုံစော့ကိုလွှဲရေဖြေသော မျက်နှာလေးနှင့် ဒေါသဖြစ်ပြီးတွေ နေသော ကြည်နူးကို စိုးသိုက်မောင်မှာ အံ့သြသလို မျက်ဝန်းစာ ရည်ရွယ်ပြုံးကြီးနှင့် စိုက်ကြည့်လာပြီး

"ဘာလဲ ... မင်းသတိပြုပြီးပြောနေတာလဲ မင်းပြောတာ



အပြုံတစ်ချက်မှ နားမလည်ဘူး"

စိုးသိုက်မောင်မှာ ကြည်နူးကို တည်တည်စူးစူးကြီး စိုက်ကြည့်ရင်းက နားမလည်သလို ပြန်မေးလိုက်သည်။

စိုးသိုက်မောင်၏ ထိုအမေးကိုပင် ကြည်နူးမှာ မခံချင်နှင့် ခံနေရ၍ တွေကြည့်မျက် ပျော်ရယ်ရယ်လိုက်ပြီး ...

"အမာင်း ... ဟင်း ... ဟင်း ခင်ဗျားကြီး ဟန်လည်း ဆောင်တတ်သေးတာကို၊ အံ့သြတယ် ခင်ဗျားကို ကျွန်တော်နားလည်ကိုပဲ ယုတ်မာလိမ့်မယ်မထင်ဘူးသိလား"

ကြည်နူးစကားကို နားထောင်ပြီး စိုးသိုက်မောင်မှာ မျက်မှောင်ကြီးကြုတ်သထက် ကြုတ်လာရလေ၏။

"မင်းစကားတွေက ဘာလဲ၊ ကျုပ်ကို တမင်လာပြီး အသုံးရှာ စော်ကားနေတာလား"

"ဒီစကား ကျွန်တော်က ခင်ဗျားကို ပြန်မေးရမှာ ခင်ဗျား ရည်ရွယ်ချက်ကို ကျွန်တော်သိကြောင်း ဘာတွေများပြောထားလဲ"

"ပြောတယ်"

စိုးသိုက်မောင် မျက်နှာကြီး တင်းမာခက်ထန်သွားရသည်။

www.burmeseclassic.com



"မင်း ကျုပ်ကို ဘာတွေပြောနေတာလဲ ကြည်နူး"

"မင်းရင်ထဲမှာ ပြောစရာရှိတဲ့စကား ကျုပ်ကို ပွင့်ပွင့်လင်းလင်းပြောစမ်း"

"ပြောမှာပါ...ပြောမှာပါ၊ ကျွန်တော်ကလည်း ဒီစကားပြောချင်လွန်းလို့ ခင်ဗျားရှေ့ ရောက်လာတာပါ၊ ခင်ဗျား ကျော်ကျော်နဲ့ ကျွန်တော့်အကြောင်း အန်ကယ်ကျော်ကို ဘာတွေမကောင်းသွားပြောထားလဲ၊ ဒီမှာ ခင်ဗျားသိထားဖို့က ကျော်ကျော်က အလကားလူမဟုတ်ဘူး၊ ကြေးရတက်လူကုံတံ သားသမီး၊ ပြီးတော့ သူတို့မျိုးရိုးဆိုတာကလည်း တကယ့်ကို အဆင့်အတန်းမြင့်မြင့်မားမားတွေ၊ ဒီလိုမျိုးလူ ကျွန်တော့်ဆီလာတာ ကျွန်တော်နဲ့ အပေါင်းအသင်းလုပ်တာကို ခင်ဗျားဘာမှ အန်ကယ်ကျော်ကို သွားပြောနေစရာမလိုဘူး၊ လူဆိုတာ ကိုယ့်နေရာကိုယ်သိရတယ်"

ဒေါသမျက်နှာရဲရဲလေးနှင့် သူ့အား နာကျင်စေမည့် စကားလုံးများကို နှုတ်ခမ်းလေးတစူစူ မျက်စောင်းလေးတထိုးထိုးနှင့် ရန်တွေ့စကားပြောနေသော ကြည်နူးကို သူသည် ဘာမှမပြောပါဘဲ နှုတ်ခမ်းကိုစေ့လျက် မျက်ဝန်းတည်တည်ရူးရူးကြီးနှင့် စိုက်ကြည့်နေ





လေသည်။

စံသိုက်မောင်၏ ဒီလိုမျိုး အေးစက်စက်အမူအရာကိုပင် ကြည်နူးသည် ရင်မှာ ပို၍ဒေါသတွေဖြစ်လာရပြီး...

"ပြောလေ...ဘာလဲ ခင်ဗျားမှာ ပြောစရာစကား မရှိတော့ဘူးလား"

"ဟုတ်တယ်...ဒီကိစ္စနဲ့ဆို မင်းကို ပြောစရာစကား ကျုပ်မှာ ဘာမှမရှိဘူး"

"ဒါ...ဒါ ခင်ဗျားငြင်းတာပေါ့လေ ဟုတ်လား"

"အဟွန်း...ဟွန်း...ဟွန်း ငြင်းရအောင် ဒီစကားတွေက ကျုပ်ပြောတဲ့စကားတွေမှ မဟုတ်ဘဲ ဒီမယ် မင်းကို ကျုပ်ရှင်းအောင်ပြောလိုက်မယ်၊ စံသိုက်မောင်ဆိုတာ သူများအကြောင်းပြောတဲ့လူမဟုတ်ဘူး၊ အထူးသဖြင့် မိန်းကလေးတစ်ယောက်ရဲ့ အကြောင်းကို သူ့နောက်ကွယ်မှာ ကျုပ်ပိုပြီးတောင် မပြောတတ်ဘူး ဆိုတာ မင်းမှတ်ထား"

စံသိုက်မောင်သည် ထိုစကားကို မျက်နှာတည်တည်ကြီးနှင့် ခပ်ပြတ်ပြတ်ကြီးပင် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို တည်တင်းနေရသော မျက်နှာထားကြီးနှင့် ခပ်ပြတ်ပြတ်ဆိုလာသော စံသိုက်မောင် စကားကြောင့် ကြည်နူးသည် စဉ်းစားရခက်သွားရလေသည်။

သူ့ပုံစံ၊ သူ့အသွင်ကလည်း ယခုလိုကျပြန်တော့ လိမ်ညာမည့်ပုံမပေါ်ပါ။

သို့သော်...

လုံးလုံးကြီး ယုံကြည်လို့ကလည်း မဖြစ်သေး။ အဘယ်ကြောင့်ဆိုရသော် စံသိုက်မောင်ဆိုသည့် လူ့ခွစာက ဘာဂုဏ်အဆင့်အတန်းမှရှိသည့် ဒရိုင်ဘာတစ်ယောက် ဖြစ်သည့်အပြင် လက်ရဲဇက်ရဲနိုင်လွန်းသည့် သူ့အပြုအမူများကလည်း သူ့ကို ဘယ်လိုမှယုံကြည်စိတ်ချလို့မရဆိုတာ ကြည်နူးကိုယ်တွေ့ ခံခဲ့ရပြီးပြီမို့ ဘာပဲပြောပြော လူ့ခွစာဒရိုင်ဘာကိုတော့ ကြည်နူးသည် ကြောက်ရွံ့ရှက်လန့်မိတာတော့ အမှန်ပင်ဖြစ်သည်။

စံသိုက်မောင်ဆိုသည့် လူ့ခွစာကြီးကို မကျေမနပ်နှင့် ရှက်ဒေါသခံပြင်းစိတ်များ ဖြစ်ရသောကြောင့်လည်း ကြည်နူးသည် သူနှင့်ပြဿနာဖြစ်ပြီးကတည်းက စံသိုက်မောင်ဆိုသည့်သူ့ကို လုံးဝ





အတွေ့မခံ မျက်နှာချင်းပင် အဆိုင်မခံတော့ဘဲ သူ့အား သိသိသာသာ ဖယ်ရှောင်နေခဲ့တော့သည်။

သူမရှောင်သည့်ကို လူ့ခွစာသည် သိလျှင်သားမသိပါ့မလို့ သူသည်လည်း သူမကိုတွေ့ရန် မကြိုးစားပါဘဲ သူမအား ခပ်ရွှေးရွှေးမှနေသာ ကြည့်နေခဲ့ပါသည်။

အဝေးမှနေ သူ့အား မျက်စိနှံ့ညိုကြီးအစုံနှင့် ငေးကြည့်နေတတ်သည့် စံသိုက်မောင်ကို ကြည်နူးသည် ကြည့်မရအောင်မုန်းမိပါသည်။

သူ့အပေါ် ထိုသို့ကြည့်မရအောင် မုန်းမိရသည့်ကလည်း သူမအပြစ်မဟုတ်ပါ။

ဒရိုင်ဘာလူ့ခွစာသည် သူမအား မပြောမဆို သူ့တစ်ရက်သတ်ဆန္ဒနှင့် ကြည်နူးအား ချစ်သူတစ်ယောက်လို ဖြူစင်မြင့်မြတ်နမ်းရှိုက်သွားခဲ့သည့် အဖြစ်ကလည်း ကြည်နူးသည် သူ့အားခွင့်မလွှတ်ချင်စရာ။

ထိုအဖြစ်အတွက်လည်း ကြည်နူးသည် သူ့အား ဘယ်တော့မှ ခွင့်လွှတ်လိမ့်မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးဆိုတာက ဒီအသက် ဒီအရွယ်ထိ ဘယ်သူတစ်ဦးတစ်ယောက်ကမှ သူမကို ယခုလိုမျိုး ချစ်သူရည်းစားတစ်ယောက် သဖွယ် ပြုမူနမ်းရှိုက်သွားခဲ့ခြင်းမျိုး မရှိခဲ့ပါ။ လူ့ခွစာ လူ့ခွစာနဲ့မှ ကြည်နူးသည် အတွေးနှင့်ပင် မျက်နှာလေးရဲလျက်။

"အို"

ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင်လို့ပင် ပြောရမည်ဖြစ်သည်။ စံသိုက်မောင်၏ အကြည့်စူးစူးနှင့် မျက်ဝန်းတည်တည်ကြီးကလည်း ကြည်နူးထံသို့ ဖျတ်ခနဲ ရောက်ရှိလာရာ မထင်မှတ်ပါဘဲ နှစ်ဦးသား အကြည့်ချင်း မျက်ဝန်းချင်း ဆုံသွားရလေ၏။

စံသိုက်မောင် ရင်ထဲတွင်တော့ ဘယ်လိုနေမည်မသိပါ။ ကြည်နူး၏ ရင်ထဲမှာတော့ သူ၏တည်ကြည်စူးရှလွန်းသည့် အကြည့်ကြောင့် ရင်ခုန်သံတွေပင် တဒိုင်းဒိုင်းနှင့် ဆောင့်ခုန်မြန်ဆန်သွားရလေသည်။

ကြည့်စမ်း...

သည်လူ သူမကို ဘယ်လိုကြီး ကြည့်နေတာပါလိမ့်။ ကြည်နူးသည် သူမအကြည့်လေးများကို အမြန်ပင် ရုပ်သိမ်းယူလျက်





မျက်ဝန်းလေး လွှဲလိုက်တော့...

"မင်း ကျုပ်အပေါ်မှာ ဘာမှသံသယ ဖြစ်မနေနဲ့၊ မင်းနဲ့ ပတ်သက်ပြီး ကျုပ် အန်ကယ်ကျော်ကို ဘာမှမပြောဘူး၊ ဒါကို မင်းယုံချင်မှလည်းယုံ ယုံပါလို့လည်း ကျုပ်မပြောဘူး၊ ဒါပေမယ့် ကျုပ် မင်းကို စေတနာနဲ့တော့ တစ်ခုသတိပေးချင်တယ်၊ ဒါ ရန်ကုန် မင်းတို့မန္တလေးမဟုတ်ဘူး၊ ပြီးတော့ ဒီက ရန်ကုန်သားတွေအကြောင်းကိုရော မင်းဘယ်လောက်သိလို့လဲ၊ မင်းကိုယ်မင်း မိန်းကလေးဆိုတာကို မမေ့ဖို့နဲ့ ယောကျ်ားတွေကို မယုံဖို့ကိုတော့ မင်းကို စေတနာနဲ့ ကျုပ် သတိပေးချင်တယ်"

ဆရာကြီးလေသံနှင့် လူကို အမိန့်ပေးသလို လာပြောနေသော လူ့ခွစာကြီးကြောင့် ကြည်နူးသည် မခံချင်စွာ နှုတ်ခမ်းလေးကို အလိုလိုဖိကိုက်မိသွားရပြီး...

"ဒါ ခင်ဗျားပြောစရာမလိုပါဘူး၊ ကျွန်တော်ဘာသာ ကျွန်တော် ဘယ်လိုနေနေ ဘာဖြစ်ဖြစ် ခင်ဗျားနဲ့မဆိုင်ဘူး၊ အနေသာကြီးပါ၊ လူကို ဆရာလာမလုပ်ပါနဲ့၊ ခင်ဗျားကိုယ်ခင်ဗျားသာ နေတတ်ဖို့ အရေးကြီးတယ်"



www.burmeseclassic.com

ကြည်နူးမှာ မျက်နှာတင်းတင်းလေးနှင့် ပြောလိုက်တော့ စံသိုက်မောင်မှာ သူစေတနာကို နားမလည်ရကောင်းလားဆိုကာ မျက်နှာကြီး တည်တင်းသွား၏။

"အေးလေ…ကျုပ်လို တေားလူကတော့ အမြင့်မတော်တာတွေ့ရင် သတိပေးရုံပဲတတ်တာ၊ တကယ်ရင်ဆိုင်ရမှာက ကာယကံရှင်ကိုယ်တိုင်ပဲ"

"ခင်ဗျား…ဘယ်လိုလူလဲ၊ ကိုယ့်အကြောင်းကိုပဲ ကိုယ်ပြောပါ၊ တခြားမဆိုင်တဲ့အကြောင်းတွေ မပြောပါနဲ့"

"အဟွန်း…ကျုပ်က စေတနာနဲ့ပြောတာ လက်မခံချင်လည်း မင်းကံပဲပေါ့၊ ချစ်တော်မိန်းကလေးတွေများ ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးလွန်းတယ်"

"ဘာပြောတယ်ဗျ…ခင်ဗျားစကားတွေက သိပ်လွန်နေပြီနော်၊ လူကို စကားပြောတာကြည့်ပြောပါ"

နုတ်ခမ်းလေးမဲ့ရွဲ့ကာ ဒေါသသံနှင့် ဆတ်ခနဲ ပြန်ပြောလိုက်သည့် ကြည်နူးစကားကြောင့် စံသိုက်မောင်သည် ကြည်နူး မျက်နှာလေးကို စူးစိုက်ကြည့်လျက်က





ကျစ်လစ်ညီး ခင်ဗျားကို ကြည့်ပြောနေတာပါပဲ၊ ရန်လိုတဲ့အကြည့်၊ စူးနေတဲ့နှုတ်ခမ်း၊ ကျားသစ်မလေးလို ထုကိုတခုန်ခုန်ဖြစ်နေတဲ့ မယုံမှာန်၊ ပြီးတော့"

"အို…တော်ပါတော့"

စံသိုက်မောင်တစ်ယောက် စကားပင် မဆုံးလိုက်ရ မျက်ဝန်းစူးစူးတောက်တောက်လေးနှင့် အော်လိုက်သည့် ကြည်နူးကြောင့် သူ့စကားတွေပင် ဘယ်ရောက်သွားမှန်းမသိအောင် ဖြစ်သွားရသည်။

"ခင်ဗျား သိပ်စော်ကားတဲ့လူ၊ ပြောလေကဲလေဆိုတာ ခင်ဗျားလိုလူမျိုးပဲ၊ အို…တော်ပါပြီ ခင်ဗျားလိုလူနဲ့ စကားဆက်ပြောနေလည်းအပိုပဲ၊ အလကားတန်ဖိုးမရှိတဲ့လူ"

သူ့အပေါ် နာကျင်မှုဖြင့် ကြည်နူးသည် စံသိုက်မောင်အား ညှာမတာ ရက်ရက်စက်စက်ကြီး ပြောချပြီးနောက် ကြည်နူးသည် ဒေါသတွေနှင့် သူ့ရှေ့က ထွက်

"ဟူးရား…ရေ"

"အို"

www.burmeseclassic.com



ဖြစ်ချင်တော့ ကြံကြံဖန်ဖန်လို့ ပြောရမည်။ ကြည်နူးသည် စံသိုက်မောင်ရှေ့ကနေ သူမကိုယ်လေး လှည့်အထွက်တွင် ခြေချော်သွားရကာ လူက ကိုယ့်ကိုယ်ကို မထိန်းနိုင်တော့ဘဲ နောက်သို့ သူမကိုယ်လေး ဗိုင်းခနဲ လဲကျမည်အလုပ်…

"ဟာ…ဟိတ်…ဟိတ်"

"အမေ့"

"အို"

အသံလေးတွေက ရှေ့ဆင့်နောက်ဆင့် ဆိုသလို ထွက်ပေါ်လာပြီးနောက် ကြည်နူးကိုယ်နွေးနွေးလေးသည်လည်း ဘယ်လိုမှ ထင်မှတ်မထားသည့် စံသိုက်မောင်၏ ရင်ခွင်ကျယ်ကြီးထဲသို့ ထွေးခနဲ ရောက်ရှိသွားရလေသည်။

"အဟွန်း…ဟွန်း…ဘယ်လိုလဲ သူတော်ကောင်းကို ဖြစ်မှားလို့ မင်း အခု ဒုက္ခရောက်ရပြီမဟုတ်လား"

"ဘာပြောတယ်၊ ခင်ဗျားကြီး…သွား"

သူ့စကားတွေက မှန်နေပေမယ့် ကြည်နူးမှာ သူမအား ဒိုင်ဘာလူ့ခွစာက ဒီလိုပြောရပါ့မလားဆိုကာ ရှက်ဒေါသမျက်နှာ





လှလှလေးနှင့် သူမအား နောက်ပြန်လဲမကျရန် ထိန်းလိုက်သည့် စံသိုက်မောင်၏ လက်များကို ဖယ်ရှားလျက် သူမကိုယ်လေးကို သူ့ရင်ခွင်ထဲက ရုန်းထွက်သည်။

"အေး…မင်း အဲလို ကျေးဇူးရှင်ကို ကျပ်ကျပ်စော်ကား၊ တစ်နေ့ မင်း ဒုက္ခလှလှရောက်လိမ့်မယ် သိလား"

စံသိုက်မောင်သည် သူမကိုယ်လေးကို ဖြေလွှတ်ပေးကာ စေတည်မပြုံး မျက်နှာကြီးနှင့် ဆိုလိုက်တော့ ကြည်နူးမှာ မျက်နှာလေးမဲ့သွားရပြီး…

"ခင်ဗျားလိုလူကို ပြောလို့ ဒုက္ခရောက်မယ်ဆိုရင် ကျွန်တော် အဲဒီဒုက္ခကို ပြုံးပြုံးပဲ ရင်ဆိုင်ပစ်လိုက်မယ်သိလား"

စူးရဲနေသော မျက်ဝန်းလေးဖြင့် ကြည်နူးသည် မျက်စောင်းထိုးကာ ပြောလိုက်သည်။

"အေးပါ…မင်းပြောသလိုပါပဲ၊ တစ်နေ့မှာ ကျုပ်နဲ့ ပတ်သက်ပြီး ကြုံလာမယ့်ဒုက္ခကို မင်း ပြုံးပြုံးပဲ ရင်ဆိုင်ဖို့ မင်းစကားကို မင်းမမေ့ပါနဲ့"

"စိတ်ချ…ခင်ဗျားကြီးကို မုန်းလွန်းလို့ ခင်ဗျားနဲ့ပတ်သက်သော



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘာမှမဲ့မှာ မဟုတ်တာတော့ အသေအချာပဲ

အဟွန်း…ဟွန်း…ဟွန်း

ကြည်နူးပြောသည့် စကားထဲတွင် သူ့အတွက် ဘာအမှား ပါသွားသည်မသိပါ။ လှခွစားသည် ကြည်နူးကိုသာ အကြည့်စူးစူး ကြီးနှင့် စိုက်ကြည့်လျက် ရယ်နေလေတော့သည်။

ထိုအခါ…

ကြည်နူးသည် သူမကိုယ်သူမလည်း မလုံမလဲလေးဖြစ် လာရအာ…

"ခင်…ခင်ဗျားနော်၊ လူကိုကြည့်ပြီး ဘာရယ်တာလဲ"

မျက်ခုံးလှလှလေးကို အတွန့်ချိုးလျက်က ကြည်နူးသည် သူ့အကြည့်များကို မျက်ဝန်းလေးလွဲကာ မေးလိုက်သည်။

သို့တိုင်…

စံသိုက်မောင်သည်က အရယ်မရပ်ပါ။

"ခင်ဗျား သိပ်လွန်နေပြီနော်၊ လူကိုကြည့်ပြီး ဘာရယ်တာ လဲဆိုတာ၊ ဘာလဲ လူကို ဒီလိုပုံနဲ့ လှောင်နေတာလား"

မကျေမနပ်နှင့်ပင် ကြည်နူးသည် စံသိုက်မောင်ကို ပြော





လိုက်လေသည်။

"မင်းဟာက ဘယ်လိုလဲကွ၊ လူကို ဟိန်းလိုက်ဟောက် လိုက်နဲ့ တကတည်းဗျာ လူကို ခင်ဗျားအလုပ်သမားများ မှတ်နေ လားမသိပါဘူး"

"နို…ခင်ဗျားက ဒီအိမ်ရဲ့အလုပ်သမားမဟုတ်လို့ ဘာ လဲ"

"အဟွန်း…ဟွန်း…ဘာမှမဟုတ်ပါဘူးဗျာ၊ ဘာမှ မဟုတ်ပါဘူး၊ ကျုပ်ကို မင်းစိတ်မှာထင်တဲ့အတိုင်း တွေးပြီး ကြိုက် သလိုသာပြောပါတော့"

ပြောပါတော့ဆိုသည့် သူ့ပုံစံကပင် တစ်စုံတစ်ရာကို မျိုသိပ် ထား၍ ရယ်ချင်နေရသလိုမျိုး သူ့မျက်နှာက ပြုံးလွန်းလွန်းနှင့်မို့ ကြည်နူးသည် စံသိုက်မောင်အား ကြည့်မရချွာ…

"ဟွန်း…လူပုံကိုက တစ်စက်လေးမှ အချိုးမပြေဘူး၊ ခင်ဗျားကို ဒီကနေ အမြန်ဆုံးအလုပ်ထုတ်ပစ်အောင် အန်ကယ် ကျော်ကို ပြောမယ်သိလား"

"ဟာ…ဒါတော့ မလုပ်ပါနဲ့ဗျာ၊ ကျုပ် ဒီအလုပ်မရှိရင်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းငတ်သွားမှာပေါ့၊ ဒါတော့ ကျုပ်ကိုသနားပါ"

"အို…မသနားဘူး၊ မသနားဘူး၊ ခင်ဗျားလိုလူကို ဘာမှ သနားစရာအကြောင်းမရှိဘူး"

ကြည်နူးမှာ စံသိုက်မောင်အား ကြည့်မရဘွာ ပြောပစ်လိုက်လေသည်။

"ခင်ဗျား ကျုပ်ကို တကယ်မသနားဘူးလား"

"ဘာကိစ္စ ကျွန်တော်က ခင်ဗျားကို သနားရမှာလဲ၊ ခင်ဗျားလိုလူ ဒီမှာမရှိလေ ကောင်းလေပဲ"

"မင်း ကျုပ်ကို တကယ်ရက်စက်နိုင်တယ်ပေါ့"

"ရက်စက်နိုင်တယ်၊ ရက်စက်နိုင်တယ်"

"တကယ်လား"

"ခင်ဗျား ဘာပြောတာလဲ"

အကြည့်တွေသာမက စကားကလည်း တစ်မျိုးကြီးဖြစ်လာရသည်မို့ ကြည်နူးမှာ မျက်နှာလေး ရဲတက်သွားကာ ရှက်ဒေါသလေးနှင့် မေးလိုက်တော့ စံသိုက်မောင်သည် မျက်နှာကြီးတည်သွားပြီး…





"ရုပ်လေးလှသလောက် မင်း စိတ်ထားတွေ ဘာဖြစ်လို့ ဒီလောက်တောင် မာကျောနေရတာလဲဆိုတာ ကျုပ် စဉ်းစားလို့ မရဘူး"

"ကြည့်စမ်း…စကားကိုက တင်တင်စီးစီးကြီးနဲ့၊ ခင်ဗျားကို ဘယ်သူက စဉ်းစားခိုင်းလို့ စကားကို ဒီလိုအကြောကြီးနဲ့ ပြောနေရတာလဲ"

"အလိုလေးဗျာ…လူကို မာန်မဲနေလိုက်တာ၊ မင်းအပေါ် ကျုပ် ဘယ်ဘာဝဝဋ်ကြွေးများ ပါလာလို့ ဒီလို မင်းပြောသမျှ ခံနေရတယ်မသိပါဘူး"

ပြီးလျှက် သူမကို မထိတထိ စိုက်ကြည့်ကာ ဆိုလာသည့် လူ့ခွစာဒရိုင်ဘာ စံသိုက်မောင်၏ အကြည့်နှင့် အပြောများကို ကြည်နူးသည် ရင်မှာ ခံရခက်ခက်နှင့် လုံးဝမကျေနပ်ချင်။

သည်လူ၏အကြည့်နှင့် စကားများသည် ကြည်နူးအပေါ် တစ်မျိုးကြီးဖြစ်နေရသည်ကိုတော့ ကြည်နူး သိ၀ါ၏။

သို့သော်…

ဘယ်လိုတစ်မျိုးကြီးလည်း ဆိုတာကိုတော့ ကြည်နူးသည်



www.burmeseclassic.com

www.burmeseclassic.com



လည်း မပြောတတ်ပါ။

လောလောဆယ် ကြည်နူးသိသည်က လူ့ခွစာ သူ့အပေါ် ဒေါသတွေဖြစ်နေရသည်ပဲ သိတာမို့ နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့ရင်းက…

"ခင်ဗျား တော်တော်စကားများတဲ့လူ၊ သွား ခင်ဗျား မျက်နှာကို မကြည့်ချင်ဘူး၊ ခင်ဗျား ကျွန်တော့်ရှေ့က အမြန်ဆုံး ထွက်သွား"

"ဘာလဲ…ကျုပ်စကားတွေက"

"အို…တော်ပြီ၊ ဘာမှမကြားချင်ဘူးဆို၊ သွား သွား"

တွင်တွင်နှင်နေသော ကြည်နူးကြောင့် စံသိုက်မောင်သည် သူ့လက်ကနာရီကို တစ်ချက်ပင့်ကြည့်လိုက်ပြီး…

"ကဲပါလေ…မင်း ဒီလောက်နှင်နေမှတော့လည်း ကျုပ် သွားရတော့မှာပေါ့၊ ဒါပေမယ့် မသွားခင် မင်းကို ကျုပ် တစ်ခု တော့ပြောခဲ့ချင်တယ်၊ အဲဒါ ဘာလဲဆိုတော့ မင်းကို ကျုပ် အရမ်း ခင်သွားပြီဆိုတာပဲ"

"အို"





ရုတ်ခြည်း ကြည်နူးမျက်နှာလေးနား တိုးကပ်ကာ တိုးရှ သောလေသံနှင့် စကားဆိုကာ ကြည်နူးမှ သူ့အား ပြန်၍ စကားမဆို ရသေးခင် သူမနားမှနေ ခြေလှမ်းကျဲကြီးများဖြင့် လှည့်ထွက်သွား တော့ လူ့ခွစာအား ကြည်နူးသည် ရင်တွင်းမကျေနပ်ခြင်း ရှက်ဒေါ သတို့နှင့် လိုက်ဆူမောကာ ကျန်ရစ်ခဲ့ရလေ၏။

X-X-X

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဟင့်အင်း…ဟင့်အင်း အန်ကယ်ကျော်၊ ကြည်နူး သူနဲ့ အတူမသွားချင်ဘူး၊ မသွားပါရစေနဲ့နော် အန်ကယ်ကျော်"

ကြည်နူး တစ်ယောက် အန်ကယ်ကျော်ကို မျက်နှာငယ် ငယ်လေးနှင့် ကြည့်ရင်း တောင်းပန်သလို ပြောလိုက်လေသည်။

"မသွားချင်လို့ မဖြစ်ဘူး သမီးရဲ့၊ မန္တလေးက သမီး မေမေကိုယ်တိုင်က ပဲခူးက သမီးအဒေါ်ဝမ်းကွဲ ရီရီတို့အိမ်ကို လွှတ်ဖို့ အန်ကယ်ကို သူကိုယ်တိုင်ဖုန်းဆက်ပြီးပြောတာ၊ သွားဖို့ကိုလည်း အန်ကယ်အားလုံး စီစဉ်ပေးပြီးပြီ၊ ဒီတော့ သမီး သွားဖို့လာဖို့သာပြင် ပေတော့၊ ဟိုရောက်ရင် စံသိုက်မောင်က သမီးသွားချင်တဲ့နေရာ





လိုက်ပို့ပေးလိမ့်မယ်"

သွားဆိုသည့်ကိစ္စကို မသွားပါရစေနဲ့လို့ကလည်း ပြောလို့ မရတော့သည့်အတူတူမို့ ကြည်နူးသည် သွားဖို့ကိုသာ ပြင်ရလေ တော့၏။

သို့သော်…

သည်ခရီးကို လူစွာအရိုင်းဘာ စံသိုက်မောင်ဆိုသည့် လူနဲ့ ကလည်း နှစ်ယောက်အတူ မသွားချင်သည်မို့…

"သမီး အန်ကယ်ကျော်ဒရိုင်ဘာနဲ့တော့ ဒီခရီးကို မသွား ချင်ပါဘူး"

ကြည်နူးသည် သူမကျစ်ကျနိုင်သလောက် အန်ကယ်ကျော် အား ပြန်၍ ဂျစ်ကျလိုက်လေသည်။

"စံသိုက်မောင် ဘာဖြစ်လို့လဲသမီး၊ အန်ကယ်ကျော်က တော့ သမီးကို စံသိုက်မောင်နဲ့ပဲ စိတ်ချတယ်၊ ပြီးတော့ ပဲခူးက ရီရီတို့ဆီကိုလည်း သမီးလာမယ့်အကြောင်း အန်ကယ် ဖုန်းဆက် ပြောထားပြီးပြီ၊ ဒါကြောင့် သမီးအန်ကယ်ကျော်ကို ဘာမှ ဂျစ်မကျ နေဘဲ ခရီးသွားဖို့သာပြင်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



တူမဖြစ်သူ သူမကို အလိုလိုက်စရာရှိရင်လည်း သူမတူအောင် အလိုလိုက်တတ်သလောက် မျက်နှာထားတည်တည်ကြီးနှင့် အန်ကယ်ကျော် ပြောလာပြီဆိုရင်လည်း သူပြောသည့်အတိုင်း လိုက်လုပ်မှ ကျေနပ်တတ်သည့် အန်ကယ်ကျော်အကြောင်းကို သိနေသူ ဝိဝိ ကြည်နူးသည် မျက်နှာထားတည်တည်ကြီးနှင့် ဆိုလာသည့် အန်ကယ်ကျော်စကားကို မလွန်ဆန် မငြင်းရဲအောင် ဖြစ်သွားရ၏။

ထို့ကြောင့် ကြည်နူးသည် နှုတ်ခမ်းလေးတစူစူနှင့်ပင် ခရီးသွားဖို့ ပြင်ဆင်ရလေသည်။

ထိုသို့ ပြင်ဆင်နေရင်းက ကြည်နူးခေါင်းထဲ အတွေးတစ်ခု ဝင်လာတော့ ကြည်နူးသည် သူမအတွေးကို သူမ သဘောကျသွားရသလို ပြုံးမိသွားရသည်။

ကြည့်စမ်း ...

ကြည်နူး ကျော်ကျော်ကို ဘာလို့မေ့နေတာပါလိမ့်။ ဒီခရီးကို လူ့ခွစာနှင့်မှမဟုတ် ကျော်ကျော်နှင့်သွားလည်း ဖြစ်တာကို ကြည်နူး ဘာလို့ ခုမှတွေးမိရတာပါလိမ့်။

ကျော်ကျော်လိပ်စာနှင့် ဖုန်းက ကြည်နူးတွင်ရှိသည့်မို့



ကျော်ကျော်ကို ကြည်နူးသည် တစ်နေရာတွင် ဖုန်းဆက်ခေါ်ချိန်းလိုက်ပြီး ပဲခူးကို ကျော်ကျော်နှင့်အတူ သွားလိုက်မည်။

ဒရိုင်ဘာ လူ့ခွစာကိုတော့ တစ်နေရာတွင်ထားခဲ့ကာ အပြန်မှ သူ့ကိုဝင်ခေါ်လျက် ပဲခူးကို သူနှင့်သွားသယောင် အန်ကယ်ကျော်ကို ပြောရမည်။

ဟုတ်တယ်။ ဒီအကြံကသာ အကောင်းဆုံးမို့ ကြည်နူး၏ မျက်နှာလှလှလေးမှာ ပြုံးသွားရပြီး သူမကိုယ်သူမ အလှဆုံးဖြစ်အောင် ပြင်ဆင်လိုက်လေ၏။

ပြင်ဆင်လိုက်သည်ဆိုပေမယ့် သိပ်ထူးထူးထွေထွေကြီးတော့ဖြင့် မဟုတ်ပါပေ။

ပန်းသွေးရောင်ပြေးနေသော ငွေမှုန်စ အိအိထူထူလေးကို ရှုက်ခွဲကော်လံ လက်စကလေးနှင့် ထက်အောက်ဆင်တူ ဝတ်ဆင်ထားတော့ ကျောလယ်မှာ ဝဲနေသည့် ဆံပင်အုပ်အုပ်ထူထူဝဲဝဲလေးသို့ ဖြန့်ချလျက် မျက်နှာပြောင်ပြောင်လေးကို ဒီအတိုင်းထားကာ နှုတ်ခမ်းအိအိဖူးဖူးစိုစိုလေးပေါ် ကြက်သွေးရင့်ရင့် နှုတ်ခမ်းဆိုးဆေးလေး တင်လိုက်ရုံနှင့်ပင် ကြည်နူး၏ အလှက မြေမြင့်ပါဘဲ

www.burmeseclassic.com



ပြီးပြည့်စုံသည့် အလှပိုင်ရှင်လေးဖြစ်သွားရသည်။

ကြည်နူးသည် သူမကိုယ်လေးကို မှန်ထဲ တစ်ချက်ကြည့်လိုက်ပြီး လက်ကိုင်အိတ်အဖြူလေးကို ဆွဲယူလျက် အခန်းထဲထွက်လာခဲ့လိုက်သည်။

သူမအခန်းထဲက ထွက်လာတော့ အန်ကယ်ကျော်သည် လူ့ခွစာအရိုင်ဘာနှင့် စကားပြောနေလေ၏။

“ဟော…သမီး လာ…လာ”

သူမအား လှမ်းခေါ်နေသည့် အန်ကယ်ကျော်ဘေးတွင် ကြည်နူးထိုင်လိုက်တော့ လူ့ခွစာအရိုင်ဘာ စံသိုက်မောင်၏အကြည့်များက ကြည်နူးထံ စူးခနဲ တစ်ချက်ရောက်ရှိလာသည်။

“ဟင်”

စံသိုက်မောင်မှာ ရုတ်တရက်တော့ဖြင့် သူ့အကြည့်များကို သူ မယုံချင်အောင် ဖြစ်သွားရသည်။

သူ့ရှေ့တည့်တည့်တွင် ထိုင်နေသည့် ပန်းသွေးရောင်ဝတ်စုံလေးနှင့် သိပ်လှနေသော မိန်းကလေးသည် သူသိသည့် ကြည်နူးတဲ့လား။





ဘာမှမပြင်ဆင်ဘဲနှင့်တုန်းကလည်း တစ်မျိုးလေးလှသလို ယခုလို ပြင်ဆင်ပြီးတဲ့အခါလည်း အကြည့်လွှဲရက်စရာမရှိအောင် သိလှလွန်းနေသည့် ကြည်နူးကို စံသိုက်မောင်သည် အကြည့်လွှဲဖို့ပင် သတိမရ တမှေ့တမောနှင့် ငေးငေးစူးစူးကြီး ကြည့်နေမိရသည်။

ကြည့်ရင်းကလည်း စံသိုက်မောင်သည် ရင်တွေအရမ်းခုန်လာရ၏။

မှန်သည်…

သူ၏ ဒီလိုခံစားချက်မျိုးက ယခုမှမဟုတ်ပါ။ ကြည်နူးဆိုသည့် သူမလေးကို သူ ဘူတာကြီးမှာ တွေ့တွေ့ချင်းကပင် သူ၏ တည်ငြိမ်ခဲ့ရသော ရင်ခုန်သံများက အတိုင်းအဆမရှိ မြန်ဆန်ခဲ့ရသည့်အဖြစ်။

သည်အဖြစ်ကို စံသိုက်မောင်သည် သူ့ကိုယ်သူ ဘာကြောင့် ဖြစ်ရသည်ဆိုတာလည်း မသိတော့ပါ။

သေချာသည်ကတော့ စံသိုက်မောင်သည် ကြည်နူးဆိုသည့် သူ့အား တစ်ခွန်းမခံ ကဲကဲဆတ်ဆွာနိုင်လွန်းသည့် သူမလေး



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ ရင်ခုန်တတ်နေရခြင်းပင် ဖြစ်သည်။

"ကဲ…အချိန်ရှိတုန်း သွားကြတော့၊ စံသိုက်မောင် ကား ကို သေချာမောင်းနော်၊ သမီးသွားချင်တဲ့နေရာတွေလည်း လိုက်ပို့ လိုက်"

"ဟုတ်ကဲ့ ဆရာကြီး"

"သမီး ကားပေါ်တက်၊ ရိုရိုတို့ဆီရောက်ရင် အန်ကယ် ကျော်မေးတဲ့အကြောင်းလည်း ရိုရိုကိုပြောပြလိုက်ဦး"

"ဟုတ်ကဲ့ပါ အန်ကယ်ကျော်၊ ကြည်နူး သွားတော့မယ်"

"အေး…အေး"

ကြည်နူးသည် အန်ကယ်ကျော်ကို နှုတ်ဆက်ပြီး ထွက်လာ ခဲ့လိုက်သည်။

စံသိုက်မောင် မောင်းလာသည့် ကားက လာရာလမ်းလေး နှင့် ဝေးရာရောက်တော့ ကြည်နူး၏အကြည့်လေးများက လှုပ်ရှား အရှိန်ဘာထဲ ရောက်ရှိသွားကာ…

"ကျွန်တော့်ကို ဒီလိပ်စာအတိုင်း ပို့ပေး"

အိတ်ထဲတွင် အသင့်ပါလာသည့် ကျော်ကျော့်လိပ်စာကို





သူ့အားပေးလိုက်တော့ စံသိုက်မောင်သည် ကြည်နူးလက်ထဲက ကျော်ကျော့်လိပ်စာကို ဖျတ်ခနဲ ဆွဲယူကြည့်ကာ…

"ဒါကဘာလဲ"

"ဘာရမှာလဲ…ကျွန်တော့်ကို ဒီလိပ်စာအတိုင်း မောင်းပို့ ပေးလို့ ပြောနေတာ"

"မင်းဘာပြောတယ်"

"အို…တိုးတိုးအော်ပါ၊ ကျွန်တော့်နားက အကောင်းကြီး ရှ"

"မင်းနားကောင်းမှန်း ငါသိတယ်၊ ဒါပေမယ့် မင်းသွား မယ့်နေရာက ဒီနေရာမဟုတ်ဘူးကွ"

စံသိုက်မောင်သည် ခပ်ဆတ်ဆတ်ပင် ပြောလိုက်သည်။

ထိုအခါ…

ကြည်နူးမှာ မခံချင်ဖြစ်သွားရကာ…

"ခင်ဗျား လူကို ဘာအော်နေတာလဲ၊ ခင်ဗျားတာဝန်က ကျွန်တော် ဒီနေရာပို့ဆို ပို့ပေးရမှာက ခင်ဗျားတာဝန် ခင်ဗျား အလုပ်"

www.burmeseclassic.com



"အေး…ကျုပ်တာဝန် ကျုပ်အလုပ်ဆိုပေမယ့် ဒီလို ယောကျ်ားလေးတစ်ယောက်ရဲ့အိမ်ကို လိုက်ပို့ပေးဖို့ရာကတော့ ကျုပ်တာဝန်၊ ကျုပ်အလုပ်ထဲမှာ မပါဘူး"

နှစ်ဦးသား တစ်ယောက်နှင့်တစ်ယောက် ကားထဲမှာပင် စကားများနေရသည်။

"အို…ဘာပဲပြောပြော ခင်ဗျားတာဝန်က ကျွန်တော်သွားချင်တာ လိုက်ပို့ပေးရမယ့်တာဝန်၊ ဒီတော့ ကျွန်တော်ပြောတဲ့အတိုင်း အဲဒီလိပ်စာကို လိုက်ပို့ပေးပါ"

"မပို့နိုင်ဘူး"

"ဟင်…ခင်ဗျား ဘာပြောတာလဲ"

"ကျုပ် ဘာပြောတယ်ဆိုတာ မင်းမသိဘူးလား၊ အေး မသိရင် မင်းကိုသိအောင် ရှင်းရှင်းပဲပြောမယ်၊ ကျုပ် ဒီလိပ်စာကို လိုက်မပို့နိုင်ဘူး၊ ပြီးတော့ မင်း ဒီကောင်နဲ့လည်း သွားတွေ့စရာ မလိုဘူး"

လိပ်စာထဲတွင် ရေးသားထားသည်ကို တွေ့လိုက်ကတည်းက စံသိုက်မောင်၏ မျက်နှာကြီးသည် မကြည်မလင် ဖြစ်နေရ





သည်။ ဒါကို ဘာမှမသိသည့် သူမက သူ့ကို ကျော်ကျော်ဆီ ဆိုက်ပို့ပေးပါဆိုသောအခါ စံသိုက်မောင်သည် သူမစကားကို ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ ရင်မှာ ခံရခက်ခက်ကြီး ဖြစ်သွားရ၏။

ထို့အတူ…

စံသိုက်မောင်သည် ဘာကိုမှန်းလည်းမသိ ရင်မှာ မချင့်မရဲကြီးနှင့် အခံရခက်သွားရသည်မို့ ဒေါသစိတ်တွေနှင့် သူသည် ကားကို ခပ်ကြမ်းကြမ်းလေး မောင်းနေတော့သည်။

"ကားကို ဘယ်လိုမောင်းနေတာလဲ၊ ဘာလဲ လူကိုသေအောင်သတ်နေတာလား"

"စိတ်ချ သေရင်လည်း မင်းတစ်ယောက်တည်း မသေရဘူး၊ မင်းနဲ့အတူ ကျုပ်ပါ လိုက်သေမယ်"

"မလိုပါဘူး…ဒီဘဝမှာတောင် ဘယ်လိုဝဋ်ကြွေးရှိလို့ ခင်ဗျားလိုလူနဲ့ လာဆုံနေရတဲ့ကြားက နောက်ဘဝမှာပါ ခင်ဗျားကြီး နဲ့ ကျွန်တော် ဆုံရဦးမယ်ဆိုရင် လောကမှာ ကြာကြာလူဖြစ်ခွင့် ရတော့ ဖြစ်သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး…အဲလိုမဆုံချင်တဲ့လူတွေပဲ နောက်တော့ အတူ ဆုံရတာ"

"ဟင်…ခင်ဗျား"

စံသိုက်မောင်၏ အနေခင့်အသွားမလွတ်သော စကားကြောင့် ကြည်နူးမျက်နှာလှလှလေးမှာ ရဲတောက်သွားရလေသည်။

"ဒီမှာ ခင်ဗျားကို စကားအပိုမပြောချင်ဘူး၊ ကျွန်တော့်ကို ခင်ဗျားလိုက်ပို့မှာလား၊ မပို့ဘူးလား"

"ပို့ပေးနေတယ်လေ၊ ဗိုလ်လို့ပဲ ပဲခူးကို ကျူပ်သွားနေတာ"

"အို…ကျွန်တော်ပြောတာ ပဲခူးကိုမဟုတ်ဘူး သိလား ခင်ဗျားကို ကျောက်ကျောက်ဆီ လိုက်ပို့ခိုင်းနေတာ"

"မင်းက ကျောက်ကျောက်ဆီသွားပြီး ဘာသွားလုပ်မှာလဲ"

"ဘာသွားလုပ်ရမှာလဲ ကျောက်ကျောက်နဲ့တူ ပဲခူးသွားမှာ ပေါ့"

"ဘာကွ…မင်းဘာပြောတယ်၊ ပြန်ပြောစမ်း"

ကြည်နူးထံမှ ကြားလိုက်ရသည့် စကားကိုပင် စံသိုက်မောင်မှာ သူကိုယ်သူ နားကြားများလွဲသည်လားဟု ထင်မှတ်သား





မျက်ခုံးထူထူကြီး တွန့်ကြုတ်လျက် ထပ်မေးလိုက်လေသည်။

ဒါကိုပင် ကြည်နူးမှာ စံသိုက်မောင်အား ပို၍အရွဲ့တိုက်ချင်လာရသည်မို့…

"မကြားရင်လည်း ထပ်ပြောမယ်၊ ကျွန်တော် ပဲခူးကို ကျောက်ကျောက်နဲ့အတူ သွားမယ်လို့ပြောတာ၊ ကဲ…ကြားပြီလား"

"အေး…ကြားတယ်ကွ၊ ကြားတယ်၊ မင်း ဒီကောင်နဲ့ ဘယ်မှမသွားရဘူး၊ သွားခွင့်လည်း ငါမပြုနိုင်ဘူး၊ ပြီးတော့ ဆရာကြီးကလည်း ဒီကိစ္စကို ခွင့်ပြုမှာမဟုတ်ဘူး"

မျက်နှာထားတည်တည်ကြီးနှင့် စကားတွေ အရမ်းကို ဖြတ်သားစွာပြောနေသော စံသိုက်မောင်ကို ကြည်နူးမှာ အံ့ဩသလို မယုံကြည်နိုင်သော အကြည့်များဖြင့် ကြည့်မိသွားရလေသည်။

ဘုရားရေ…

သူ ဒီလူဘာဖြစ်နေတာပါလိမ့်။

မျက်နှာကြီး တည်တင်းခက်ထန်နေပုံကလည်း ကြောက်စရာ။ သူ့ဘာကို မကျေမနပ် ဖြစ်နေရတာပါလိမ့်။

ကြည်နူးဆိုတာကလည်း သူမကို အဓိပ္ပါယ်ပေးလာချင်



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းမှ မခံတတ်သူမို့ ယခုလို သူမကို ဟိုမသွားရ၊ ဒီမလာရ ဟု သူနှင့်လည်း ဘာမှမဆိုင်ပါဘဲ အမိန့်တွေ လာပေးသလိုပြော နေသည့် စံသိုက်မောင်ကို ကြည့်မရစွာ ဒေါသတွေဖြစ်လာရသည် မို့…

"ခင်ဗျားကိုယ့်အလုပ်ကို ကိုယ်လုပ်ရင်ကောင်းမယ်၊ သူများကိစ္စထဲ ခင်ဗျား ဝင်မပါပါနဲ့"

"ကျုပ်က သူများကိစ္စထဲ ဝင်ပါတာမဟုတ်ဘူး၊ ကျုပ်ကို ယုံကြည်လို့ ခိုင်းလိုက်တဲ့ကိစ္စကို ကျုပ်ဘက်က တာဝန်ကျေကျေ နဲ့ လုပ်နေတာ၊ ဒါကိုမှ ခင်ဗျားက မကျေနပ်ဘူးဆိုလည်း ခင်ဗျား သဘောပဲ"

သည့်စကားကို စံသိုက်မောင်သည် မျက်နှာတည်တည် ကြီးနှင့် အပြတ်ပြောနေလေ၏။

ဒါကိုပင် ကြည်နူးမှာ သူ့အား ကြည့်မရခြင်းဖြစ်သည်။

အလကားလူ့ခွစာ သူ့ကိုယ်သူ ဘာထင်နေသည်မသိ လူကို သူ့တပည့်လက်အောက်ငယ်သားလို မျက်နှာထားတည်တည် ကြီးနှင့် ပြောနေပုံကတော့ မုန်းချင်စရာ။ သူ့အား စိတ်ရှိတိုင်း





ထုရိုက်ပစ်ချင်စရာပင်ဖြစ်သည်။

ဒါတွေတွေးမိ၍ ကြည်နူးသည် ဒီလူ လူ့ခွစာကြီးနှင့် ဘယ်ကိုမှ မသွားချင်ပါလို့ ပြောသည့်ကြားက အန်ကယ်ကျော် သည် ကြည်နူးအား ဒီလူနှင့်အတူ လွှတ်လိုက်သည့်အဖြစ်။

"ဟင်း…စိတ်ပဲညစ်ပါတော့ရဲ့"

ကြည်နူးသည် သက်မလေးနှင့်အတူ ညည်းညူမိလိုက် လေသည်။

"ခင်ဗျား ဒါ ဘယ်ကိုသွားနေတာလဲ"

"ပဲခူးကိုလေ…ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ ပဲခူးကို ခင်ဗျားနဲ့မသွားဘူး၊ ကျော်ကျော် နဲ့သွားမယ်လို့ ပြောပြီးပြီပဲ၊ ကျွန်တော့်ကို ကျော်ကျော်ဆီ မောင်းပို့ ပေး"

"မပို့ပေးနိုင်ဘူး"

"ခင်ဗျားနော်"

ကြည်နူးမှာ သူမစကားကို ဆန့်ကျင်ပြောရဝံ့မလားဆို သော ကလေးတစ်ယောက်လိုပင် မျက်ဝန်းလေး စုံမှိတ်လျက် အော်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

"တာဝန်မကျေတဲ့ ခင်ဗျားကို အန်ကယ်ကျော်နဲ့ ပြန်တိုင်မယ်"

"ဒါတော့ မင်းသဘောပဲ၊ ကျုပ်ကို ဆရာကြီးပို့ခိုင်းတဲ့ ကိစ္စထဲမှာ မင်းကို ကျော်ကျော်ဆီ လိုက်ပို့ဖို့ဆိုတာမပါဘူး"

"ဒါပေမယ့် အန်ကယ်ကျော်က ကျွန်တော်သွားချင်တဲ့[illegible] ရာကို လိုက်ပို့ပေးဖို့ ခင်ဗျားကိုပြောတယ် မဟုတ်လား"

သူ့စကားကို ကြည်နူးသည်လည်း မခံ။ မျက်ဝန်းရှု[illegible] တောက်တောက်လေးနှင့် ပြန်ကြည့်ရင်း မခံချင်စွာ ပြောလိုက်[illegible] သည်။

"အဲဒါက တခြားကိစ္စကိုပြောတာ၊ ကျော်ကျော်ကိစ္စ[illegible] ဘူး၊ နောက်ပြီး မိန်းကလေးတစ်ယောက်အနေနဲ့ ကိုယ်နဲ့ ခုမှ[illegible] သိကျွမ်းရတဲ့ ယောကျ်ားလေးအိမ်ကို သွားတယ်ဆိုတာက[illegible] ဘယ်လိုမှ မသင့်တော်ဘူး"

ညီမတစ်ယောက်ကို အစ်ကိုတစ်ယောက်က ဆုံးမနေသ[illegible] လေသံနှင့် ပြောနေသော လူ့ခွစာကြီးကြောင့် ကြည်နူးရင်[illegible]





[illegible]ခံရခက်သွားရပြီး...

"သင့်သင့် မသင့်သင့် ခင်ဗျားနဲ့ဘာဆိုင်လဲ"

ကြည်နူးစကားကြောင့် စံသိုက်မောင်သည် သူမမျက်နှာဆီ စူးခနဲ တစ်ချက်စိုက်ကြည့်လာကာ...

"အဟွန်း...မင်းပြောသလို ဘာမှမဆိုင်လို့ပေါ့ကွာ၊ ဆိုင်[illegible]ဆိုင်ခဲ့ရင်"

"ဘာဗျ...ခင်ဗျားဘာပြောတာလဲ၊ ဆိုင်ခဲ့ရင် ခင်ဗျား [illegible]ကျွန်တော့်ကို ဘာလုပ်ချင်သေးလို့လဲ"

"အေး...ဆိုင်ခဲ့ရင် အနည်းဆုံးတော့ ဒီလောက်ဆိုးတဲ့ [illegible]တို ကျုပ် ရိုက်မိမလားမသိဘူး"

"ဟင်...ခင်ဗျားကြီး၊ ရပ်...ရပ် ကားကို ခုရပ်ပေး"

သူမောင်းပို့သောကားကို စီးရတာနှင့်မတန်အောင်ဝင် [illegible] ပြောဆိုနေသော စံသိုက်မောင်ကြောင့် ကြည်နူးသည် ဆုံးဖြတ်[illegible]တစ်စုံတစ်ရာကို ချလိုက်ပြီး ထိုစကားကို ပြန်ပြောလိုက်ခြင်း[illegible]သည်။

ကြည့်ရတာ လူ့ခွစာ တဖွတ်ထိုးသမားကြီးသည် သူမ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမင်ပြောပြော ကျော်ကျော်ရှိရာကို သူမအား လိုက်ပို့ပေးလိမ့်မည် မဟုတ်ပါ။

ထို့ကြောင့်လည်း ကြည်နူးသည် သူမနှင့် မျက်နှာချင်း မတည့်လှသည့် လူ့ချစကားကို ဆက်၍မစီးရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

"ရပ်နော်...ကားကိုအခုရပ်လို့ ပြောနေတယ်မဟုတ်လား"

ကြည်နူး၏ ခပ်ဆတ်ဆတ် စကားသံကြောင့် စံသိုက်မောင်၏ အကြည့်များက သူမရှိရာသို့ ရောက်ရှိလာကာ...

"ကျုပ်ကို ကားရပ်ခိုင်းပြီး မင်းက ဘာလုပ်မလို့လဲ"

"ဘာလုပ်ရမှာလဲ...အိမ်ကိုပြန်မလို့ပေါ့"

"ဟ...ဘာလို့ပြန်ရမှာလဲ၊ မင်းကို ဆရာကြီးက ပဲခူး သွားဖို့ပြောထားတာ ပဲခူးကိုသွားရမှာပေါ့"

"မသွားဘူး...မသွားဘူး၊ ခင်ဗျားမောင်းတဲ့ကားနဲ့ ပြီး ကျွန်တော် ဘယ်ကိုမှ မသွားဘူး"

စံသိုက်မောင်အပေါ်တွင် ကြည်နူးသည် တကယ့်



စိတ်ပျက်စိတ်တို ဒေါသဖြစ်ရသည်မို့ မျက်နှာထားတင်းတင်းလေး နှင့် ထိုစကားများကို ပေါက်ပေါက်ကွဲကွဲ ဆိုနေလိုက်သည်။

"မသွားလို့မရဘူး...ကျုပ်ကတော့ ဆရာကြီးခိုင်းတဲ့ အတိုင်း မင်းကို ပဲခူးရောက်အောင် ပို့ပေးရမှာပဲ"

ပြောရင်းက စံသိုက်မောင်သည် ကားကို အရှိန်ပိုမြှင့်ကာ မောင်းလိုက်တော့ ကြည်နူးတစ်ယောက် စံသိုက်မောင်ပေါ် ပို၍ ဒေါသတွေဖြစ်သွားရကာ...

"ကြည့်စမ်း...ဒါဘာလုပ်တာလဲ၊ ခင်ဗျားကို ကားရပ် ပေးဖို့ပြောနေတယ် မဟုတ်လား"

"မင်းရပ်ဆိုတိုင်း ကျုပ်မရပ်နိုင်ဘူး"

ကားကို ရှေ့တည့်တည့် ဂရုတစိုက်နှင့် ကြည့်ကာ မောင်းရင်းက စံသိုက်မောင်သည် ကြည်နူးအား လှည့်မကြည့်ပါ ဘဲ ပြောလိုက်လေသည်။

"ရပ်လို့ပြောနေတယ်မဟုတ်လား၊ ခင်ဗျားရပ်မပေးရင် ကားပေါ်က ကျွန်တော် ခုန်ချလိုက်မှာနော်"

ဆုံးဖြတ်ထားပြီးဟန် ကြည်နူးသည် မျက်နှာထားတင်း



www.burmeseclassic.com

www.burmeseclassic.com



တင်းလေးနှင့် အကျႌပ်ကိုင်ဆိုလာလေ၏။

သို့တိုင်…

စံသိုက်မောင် လူချောကြီးကတော့ဖြင့် ဂရုမစိုက်ပါပေ။ ကြည်နူးအပေါ်မှာသာ သူသည် မချင့်မရဲနှင့် ဒေါသတို့ ဖြစ်နေရသည်မို့ ရင်ထဲလှိုက်ရှူလျက် သွေးကြောလေးများ တုန်ခါနေရှာသည်ကို သင်းလေးသိမည်မဟုတ်ပါ။

"ဒီမှာ ကျွန်တော်ပြောတာ မရရင် တကယ်ခုန်ချလိုက်တော့မှာနော်"

ကားပေါ်တွင် ကြည်နူးမှာ ဖင်တကြွကြွနှင့် သူမပုံစံက တကယ်ပင် ခုန်ချမည့်ဟန်။

စံသိုက်မောင်မှာ မနေသာတော့။

လူက တကယ့်ကို အပျိုကြီး၊ လူကြီးတစ်ယောက်၏ ပုံစံမျိုး ဖြစ်နေရပေမယ့် သူမစိတ်ကတော့ ကလေးသာသာမို့ စံသိုက်မောင်သည် သူမအား စိတ်မချရဲတော့ဘဲ ကားပေါ်က တကယ်ခုန်ချမည့်ဟန်ပြင်နေသည့် ကြည်နူးကိုကြည့်ကာ စံသိုက်မောင်သည် သူ့ကားကို လမ်းဘေးတစ်နေရာသို့ အမြန်ပင် ဘရိတ်အုပ်ထိုးရပ်





လိုက်ရသည်။

ထိုအခါ…

ဘရိတ်ကို အရှိန်နှင့် ဆောင့်အုပ်လိုက်တာမို့ ကြည်နူးကိုယ်လေးမှာ ရှေ့ကို ငိုက်ခနဲကျသွားရသည်။

သို့သော်…

ကြည်နူးမှာ ချက်ချင်းပင် သူမကိုယ်လေးကို ပြန်ထိန်းလိုက်ပြီးနောက် ကားပေါ်မှ ဆင်းလိုက်သည်။

သည်နောက် ကြည်နူးသည် စံသိုက်မောင်ကို တစ်ချက်လေးမျှပင် မကြည့်တော့ပါဘဲ ခြေလှမ်းခပ်သွက်သွက်လေးဖြင့် အားလာရာနောက်ကြောင်းကို ပြန်၍လမ်းလျှောက်ခဲ့လိုက်သည်။

လက်နှစ်ဖက် ခပ်တင်းတင်းလေး ဆုပ်ကာ နှုတ်ခမ်းလေးကို သွားချွန်ချွန်လေးဖြင့် ဖိကိုက်လျက် ခြေလှမ်းကျဲကျဲနှင့် လမ်းလျှောက်နေသော ကြည်နူး၏ရင်ထဲတွင် ဒေါသတွေနှင့် ပြည့်သိပ်နေရ၏။

စံသိုက်မောင်မှာ သူမ ဒီလိုလုပ်လိမ့်မည် မထင်ထားခဲ့သည့်ကြားက ကလေးဆန်ဆန် ပြုမူလာပါသည့် ချစ်သူလေး၏ပြု



www.burmeseclassic.com

www.burmeseclassic.com



အရွယ်အတွက် စိတ်မှာ အသည်းယားယားနှင့်ပင် မျက်ခုံးကြီး ရှောင်ရှောင်တွန့်ရင်းက သူ၏ကားကို နောက်ဆုတ်မောင်းလာခဲ့လိုက်ပြီး—

"ဟိတ်…လာ ကားပေါ်တက်"

ကြည်နူးမှာ စံသိုက်မောင်စကားကို ကြားသော်လည်း မကြားဟန်နှင့် သူ့ရှိရာကို တစ်ချက်လေးမှ လှည့်မကြည့်ပါဘဲ ခြေလေး ဘောက်ဆတ်ဘောက်ဆတ်လေးနှင့်သာ ဆက်လျှောက်နေမိသည်။

"ဒီမှာအမိ…ကျုပ်ပြောတာ ကြားတယ်မဟုတ်လား ကားပေါ်တက်ဆိုတာ"

သူ့စကားကို ကြည်နူးမှာ ကြားသည်မမှတ်ပါဘဲ ဒေါသမျက်နှာလှလှလေးနှင့်သာ လမ်းကိုလျှောက်မြဲ ဆက်လျှောက်နေလေ၏။

အင်း…ကြည့်ရတာ ဒီကလေးပုံစံက သူထင်တာထက်ပင်ပို၍ခေါင်းမာလွန်းသည့်ပုံမို့ စံသိုက်မောင်သည် သူမလေးအား အလျှော့ပေး၍မဖြစ်ဆိုတာ တွေးမိပြီး…

"မင်းကို ကျုပ် ကောင်းကောင်းပြောနေတယ်နော်





ကြည်နူး၊ ကျုပ် ဒီထက်လည်း စိတ်မရှည်နိုင်တော့ဘူး၊ ပြီးမှ မှားပါပြီမပြောနဲ့"

"ဟွန်း…ခင်ဗျားလိုလူကို ကျွန်တော် ဒီစကားမျိုးပြောလိမ့်မယ်လို့ ခင်ဗျား ဒီတစ်သက်မမျှော်လင့်နဲ့"

ဒေါသမျက်နှာလှလှလေးနှင့် ဆိုလိုက်သည့် ကြည်နူးစကားကြောင့် စံသိုက်မောင်၏ ယောက်ျားပီသခန့်ထည်လွန်းသော မျက်နှာချောချောကြီးမှာ ပြုံးသွားရလေသည်။

တကယ်တော့ စံသိုက်မောင်သည် သူမနှုတ်မှ သူ့အား တစ်ခုခုတုံ့ပြန်လာမည့်စကားကို ကြားချင်သောကြောင့် သူသည် တမင်ပင် သူမလေးအား ထိုစကားပြောလိုက်ခြင်း ဖြစ်သည်။

သူမျှော်လင့်ထားသည့်အတိုင်းလည်း ကြည်နူးထံမှ စကားသံလေး ထွက်ပေါ်လာတော့ စံသိုက်မောင် မျက်နှာချောချောကြီးမှာ ကြည်နူးမှုဖြင့် ကျေနပ်သွားရလေသည်။

သူ့အား စိတ်ဆိုးကာ လမ်းလျှောက်နေသော သူမထံက ဘာစကားသံမှ မကြားရတာနှင့်စာလျှင် ဘာပဲပြောပြော သူမထံက ယခုလို တုံ့ပြန်လာသံလေးကပင် စံသိုက်မောင်အတွက် အားရှိချင်



www.burmeseclassic.com

www.burmeseclassic.com



စရာဖြစ်သည်။

"ကြည်နူး"

သူ့နှုတ်မှ သူမနာမည်ခေါ်လိုက်ခြင်းကို ကြည်နူးသည် နားတွင် အထူးအဆန်းကြီးလို ဖြစ်နေရတော့သည်။

စံသိုက်မောင်မှာ သူဘယ်လိုပင်ခေါ်ခေါ် မထူးပါသည့် ကြည်နူးကိုကြည့်ကာ သူသည် ကားကို စက်သတ်ရပ်လိုက်ပြီး နောက် ကားပေါ်မှ ဆင်းလာခဲ့လေသည်။

သူ ကားပေါ်ကဆင်းလာသည်ကို ကြည်နူးသိတော့ သူမ ၏ခြေလှမ်းများကို ကြည်နူးသည် ပို၍မြန်အောင် လျှောက်လိုက် သည်။

စံသိုက်မောင်သည် သူ့ကိုမြင်ပါမှ လမ်းကို ပို၍ခပ်မြန်မြန် ခပ်သွက်သွက်လေး လျှောက်နေသည့် ကြည်နူးကို သူသည် စိတ်မှာ မချင့်မရဲဖြစ်ရခြင်းများစွာနှင့် ကြည့်ပြီး ကြည်နူးအနားသို့ သူတိုးကပ်လျှောက်လာခဲ့လိုက်သည်။

"ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို ဒီလောက်အမောခံပြီး လမ်းကို အမြန်လျှောက်နေရတာလဲ၊ လာ ကားပေါ်တက်၊ အိမ်သွားချင်





တဲ့နေရာ ကျုပ်လိုက်ပို့ပေးမယ်"

"အို…မလိုပါဘူး၊ ခင်ဗျားမောင်းပို့မှ ရောက်မယ့်နေရာ ဆို ကျွန်တော် ဘယ်ကိုမှ မသွားတော့ဘူးသိလား၊ ဖယ်ပါ ကျွန်တော့်ရှေ့က၊ ခင်ဗျားကားကို ကျွန်တော် မစီးတော့ဘူးလို့ ဆုံးဖြတ်ထားပြီးသား"

သူမရှေ့တွင် ပိတ်ရပ်နေသည့် စံသိုက်မောင်ကိုယ်ကြီးကို ကွေ့ပတ်ရှောင်ရင်းက ကြည်နူး ပြောလိုက်လေ၏။

စံသိုက်မောင်မှာ ကြည်နူးစကားကြောင့် မျက်နှာပျက်သွား ရကာ…

"ဟာ…မဟုတ်တာ၊ အဓိပ္ပါယ်မရှိတာပဲ၊ ဒီလောက်ခရီး ဝေးကြီးကို မင်းလို နုနယ်တဲ့ မိန်းကလေးက ကားမစီးဘဲ လမ်း လျှောက်ပြန်မယ်ဆိုတာ မဟုတ်သေးပါဘူး"

"ဒါ ခင်ဗျားအပူမဟုတ်ပါဘူး၊ ကျွန်တော့်ဘာသာ လျှောက်နိုင်နိုင် မလျှောက်နိုင်နိုင် ခင်ဗျား ကျွန်တော့်ကို ထားပြီး သွားတော့"

ကြည်နူးသည်ကလည်း နည်းနည်းမှ မခံပါပေ။ စံသိုက်

www.burmeseclassic.com



မောင်အား ခပ်တင်းတင်းပင် ပြန်ပြောလိုက်သည်။

"ကျွတ်...မင်းဘာလို့ ဒီလောက်ခေါင်းမာနေရတာလဲ၊ သိပ်ခက်ပါလားကွာ"

စံသိုက်မောင်မှာ ကြည်နူး တကယ်တမ်း ဂျစ်ကျူပြီဆိုတော့လည်း သူဘာလုပ်ရမှန်းမသိပါ။

သူမကိုယ်သူမ လမ်းလျှောက်ပြိုင်နေသူတစ်ယောက်လို သူ့ကို တစ်ချက်လေးမှ လှည့်မကြည့်ပါဘဲ ခြေလှမ်းခပ်သွက်သွက်ဖြင့် သွားနေသော ကြည်နူးကို စံသိုက်မောင်သည် စိတ်ရှုပ်စိတ်ညစ်ရသလို မျက်ဝန်းတည်တည်ကြီးနှင့် စူးခနဲကြည့်ပြီး...

"ရှေ့ကအမိ...ဒီမှာရပ်ပါဦး"

စကားသံနှင့်အတူ စံသိုက်မောင်တစ်ယောက် ကြည်နူးကို အမီလျှောက်လာခဲ့လိုက်သည်။

သို့သော်...

ကြည်နူးကား သူ့အား ဘာမှပြန်မပြောသလို သူမ၏ ခြေလှမ်းများကိုလည်း မရပ်ပါ။

"ဟိတ်...ကျုပ်ပြောနေတယ်၊ မင်းရပ်မလား မရပ်ဘူး





လားပြော"

စံသိုက်မောင်သည် စိတ်မရှည်တော့သလို မျက်နှာရှူတည်တည်ကြီးနှင့် ရာဇသံပေးလိုက်သည်။

သူ့စကားကို ကြည်နူးမှာ နည်းနည်းလေးမှ မဖြူပါပေ။

ထိုအခါ...

စံသိုက်မောင် လူချောကြီး၏ ရင်ဝယ် မချင့်မရဲဖြစ်သွားရပြီ...

"ဒီလောက်ခေါင်းမာတဲ့မင်း ကဲ မရပ်ဦး"

"အို"

မချင့်မရဲဒေါသတို့နှင့် စိတ်မှာ အသည်းယားယားကြီးဖြစ်နေရသော စံသိုက်မောင်မှာ ရုတ်ခြည်း ကြည်နူးကိုယ်လေးကို ကလေးတစ်ယောက်လို ဆွဲခနဲ ပွေ့ယူမချီလိုက်လေသည်။

"ခင်ဗျားနော်...ဘာလုပ်တာလဲ၊ လွှတ်...လွှတ်ကျွန်တော့်ကို ချအောက်ချ"

ရုတ်လန့်သံလေးနှင့်အတူ ကြည်နူးသည် သူမ ဘယ်လိုမှ မျှော်လင့်ထားသည့်အဖြစ်ကို ရင်ဆိုင်လိုက်ရသောကြောင့် စံသိုက်



www.burmeseclassic.com

www.burmeseclassic.com



မောင် ပွေ့ဖက်ထားသည့် သူမကိုယ်လေးကို သူ့ရင်ခွင်ထဲက ဖွတ်တိုးပင် ရုန်းထွက်နေတော့သည်။

"ပြောနေတာ မကြားဘူးလား၊ ကျွန်တော့်ကို ခုအောက်ချပေးဆိုတာ ခုပြန်ချပေး"

နီမြန်းနေရသော ရှက်မျက်နှာလှလှလေးနှင့် ကြည်နူးသည် စံသိုက်မောင် ရင်ဘတ်ကြီးကို သူမလက်လေးနှင့် ထုရိုက်ရင်းအပြောနေသည့်တိုင် စံသိုက်မောင်ကတော့ သူမအား လွှတ်မပေးပါတော့။

တည်တည်ရူးရူး မျက်နှာကြီးနှင့် နှုတ်ခမ်းအစုံကို တင်းတင်းစေ့လျက်က သူ့ရင်ခွင်ထဲက ဖွတ်တိုးရုန်းထွက်နေသည့် ကြည်နူးကိုယ်လေးကို တင်းတင်းကြီး ပွေ့ဖက်ကာ သူ့ကားဆီသို့ ခေါ်လာခဲ့လိုက်သည်။

ကြည်နူးသည်ကတော့ အင်အားချင်းမမျှသဖြင့် သူခေါ်လာရာနောက်ကိုသာ ရှက်အေါ်သမျက်နှာလှလှလေးနှင့် ပါလာခဲ့ရသည်။

စံသိုက်မောင်သည် ကြည်နူးကိုယ်လေးကို ကားထဲသို့





ထည့်လိုက်ပြီးနောက် သူသည်လည်း ကားကို ထိုနေရာမှ မောင်းထွက်ရန်အလုပ်...

"ခင်ဗျား...ခင်ဗျား ဒါဘာလုပ်တာလဲ"

ကြည်နူးသည် ဒေါသတွေနှင့် မခံချင်စွာ ကြည့်ရင်း စံသိုက်မောင်ကို ပြောလိုက်သည်။

"မင်းမြင်တဲ့အတိုင်းပဲလေ၊ မင်းက ပြောလို့ရတဲ့ မိန်းကလေးမဟုတ်တော့ ကျုပ်လည်း မင်းကို မရရတဲ့နည်းနဲ့ ခေါ်လာရတာပေါ့"

နဂိုကမှ လူ့ခွစာဒရိုင်ဘာအပေါ် အနိုင်မရသည့် ကြည်နူးမှာ ယခုလည်း သူမအပေါ် ငါယောကျ်ားပဲဆိုပြီး အနိုင်ယူနေသော စံသိုက်မောင်အပေါ် ရှက်စိတ်၊ မခံချင်စိတ်တို့ဖြင့် ပေါင်းကာ ရင်မှာ ဝမ်းနည်းလာရသည်မို့ မျက်နှာလှလှလေးပေါ် လက်လေး အုပ်မိုးလျက် ချုံးပွဲချကာ ငိုလိုက်မိတော့သည်။

"အဟင့်...ဟင့်...ဟင့်"

"ဟာ...ဟိတ်...ဟိတ်..ဘာလို့ငိုရတာလဲ"

ကြည်နူး၏ မျက်ရည်များကို မြင်တော့ စံသိုက်မောင်



www.burmeseclassic.com

www.burmeseclassic.com



သည် ပြုံးပြုံးဖျာဖျာ ဖြစ်သွားကာ သူမပခုံးလေးကို ကိုင်လှုပ်လျက် မေးလိုက်သည်။

“ဖယ်…ခင်ဗျား ကျွန်တော့်ကို မထိနဲ့၊ လူ့ခွစာကြီး ခင်ဗျားကို မုန်းတယ်သိလား၊ အဟင့်…ဟင့်…ဟင့်”

ပြောလည်းပြော ငိုလည်းငိုနှင့် ကြည်နူးသည် စံသိုက်မောင်လက်ကို သူမလက်လေးနှင့် ခပ်ဆတ်ဆတ်ပင် ဖယ်ရှားပစ်လိုက်သည်။

“ကျွတ်…ဘာလို့ ဒီလောက်ငိုနေရတာလဲ၊ မင်းငိုအောင် ကျုပ်ဘာလုပ်လို့လဲကွ”

“ဘာပြောတယ်၊ ခင်ဗျားဘာလုပ်လို့လဲ ဟုတ်လား”

မျက်ဝန်းအိမ်တွင် ပြည့်သီအိုင်ဖွဲ့နေရပါသော မျက်ဝန်းအစုံဖြင့် ကြည်နူးသည် သူ့အား စိမ်းစိမ်းစူးစူးကြီး ကြည့်လာလေ၏။

“အေးလေကွာ…မင်း ဒီလောက်ငိုနေတာ မသိရင် ကျုပ်ကပဲ မင်းကို တစ်ခုခုလုပ်သလို ထင်စရာဖြစ်မနေဘူးလား”

“ဖြစ်နေတာမဟုတ်ဘူး ဖြစ်ကိုဖြစ်နေတာ၊ ခင်ဗျားကြီး ကျွန်တော့်ကို ခုလိုအနိုင်ကျင့်တာကောင်းလား”





“ဒါကတော့ မင်းက ကျုပ်စကားကိုမှ နားမထောင်ဘဲ၊ ဒီတော့လည်း ကျုပ်က မင်းကို မရရတဲ့နည်းနဲ့ ခေါ်လာခဲ့ရတာပေါ့”

“ကျွန်တော့်ကို ခင်ဗျားကြီး ဒါ မလအားကိုးနဲ့ သက်သက်အနိုင်ကျင့်တာပဲ”

ကြည်နူးမှာ သူမကို ယခုလိုမျိုး အနိုင်ကျင့်ရပါ့မလားဆိုတာ ဒေါသနှင့် မကျေမချမ်း ပြောလိုက်လေသည်။

“မင်း ကျုပ်ကိုအထင်လွဲနေပြီ”

“မလွဲဘူး…လွဲစရာအကြောင်း မရှိဘူးဆိုတာ ခင်ဗျားလုပ်ရပ်က သက်သေခံနေတာပဲ”

“မဟုတ်သေးပါဘူးကွာ”

စံသိုက်မောင်မှာ သူ့အဖြစ်ကို သူ မချင့်မရဲဖြစ်စွာ ဆိုလိုက်လေသည်။

“ဘာမဟုတ်တာလဲ ခင်ဗျားယောကျ်ားမို့လား။ ယောကျ်ားဆိုတာ ကိုယ့်အပြစ်ကို ကိုယ် ဝန်ခံရဲရတယ်ဗျ”

“ဝန်ခံရအောင် ကျုပ်က ဘာအမှားတွေ မင်းကိုလုပ်မိ



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ''

''ဘာဖြစ်လို့ ကျွန်တော့်ကို ခင်ဗျားကားပေါ် ပြန်ခေါ်လာရတာလဲ''

''ပြန်ခေါ်လာမှာတော့ ရှင်းနေတာပဲ မင်းကို ပြန်လိုက်စေချင်လို့ပေါ့ကွ''

စံသိုက်မောင်စကားကြောင့် ကြည်နူး မျက်နှာလေးမှာ ဝို၍တင်းမာသွားရပြီး…

''ခင်ဗျားနောက်ကို ပြန်မလိုက်ဘူးလို့ ပြောပြီးပြီမဟုတ်လား၊ ဖယ်…ကျွန်တော် ကားပေါ်ကဆင်းမယ်''

ပြောပြီး ကြည်နူးသည် ကားပေါ်က တကယ်ပင် ထဆင်းရန်ပြင်လိုက်တော့ စံသိုက်မောင်သည် မျက်နှာကြီး တည်တင်းသွားရပြီး…

''အဟွန်း…သတ္တိရှိရင် မင်းဆင်းကြည့်လေ၊ ဒီတစ်ခါတော့ မင်းကို ကျုပ်က ရိုးရိုးပွဲ့ချီခေါ်လာမှာ မဟုတ်တော့ဘူး ကျုပ်စကားကို နားမထောင်ဘဲ ဒီလောက်ဂျစ်ကျချင်တဲ့ မင်းကို အနမ်းနဲ့ အပြစ်ပေးပြီးမှ ပြန်ခေါ်လာမယ်မှတ်''





''အို''

သူ့စကားကြမ်းကြမ်းကြီးကြောင့် ကြည်နူးသည် အငိုပင်ရပ်သွားကာ မျက်နှာလေးမှာ နီရဲသွားရသည်။

ထို့အတူ…

စံသိုက်မောင်အပေါ်လည်း ကြည်နူး ဒေါသတွေ ဝို၍လွန်ကဲသွားရ၏။

ကြည့်စမ်း…

လူ့ခွစာစကားတွေ သူမကို ဘယ်လောက်များ အခံရခက်၊ ရှက်ဒေါသဖြစ်စေရသည်လည်းဆိုတာ။

သူ့စကားတွေက သူမအပေါ် ပိုင်စိုးပိုင်နင်းနှင့် အနိုင်ကျင့်လွန်းအားကြီးနေရသည်။

သို့ပေမယ့်…

ကြည်နူးသည် စံသိုက်မောင်စကားကိုလည်း မလွန်ဆန်ရဲပါ။ ပြောရသည်မဟုတ် လူ့ခွစာသည် ပြောရင်လည်း သူပြောသည့်အတိုင်း လုပ်တတ်သူမို့ ကြည်နူးသည် ဘာပဲပြောပြော သူ့ကိုတော့ ကြောက်လန့်မိရတာ အမှန်ဖြစ်သည်။

www.burmeseclassic.com



မတော်လို့ သူ့စကားကို နားမထောင်ဘဲ ကြည်နူး ကား ပေါ်က စိတ်ထင်တိုင်း ဆင်းသွားပါကလည်း လူ့ခွစာသည် သူ ပြောသည့်စကားအတိုင်း သူမကိုမလုပ်ဟု မပြောနိုင်ပါ။

ထို့ကြောင့် ကြည်နူးသည် သူ့စကားကို မကျေမနပ်နှင့် ပင် နှုတ်ခမ်းလေး စွေ့ဝိတ်လျက် ငြိမ်သက်နေလေသည်။

"ကဲ…ဘယ်လိုလဲ ကားပေါ်က ဆင်းဦးမှာလား"

မတည်မပြုံး အကြည့်စူးစူးကြီးနှင့် စိုက်ကြည့်ကာ မေး လာသည့် စံသိုက်မောင်ကို ကြည်နူးသည် အားမတန် မာန်လျှော့ လို့ထားရပေမယ့် ရင်ထဲမှာတော့ လူ့ခွစာအပေါ် နာကျင်မုန်းတီးစိတ် နှင့် ပြည့်လျှံနေရတော့သည်။

သူ့အပေါ် နာကျင်မုန်းတီးစိတ်ကြောင့်လည်း ကြည်နူး မျက်နှာလေးမှာ တင်းတင်းစူစူလေး ဖြစ်နေရ၏။

"ဟိတ်…မေးတာဖြေဦးလေ၊ ကားပေါ်က ဆင်းဦးမှာ လားဆိုတာ"

အနိုင်ရသူတစ်ယောက်၏ အပြုံးမျိုးဖြင့် ကြည်နူးကို ခပ်ပြုံးပြုံးမေးလာတော့ ကြည်နူးသည် မခံချင်စိတ်နှင့် သူ့ရှေ့တွင်





မငိုတော့ပါဘူး စိတ်တင်းထားသည့်ကြားက မျက်ရည်တွေထ ပါးပြင်ထက် တစ်ပေါက်ချင်း ကျလာရတော့သည်။

"ကြည်နူး…မင်း"

စံသိုက်မောင်သည် စကားကို ရှေ့ဆက်မဆိုတော့ပါ။ သူ့အပေါ် အခံရခက် ဒေါသဖြစ်နေသောကြောင့် မျက်ရည်တွေ ပါးပြင်ထက် စီးကျနေသော ကြည်နူးမျက်နှာလေးကို သူသည် မကြည့်ရက်၊ မကြည့်နိုင်တော့သလို အကြည့်များလွှဲရင်းက သူမ အမည်လေးကို မချင့်မရဲ ညည်းညူမိရင်း ကားကို နေရာမှ မောင်း ထွက်လာခဲ့လိုက်သည်။

ကားမောင်းရင်းက စံသိုက်မောင်သည် သူ့ဘေးတွင် ငြိမ် ငြိမ်သက်သက်လေး ပါလာသော ကြည်နူးကို သူသည် ငဲ့စောင်း ၍ပင် မကြည့်မိအောင် သူ့ကိုယ်သူ သတိထားနေလိုက်တော့သည်။

အဘယ်ကြောင့်ဆိုရသော်…

သူသာ သူမလေးကို ကြည့်မိပါက သူ့နှလုံးသားသည် သူမလေးကြောင့် တုန်လှုပ်သွားနိုင်သည်ကိုလည်း စံသိုက်မောင် သူ့ကိုယ်သူ သိနေသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားထဲတွင် နှစ်ဦးသား တစ်ယောက်နှင့်တစ်ယောက် ဘာစကားမှ မဆိုမိပါဘဲ ထိုပုံစံနှင့်ပင် အိမ်သို့ပြန်ရောက်ခဲ့ရသည်။

အိမ်သို့ပြန်ရောက်သည်ဆိုရင်ပဲ ဒေါ်ကြီးစောမှာ မျက်နှာကိုယ်စီပျက်နေသော သူတို့နှစ်ဦးကို အကဲခတ်သော အကြည့်ဖြင့် ကြည့်သော်လည်း ဘာမှတော့ဖြင့် မမေးပါ။

မေးပါကလည်း ကြည်နူးတွင် ဖြေနိုင်ဖွယ်အင်အား မရှိတော့လောက်အောင် ဖြစ်နေရသည်။

အကြောင်းမှာ…

သူ့အပေါ် ဖြစ်ရသည့် ဒေါသများကို တစ်လမ်းလုံး ထိန်းလာခဲ့ရသော ကြည်နူးသည် အိမ်သို့ရောက်သည်ဆိုရင်ပဲ သူမသည် စိတ်မှာ ဆက်၍ထိန်းနိုင်စွမ်း အင်အားမရှိလောက်အောင် ဖြစ်လာရသည်မို့ အရမ်းကို ငိုချင်နေရပြီမဟုတ်ပါလား။

ထို့ကြောင့်လည်း ကြည်နူးသည် ကားပေါ်က ဆင်းသည်ဆိုရင်ပဲ ခြေလှမ်းများက သူမအခန်းဆီသို့ အပြေးလေးတက်လာကာ အိပ်ရာထက် မျက်နှာလေးမှောက်ကာ ရင်မှာထိန်းထားခဲ့ရသမျှ အားရပါးရ ငိုချပစ်လိုက်ပါတော့သည်။



အန်ကယ်ကျော် အလုပ်ကပြန်လာလို့ ကြည်နူးကို မေးပါကလည်း ကြည်နူးသည် အန်ကယ်ကျော်ကို ဘယ်လိုဖြေရမည်မသိပါ။

လောလောဆယ် ကြည်နူးသိသည်က လူ့ခွစာဒရိုင်ဘာ စံသိုက်မောင်အပေါ် သူမသည် နာကြည်းမှုတို့ဖြင့် အရမ်းကို ဒေါသထွက်ဖြစ်နေရခြင်းသာ ဖြစ်တော့သည်။

X-X-X

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

ဒေါ်ကြီးစော ရွာသို့ ခဏပြန်သွားသောအခါ တစ်အိမ်လုံး၏ အိမ်မှုကိစ္စသည် ကြည်နူးပေါ် ရောက်ရှိလာရသည်။

ဒေါ်ကြီးစော ရှိစဉ်တုန်းကတော့ ကြည်နူးသည် အိမ်မှုကိစ္စတွေကို သိပ်မြန်ကြည့်စရာ မလိုပေမယ့် ယခုလို ဒေါ်ကြီးစော မရှိသည့်အချိန်မှာတော့ ကြည်နူးသည်ပင် အားလုံးလုပ်ကိုင်ရလေ၏။

ယခုလည်း ကြည်နူးသည် မီးဖိုထဲတွင် ချက်ပြုတ်ပြီးစီးသည်နှင့် အဝတ်လျှော်ရန် ရေချိုးခန်းထဲသို့ ဝင်လာခဲ့လိုက်သည်။

အန်ကယ်ကျော် အဝတ်များကို ကြည်နူးသည် မနေ့က





တည်းက လျှော်ခဲ့ပေးပြီးပြီမို့ ဒီနေ့တော့ သူမအဝတ်များကို လျှော်လိုက်လေသည်။

အန်ကယ်ကျော် အိမ်တွင် အဝတ်လျှော်စက်မထားပါ။ အန်ကယ်ကျော်သည် သူ့အဝတ်အစားများကို အဝတ်လျှော်စက်နှင့် လျှော်သည်ကို မကြိုက်ဟုဆိုကာ တမင်ပင် အဝတ်လျှော်စက်ကို သူ့အိမ်တွင် မထားခြင်းဖြစ်သည်။

ဒါကြောင့်မို့ ကြည်နူးသည် အန်ကယ်ကျော်အဝတ်ကိုရော သူမအဝတ်ကိုပါ လက်နှင့်လျှော်ရလေ၏။

ကြည်နူးသည် သနပ်ခါးမိတ်ကပ် မကြိုက်တတ်ပေမယ့် သူမသည် လက်သည်းရှည်ရှည်လေးများ ထားရသည်ကိုတော့ ကြိုက်နှစ်သက်တတ်သူမို့ သူမလက်လေးသည် လက်သည်းရှည်လေးများကို တယုတယနှင့် ထားတတ်သူဖြစ်သည်။

ထိုလက်သည်းရှည်လှလှလေးများကို ထားတတ်သော ကြည်နူးတစ်ယောက် ယခုလို အဝတ်ကို လက်နှင့်လျှော်ရသည့် အခါမှာတော့ အခက်တွေ့ရပြီဖြစ်သည်။

အကြောင်းကား…



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးသည် သူမလက်သည်းရှည်လေးများကို မကျိုးမပဲ့ရလေအောင် ဂရုစိုက်နေရသောကြောင့် ဖြစ်သည်။

သူမလက်သည်းရှည်လေးများ တစ်ခုခုကြောင့် ကျိုးပဲ့ပျက်စီးသွားလျှင် ကြည်နူးသည် နှမြော၍ မဆုံးတော့ပါ။

ထို့ကြောင့်လည်း ကြည်နူးသည် အဝတ်လျှော်သည်ကိုပင် သူမ လက်သည်းလေးများ မကျိုးမပဲ့ရလေအောင် သေချာဂရုစိုက်၍ လျှော်ခဲ့လေသည်။

လျှော်ပြီးသား အဝတ်များကို ကြည်နူးသည် ရေမချိုးမီ တစ်ခါတည်း လှန်းရန်အတွက် လျှော်ပြီးသားအဝတ်များကို ယူကာ အိမ်ဘေးသို့ ကြည်နူး လျှောက်လာခဲ့လိုက်သည်။

သည်နေ့နှင့်ဆိုပါက ကြည်နူး အဝတ်အစားများ ခဏလေးနှင့် ခြောက်နိုင်တာမို့ ကြည်နူးသည် နေကိုတစ်ချက်ကြည့်ရင်း အိမ်ဘေးထောင့်အကွယ်မှ သူမကိုယ်လေးအထွက်···

"အမေ့"

"ဟာ"

"အို"





"ဒုက္ခပါပဲ၊ အကျီတွေကျကုန်ပြီ"

စကားသံလေးများ ကိုယ်စီနှင့်အတူ ကြည်နူးလက်ထဲမှ လျှော်ပြီးလှန်းရန် ယူလာသည့် အဝတ်များမှာ မြေပြင်ပေါ်သို့ ကျသွားရပြီဖြစ်သည်။

ကြည်နူးသည် သူမလျှော်ပြီး ယူလာသည့် အဝတ်များ မြေပြင်ပေါ်သို့ ကျသွားရသည်ကို နှမြောမဆုံး ဖြစ်သွားရကာ သူမ အကြည့်များကလည်း သူမနှင့် တိုက်မိသွားရသည့် လူကို ဖျတ်ခနဲမော့အကြည့်···

"ဟင်"

"ခင်ဗျား···ခင်ဗျားကြီး"

သူမအား တည်တည်စူးစူးကြီး စိုက်ကြည့်နေပါသော လူ့ခွစာကို တွေ့လိုက်ရသောကြောင့် ကြည်နူးသည် အံ့ဩမှုနှင့်အတူ ဒေါသလေးများ ဖြစ်သွားရပြီး···

"ဒါ ခင်ဗျား တမင်လုပ်တာပေါ့လေ ဟုတ်လား"

"ဟော့···မင်းစကားက ဘာလဲကွ၊ ကျုပ်က ဘာကြောင့် တမင်လုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား…ခင်ဗျား မညာနဲ့၊ ခု ကြည့်စမ်း ခင်ဗျားရဲ့ မဆင်ခြင်မှုကြောင့် ကျွန်တော် လျှော်ထားတဲ့အဝတ်တွေ အားလုံး မြေပြင်ပေါ် ကျကုန်ပြီ"

"ဘာလဲ…မင်းက ဒါ ကျုပ်အပြစ်လို့ပြောတာလား"

"ပြောတာမဟုတ်ဘူး၊ ပြောကိုပြောနေတာ"

"ဒီလိုဆိုရင် မင်းလည်း အပြစ်မကင်းဘူးပဲ"

"ဘာဗျ"

"ဟော့…ဒေါ်သမကြီးနဲ့လေကွာ၊ ဒီကိစ္စက ကျုပ် တစ်ယောက်တည်းကြောင့် ဖြစ်ရတာမှ မဟုတ်ဘဲ၊ မင်းရော ကျုပ် ပါ နှစ်ယောက်လုံး မမြင်လို့ ခုလိုဖြစ်ရတာပဲ"

"အို…တော် …တော် ခင်ဗျားဆင်ခြေတွေ ပေးမနေနဲ့၊ ခင်ဗျား ဒီမှာရှိနေမှန်း ကျွန်တော်မှမသိတာ၊ ကျွန်တော်က မမြင်လို့ ထွက်လာတော့ရော မြင်တဲ့ခင်ဗျားက ရှောင်ပါလား၊ ခုတော့ ခင်ဗျား ကြောင့် ကျွန်တော် ဒီအဝတ်တွေကို ထပ်ပြီး ရေဆေးရဦးမယ် သိရဲ့လား"

ကြည်နူးမှာ မြေပြင်ထက် ကျသွားရသည့် သူမအဝတ်





များကို ပြန်ကောက်ရင်းက ဒေါ်သတကြီးနှင့် စံသိုက်မောင်အား အပြစ်တင်လိုက်လေသည်။

"ကဲပါကွာ…ဒီကိစ္စ ဒီလောက်လည်း ဒေါ်သကြီးမနေ ပါနဲ့၊ မင်းအဝတ်တွေ ကျုပ်ရေပြန်ဆေးပေးပါ့မယ်၊ ဒါဆို ဖြစ်တယ် မဟုတ်လား"

စံသိုက်မောင်သည် မျက်နှာတည်တည်တင်းတင်းကြီးနှင့် ပြောလိုက်သည်။

"မလိုပါဘူး၊ ကျွန်တော့်အဝတ်တွေ ကျွန်တော့်ဘာသာ ပြန်ရေဆေးပါ့မယ်"

ပေသွားရသော အကျီများကို ကြည်နူးသည် သူမလက် ဘွင် စုကိုင်ရင်းက ပြောလိုက်သည်။

"ပေးပါဗျာ…ကျုပ်ပြန်ရေဆေးပေးပါ့မယ်၊ ခင်ဗျား နောက်တစ်ခါ ဒီအဝတ်တွေ ပြန်ရေဆေးနေရရင် ဒီပုံနဲ့အအေးပတ် မှာ သေချာတယ်"

သူပြောတော့မှ ကြည်နူးသည်လည်း သူမအဖြစ်ကို သူမ သတိရသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို"

ရှက်လုံ့သံလေးနှင့်အတူ ကြည်နူးမှာ မျက်နှာလေးရဲရဲ တောက် နီမြန်းသွားရကာ သူမလက်ထဲကိုင်ထားသည့် အကျီများကိုလည်း အလိုလိုလွှတ်ချမိလျက်သား ဖြစ်သွားရသည်။

ဘုရားရေ...

ကြည့်စမ်းပါဦးတော့...

ကြည်နူးသည် ရေချိုးရန်ပြင်ဆင်ထားသည်မို့ ထဘီရင် လျားလေးနှင့် ရှိနေရလေ၏။ တော်ပါသေးသည် သူမကိုယ်ပေါ် တွင် ခြုံထည်တဘက်ကြီး ခြုံထား၍ မဟုတ်ပါက ကြည်နူးသည် ရှက်တာနှင့် သေမည်လားမပြောတတ်။

အဝတ်လျှော်ရင်း ထွက်လာခဲ့ရသည်မို့ ကြည်နူး၏ လုံချည်အောက်နားစများမှာ ရေများ ရွှဲရွှဲစိုနေရပြီဖြစ်သည်။ ဒါတ် ပင် စံသိုက်မောင်မှာ ကြည်နူးအား သတိပေးသလို ဆိုလိုက်ခြင်း ဖြစ်သည်။

သူ့စကားကြောင့် ကြည်နူးသည် ရှက်သွားရပါသော်လည်း သူမကိုယ်သူမ ဟန်မပျက်အောင် ထိန်းလိုက်ရင်းက စောစော





သူမ အယောင်ယောင်အမှားမှားဖြင့် လွှတ်ချမိလိုက်တဲ့ အကျီများကို လိုက်ကောက်နေသော စံသိုက်မောင်လက်ထဲက သူမအကျီများကို ခပ်ဆောင့်ဆောင့်လေး လုယူလိုက်ပြီး...

"ပေးပါ...ကျွန်တော့်အကျီတွေ"

"ရပါတယ်၊ ကျုပ်ကြောင့်ဖြစ်တာပဲ ကျုပ်ပြန်ရှေဆေးပေး ရမှာပေါ့"

"မလိုပါဘူး...ကျွန်တော်အကျီ ကျွန်တော့်ဘာသာ လုပ်မယ်၊ ပေး"

ကြည်နူးသည် စံသိုက်မောင်လက်ထဲက သူမအကျီများ ကိုသာ ဆွဲယူနေတော့သည်။

သို့တိုင်...

စံသိုက်မောင်မှာ မပေးပါ။

"ဟယ်"

"အို...ကုန်ပါပြီ...ကုန်ပါပြီ၊ ကြည့်စမ်း ခင်ဗျားကြောင့် ခင်ဗျားကြောင့်"

ပြောရင်းက ကြည်နူးသည် သူမလက်လှလှလေးကို နှမြော



www.burmeseclassic.com

www.burmeseclassic.com



မဆုံး ကြည့်ရင်း စံသိုက်မောင်အား ရန်တွေ့နေသည်။

"ဘာလဲ…ဘာဖြစ်ရပြန်လဲ"

သူမလက်လေးကို ကြည့်ကာ အရမ်းကို မျက်နှာပျက်

ပါသော ကြည်နူးကို စံသိုက်မောင်မှာ နားမလည်နိုင်သော အကြ

များဖြင့် ကြည့်ရင်းက မေးလိုက်သည်။

"ဘာဖြစ်ရမှာလဲ…ဒီမှာကြည့်စမ်း ခင်ဗျားလုပ်

ကျွန်တော် တယုတယမွေးထားတဲ့ လက်သည်းကျိုးသွားပြီ"

"ဟော…နောက်တစ်မျိုးဖြစ်ရပြန်ပြီ၊ ခင်ဗျားလက်သ

ကျိုးတာကလည်း ကျုပ်အပြစ်ပဲလား"

"ဟုတ်တယ် ခင်ဗျားအပြစ်ပဲ၊ ကျွန်တော်ပြောတဲ့အ

ကျွန်တော့်အဝတ်တွေကို ခင်ဗျားပေးလိုက်ရင် ဒီလိုဖြစ်မှာ

ခုတော့"

သူမ တမြတ်တနိုးထားခဲ့ရသည့် လက်သည်းရှည်

လေး ကျိုးသွားသည်ကို ကြည်နူးသည် နှမြောမဆုံး ဖြစ်ရသ

နှုတ်ခမ်းဖူးဖူးလေး သွားလေးဖြင့် ဖိကိုက်ထားလိုက်သည်။

"ကဲပါကွာ…လက်သည်းကျိုးတာပဲ ဒီလောက်ဖြ



ဝါနဲ့၊ ခင်ဗျားလက်သည်းက ရေနူးလို့ အလွယ်တကူကျိုးသွားတာ

ပါ၊ ဒါလည်း ဒီလောက်နှမြောနေစရာ မလိုပါဘူး"

"ခင်ဗျား ဘာနားလည်လို့ ဒီစကားပြောရတာလဲ၊ မိန်းက

လေးတစ်ယောက်ရဲ့စိတ်ကို မသိဘဲ ခင်ဗျားမပြောပါနဲ့"

ကြည်နူးစကားကြောင့် စံသိုက်မောင် မျက်နှာချောချော

ကြီးမှာ ဘာကိုသဘောကျသည်မသိ ပြုံးသွားရလေ၏။

သူ့အပြုံးကိုမြင်တော့ ကြည်နူးသည် ပို၍မခံချင်ဖြစ်သွား

တာ…

"ခင်ဗျားနော်…ဘာပြုံးတာလဲ၊ ခင်ဗျားကြီးကို လုံးဝ

မကျေနပ်ဘူး သိလား"

ကြည်နူးမှာ စံသိုက်မောင်၏ မျက်နှာချောချောကြီးကို

စေ့စေ့ကြည့်ကာ ပြောလိုက်သည်။

"အေး…ကျုပ်အပေါ် မကျေနပ်တာ ခင်ဗျာလေး ခဏ

ထားလိုက်ဦး၊ ခုလောလောဆယ် မင်းရေစိုကြီးနဲ့ ဖျားမှာအခက်တွေ့

မယ်သိလား"

ကိုယ်အောက်ပိုင်း ရေစိုနေရသော ကြည်နူးကို စံသိုက်

www.burmeseclassic.com



မောင်သည် တည်တည်ရှူးရှူးကြီးကြည့်ရင်းက ပြောလိုက်သော
ကြည်နူးမှာ သူ့ရှေ့တွင် မနေရဲတော့လောက်အောင် ရှက်သွားရပြီး

"အို...မသိဘူး...မသိဘူး၊ ခင်ဗျား...ခင်ဗျား"

ကြည်နူးမှာ သူ့ရှေ့တွင် ရှိနေရသည့် သူမအဖြစ်ကို သူ
မလုံမလဲတော့ဘဲ၊ ရှက်မျက်နှာ ရဲရဲလေးနှင့် စကားလည်း ဆက်
ရဲတော့ဘဲ စံသိုက်မောင်အနားက အပြေးလေး ထွက်လာခဲ့လိုက်
သည်။

သို့သော်...

ရင်ထဲတွင် သူ့အပေါ် ရှက်ကြောက်ခြင်းများဖြင့် ရှိ
သည်ကိုလည်း ကြည်နူးသိနေရသည်။

ကြည်နူးသည် သူ့ရှေ့ကနေ ကမူးရှူးထိုးလေး ထွက်
ခဲ့ပြီးမှ သူမအင်္ကျီများ သူ့ထံတွင် ကျန်ခဲ့သည်ကို သတိရသွား
ကာ အခန်းတံခါးမှနေ သူ့ရှိရာသို့ ကြည့်လိုက်တော့ စံသိုက်မော
သည် သူမအင်္ကျီများကိုယူလျက် အိမ်သားရေပိုက်ခေါင်းကိုဖွင့်
သူမ အင်္ကျီများကို ရေဆေးနေတော့သည်။

"အို...ဒီလူတော့ ငါ့အင်္ကျီတွေကို သူတကယ်





ဆေးနေရုံတင် မကဘူး အဝတ်တွေကိုပါ လှန်းပေးနေပါလား၊
လိုက်တာနော် ဒီလူ ဘယ်လိုလူကြီးမှန်းကို မသိတော့ပါဘူး"

ကြည်နူးမှာ သူမအဝတ်များကို ပြန်ရေဆေးပေးရုံတင်မက
အောင်ခါလျက် လှန်းပေးနေသော စံသိုက်မောင်ကိုကြည့်ကာ
ဝယ် ရှက်ကြောက်မှုတို့ဖြင့် ဆိုညည်းမိလိုက်ပါတော့သည်။

ကြည်နူးတစ်ယောက် အိပ်ရာထဲတွင် တလူးလူးတလွန့်
နှင့် အိပ်မပျော်နိုင်အောင် ရှိနေရသည်။

မှန်၏။

ကြည်နူး အိပ်မပျော်နိုင်သည်ကလည်း အိပ်မပျော်ချင်
ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်...

ကြည်နူးသည် ရင်မှာ တထိတ်ထိတ်နှင့် စိုးရိမ်ကြောင့်
အိပ်နေရသောကြောင့်ဖြစ်သည်။

ဒေါ်ကြီးစော ရွာကို ခဏပြန်သွားသည့်အချိန် အိမ်တွင်
ရှိပါဘူးဆိုကာမှ အန်ကယ်ကျော်ကလည်း နယ်ကိုဆေးရုံက
နှင့် အတူခရီးထွက်သွားရသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အိမ်တွင် ကျန်ခဲ့သူဆိုလို့ ကြည်နူးတစ်ယောက်သာရှိလေ၏။ အဲ တစ်ယောက်တော့ မဟုတ်သေးပါ။ လူ့ခွစာဒရိုင်ဘာ စံသိုက်မောင်သည်လည်း အိမ်တွင်ရှိနေသေးသည်ပဲ။

အန်ကယ်ကျော်သည် သူခရီးထွက်ရမည်ဆိုတာကို သိသည်နှင့် စံသိုက်မောင်ကို အိမ်တွင် ကြည်နူးအား စောင့်ရှောက်ဖို့အတွက် ထားခဲ့တော့ ကြည်နူးသည် အန်ကယ်ကျော်ကို ဘာပြောရမည်မသိပါ။

အပျိုရွယ် မိန်းကလေးတစ်ယောက်တည်း ရှိသည့်အချိန်တွင် အန်ကယ်ကျော်သည် တူမဖြစ်သူ သူ့မအတွက် စံသိုက်မောင်ကို ထားခဲ့ဖို့ဆိုတာ အတော်စဉ်းစားခဲ့သော်လည်း အန်ကယ်ကျော်မျက်စိထဲတွင် တစ်ယောက်တည်း ကျန်ခဲ့သည့် ကြည်နူးကို အနီးကပ်စောင့်ရှောက်ဖို့ဆိုတာ စံသိုက်မောင်ကိုသာ မြင်တွေ့သည်မို့ စံသိုက်မောင်အား သူမကို စောင့်ရှောက်ဖို့ဆိုကာ အိမ်တွင် သူမနှင့်အတူ ထားခဲ့ခြင်းဖြစ်သည်။

စံသိုက်မောင်ကို သူမနှင့်အတူ ထားခဲ့မည်ဆိုတုန်းက ကြည်နူးသည် အန်ကယ်ကျော်စကားကို အပြင်းအထန် ကန့်ကွက်





ခဲ့ပါသေးသည်။

အပျိုရွယ် မိန်းကလေးတစ်ယောက်တည်း ရှိသည့်အိမ်ကို ဆွေမျိုးနှင့်ဘာမှ သွေးမတော်သားမစပ်သည့် သူစိမ်းယောကျ်ားတစ်ယောက်က သူမနှင့်အတူ တစ်မိုးအောက်မှာ လာနေမည်ဆိုသောအခါ ကြည်နူးသည် ကြောက်ရွံ့ထိတ်လန့်မှုတို့ဖြင့် ဘယ်လိုမှ လက်မခံနိုင်ခဲ့ပေမယ့် သူမအတွက် ယုံကြည်စိတ်ချရမည့်သူသည် အန်ကယ်ကျော် မျက်စိထဲတွင် စံသိုက်မောင်မှလွဲ၍ ဘယ်သူ့ကိုမှ မတွေ့ဆိုသောအခါ ကြည်နူးသည် အန်ကယ်ကျော်စကားကို မကြည်မသာလေးနှင့်ပင် လက်ခံခဲ့ရလေ၏။

လက်မခံလို့ကလည်း ကြည်နူးအတွက် မရပါ။ ဒေါ်ကြီးသာနှင့် အန်ကယ်ကျော်မရှိသည့် အိမ်တွင် ကြည်နူးလို မိန်းမပျိုလေးအနေနှင့် တစ်ယောက်တည်း မနေရဲပါ။ နေရန်လည်း သူမအနေနှင့် မသင့်တော်။

ထို့ကြောင့် ကြည်နူးသည် အန်ကယ်ကျော် အစီအစဉ်ကို လက်ခံခဲ့ရခြင်းဖြစ်သည်။

ညစာထမင်း စားသောက်ပြီးကတည်းက ကြည်နူးသည်



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံး၏ လုံခြုံမှုကို သေချာစွာလိုက်ကြည့်ခဲ့ပြီး သူမသည်လည်း အခန်းတံခါးကို ပိတ်လျက် အခန်းထဲ စောစောပင် ဝင်အိပ်နေလိုက်သည်။

စံသိုက်မောင်အတွက် အခန်းကိုတော့ အန်ကယ်ကျော်သည် သူ့အခန်းဘေးက အခန်းလွတ်တွင် သူ့အတွက် နေရာပေးခဲ့လေသည်။

အန်ကယ်ကျော်သည် စံသိုက်မောင်လို ဒရိုင်ဘာကို ဘာကြောင့် ဒီလောက်ထိ မျက်နှာသာ ပေးထားသည်မှန်းလည်း ကြည်နူးမသိပါ။

တကယ်ဆို စံသိုက်မောင်လို ဒရိုင်ဘာတစ်ယောက်ကို အန်ကယ်ကျော်အနေနှင့် ယခုလောက် မျက်နှာသာပေးဖို့မကောင်း။ ဒီလိုလူမျိုးသည် အခွင့်အရေး နည်းနည်းပေးလျှင် များများယူတတ်သည့် သူဆိုတာ အန်ကယ်ကျော် ဘာကြောင့် မသိရတာပါလိမ့်။

ကြည်နူးအနေနဲ့ကတော့ စံသိုက်မောင်ကို အန်ကယ်ကျော် ယခုလိုမျိုး မျက်နှာသာပေးသည်ကို နည်းနည်းမှ မကြိုက်နှစ်သက်ရပေမယ့်လည်း အန်ကယ်ကျော်ကိုတော့ သူမသည် ဘာမှမပြောခဲ့ပါ။





အန်ကယ်ကျော်သည် လူကြီးတစ်ယောက်မို့ တောင်းသည့်ထင်လို့ စိစဉ်သည့်ကိစ္စကို သူမ ဘာမှပြောခွင့်မရှိ။

ထို့ကြောင့်လည်း ကြည်နူးသည် အန်ကယ်ကျော်နှင့် ဝတ်သက်ကာ သူမကိုယ်သူမ ရှေ့နှုတ်ပိတ် နေခဲ့ပေမယ့် သူ့ကိုတော့ဖြင့် သူမ လုံးဝမကျေနပ်ပါ။

ကျေနပ်ရန်လည်း အကြောင်းမရှိ။

တွေ့စကတည်းကပင် စကားပြော အဆင်မပြေခဲ့သော စံသိုက်မောင်သည် သူမကို နည်းအမျိုးမျိုးဖြင့် စိတ်အနှောင့်အယှက်ပေးကာ အနိုင်ယူတတ်သူလည်း ဖြစ်သည်။

ကြည်နူးတော့ သူ့ကို နည်းနည်းမှ ကြည့်မရပါ။ ထိုကြည့်မရပါဆိုသည့်လူက ကြည်နူးနှင့် အခုအခါ တစ်မိုးအောက်တွင် နှစ်ယောက်အတူရှိနေရသောအခါ…

"ဟင်း"

သက်မတစ်ချက်ကို ကြည်နူးသည် ခပ်လေးလေးချမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကမနည်းတော့ပါ။

သို့သော် ကြည်နူးက ညည့်နက်နေသည့်တိုင် ယခုအချိန်ထိ အိပ်၍မပျော်သေး။

မေမေကို သတိရသည့်စိတ်၊ လူ့ဘဝကြီးပေါ် ဒေါသဖြစ်ရသည့်စိတ်များဖြင့် လူက အိပ်ရာထက်တွင် ဟိုလူးဒီလှိမ့်ဖြင့် မျက်စိကြောင်နေရလေသည်။

ထို့ကြောင့် အိမ်မပျော်သည့်အတူ ကြည်နူးသည် အိပ်ရာမှအသာထလိုက်ပြီး စာကြည့်စားပွဲတွင်ထိုင်ကာ စာဖတ်နေလိုက်သည်။

"ဟင်"

"ဒုက္ခပါပဲ…မီးကပျက်သွားပြီ"

ရုတ်တရက် တစ်အိမ်လုံး မှောင်သွားရသည်မို့ ကြည်နူးသည် အလန့်တကြားလေး ညည်းတွားလိုက်မိ၏။

စာကြည့်စားပွဲတွင် ထိုင်ရင်းက တစ်ခန်းလုံး မည်းမှောင်သွားရသည့် အခန်းကို ကြည်နူးသည် မျက်စိကျင့်သားရအောင် ပြန်ကြည့်ရင်းက ရင်ထဲ ကြောက်ရွံ့ထိတ်လန့်စိတ်လေးများ





ဝင်ရောက်လာရသည်။

"ဒုက္ခပါပဲ…မီးကလည်း ဒီလိုတစ်ခါမှ မပျက်ဖူးပါဘူး၊ ဖယောင်းတိုင်နဲ့ မီးခြစ်က အောက်ထပ်မီးဖိုခန်းထဲမှာ လက်နှိပ်ဓာတ်မီးလည်း ငါအသင့်မယူထားမိဘူး၊ စိတ်ညစ်လိုက်တာနော် မီးပျက်တာမှ ဟုတ်ရဲ့လားမသိပါဘူး"

ရင်မှာ ကြောက်ရွံ့ထိတ်လန့်စိတ်များဖြင့် မျက်နှာလေးဖျက်ကာ ကြည်နူးသည် ထိုင်ရာမှ ငေါက်ခနဲထလိုက်မိသည်။

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကိုပင် ကြည်နူးသည် နားလေးစွင့်လျက် သတိနှင့် နေနေလိုက်သည်။

သို့သော်…

ရင်ထဲမှာတော့ ကြောက်စိတ်တွေက တထိတ်ထိတ်နှင့် ရှိနေရသည်။

ကြောက်စိတ်တွေနှင့်အတူ ကြည်နူးသည် အနံကယ်ကျော်တိုလည်း စိတ်မှာ အပြစ်တင်ချင်နေမိတော့သည်။

မှန်သည်။

ကြည်နူးမှာ သူမအား တစ်ယောက်တည်း ရက်စက်



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ထားခဲ့ရတဲ့ပါ့မလားဆိုကာ ဝမ်းနည်းလာရ၏။

ဝမ်းနည်းစိတ်ကြောင့်လည်း ဖေဖေကိုပို၍ သတိရလာရသည်။ ဖေဖေသာ သူမအဖြစ်ကို မြင်ပါက ဘယ်လိုမှစိတ်ကောင်းလိမ့်မည် မဟုတ်ပါ။

"ဖေဖေရယ်…သမီးအနားမှာ ဖေဖေရှိလှည့်ပါတော့ရှင်"

ဖခင်ဖြစ်သူကို တမ်းတရင်းက ကြည်နူးသည် မျက်ရည်များပင် ဝဲလာရလေ၏။

အိမ်ကြီးတစ်ဆောင်လုံးတွင် သူမ တစ်ယောက်တည်းဆိုသည့်အတွေးကလည်း သူမ၏ အားငယ်စိတ်များကို ဘယ်လိုမှ နှစ်သိမ့်မပေးနိုင်ပါ။

ထိုစဉ်…

"ဟင်"

"ခြေသံ…ခြေသံပါလား ဘုရားရေ၊ အိမ်ထဲ ဘယ်သူများ ရောက်နေတာပါလိမ့်၊ ဟိုလူခွစာတော့ မဖြစ်နိုင်ဘူး၊ သူ့အခန်းဘက်က ဘာသံမှ မကြားရဘူး၊ ကြည့်ရတာ မီးပျက်တာမှသိရဲ့လား မသိဘူး"





ကြည်နူးသည် မျက်ခုံးလှလှလေးတွန့်လျက် စဉ်းစားရင်းက လူက ချွေးများပင် စို့လာရလေ၏။

"ဘုရား…ဘုရား…ဒါခြေသံ ခြေသံတော့ ဟုတ်ပါတယ်၊ အိမ်ထဲ သူခိုးများရောက်နေတာလား၊ ခြေသံက နားစွင့်ရင်း နားစွင့်ရင်းနဲ့ ငါ့အခန်းဘက် ရောက်လာသလိုပါလား၊ ငါ ငါဘာလုပ်ရမလဲ"

ခပ်သဲ့သဲ့ကြားနေရသည့် ခြေသံက သူမအခန်းရှိသို့ နီးလာလေလေ ကြည်နူးသည် ရင်မှာ ကြောက်လန့်စိတ်များက ပိုလာရလေမို့ မျက်နှာလေး အရမ်းပျက်နေရသည်။

တစ်ဆတ်တည်း သူမစိတ်ထဲတွင်လည်း ဘာလုပ်ရမည်ကို စိတ်မှာအမြန်ဆုံး စဉ်းစားလိုက်လေ၏။

ပထမဦးဆုံး ကြည်နူးသည် သူမစိတ်ကို သူမ အတတ်နိုင်ဆုံး ငြိမ်ဆုံးဖြစ်အောင် ကြိုးစားလိုက်သည်။

စိတ်တည်ငြိမ်မှသာ ကြည်နူးအတွက် ဆုံးဖြတ်ချက်မှန်မည်မဟုတ်ပါလား။

ထို့နောက်…ကြည်နူးသည် ကြောက်စိတ်များကို



www.burmeseclassic.com

www.burmeseclassic.com



သောဖယ်ကာ အခန်းတွင်းမှ ခြေသံကိုဖော့လျက် ထွက်လာခဲ့လိုက်သည်။

အမှောင်ထဲပေမယ့် သူမ မျက်လုံးများက အမှောင်ကို နည်းငယ်ကျင့်သားရနေပြီမို့ ခြေသံလုံလုံလေးနှင့် အသံကြားရာဆီသို့ လျှောက်လာခဲ့လိုက်သည်။

အစကတော့ ခြေသံသည် သူမအခန်းဘက်ကို လာတာမှန်သော်လည်း နောက်တော့ ခြေသံသည် သူမအခန်းနှင့်ဝေးရာ ရောက်ရှိသွားသည်မို့ ကြည်နူးသည်လည်း အသံကြားရာနောက်ကိုသာ လိုက်လာခဲ့သည်။

အမှောင်ထဲတွင် ကြည်နူးသည် သတိထားကာ လျှောက်ရင်း တစ်နေရာအရောက်မှာတော့…

"အင့်"

"အမေ့"

"အို"

အမှောင်ထဲမှာပင် တစ်စုံတစ်ယောက်နှင့် အရှိန်ပြင်းစွာ ဝင်တိုက်မိသည်မို့ ကြည်နူးကိုယ်လေးသည် တစ်ပတ်လည်





ထွက်သွားရ၏။

သို့သော်…

သူမကိုယ်လေးကို အရှိန်နှင့် ဖမ်းဆွဲလိုက်သည့် လက်အစုံကြောင့် ကြည်နူးသည် ရင်ခွင်ကျယ်ကြီးထဲသို့ သူမ ကိုယ်လေး ပစ်ကျသွားရလေသည်။

"အွန့်"

"အို…ဖယ်"

ဘယ်သူ့ဘယ်ဝါရယ် မသိသေးပေမယ့် ကြည်နူးသည် သူမကိုယ်လေးကို ခပ်ဆတ်ဆတ်လေး ရုန်းယူလိုက်လေသည်။

"ဟင်…မင်း"

"ကြည့်စမ်း…ခင်ဗျား"

အမှောင်ထဲမှာပင် နှစ်ဦးသား အသံများကို ချက်ချင်း ကိုယ်စီ မှတ်မိသွားရသည်မို့ ကြည်နူးရော စံသိုက်မောင်ပါ အံ့ဩသွားရသည်။

"ဟင်…ခင်ဗျားကြီး ဒါ ဒါဘာလုပ်တာလဲ၊ အနီးအနားမှာ ကျော်မရှိတုန်း ခင်ဗျား ဒီလိုလုပ်တာကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ...မင်းဘာတွေပြောနေတာလဲ"

"ခင်ဗျား အခုမှ ဘာမသိဟန်ဆောင်နေရတာလဲ၊ ခင်ဗျား တော်တော်အကြံပက်စက်တဲ့လူပါလား"

"ဟေး...မင်းစကားတွေ သိပ်လွန်နေပြီ၊ ကျုပ်က ဘာ အကြံပက်စက်နေလို့လဲ"

"ဒီလောက် လက်ပူးလက်ကြပ်မိနေတာတောင် ခင်ဗျား က ပြောင်ပြောင်ချင်သေးတယ်ပေါ့လေ၊ ကိုယ့်ကို ကျေးမွေးတဲ့ ကျေးဇူးကိုမှမထောက် အန်ကယ်ကျော်မရှိတုန်း အန်ကယ်ကျော် ပစ္စည်းတွေကိုယူဖို့ ခင်ဗျားမို့ ကြံရက်တယ်"

ကြည်နူးစကား၏ ဆိုလိုရင်းကို ယခုမှ သဘောပေါက် သွားရသည့် စံသိုက်မောင်မှာ မှောင်ထဲမှာပင် မျက်နှာကြီး ရဲတက် လာရပြီးနောက် သွားများကိုစေ့ကြိတ်လိုက်ပြီး...

"ဒီမှာအမိ...မင်း ဦးနှောက်လေးနဲ့ ထင်ရာမြင်ရာလျှော လျှောက်တွေးပြီး ပြောမနေနဲ့၊ ကျုပ်ဆိုတဲ့ကောင်က သူများပစ္စည်း ကို ပိုင်ရှင်မသိဘဲ အပ်ကိုတစ်ချောင်းတောင် ယူဖို့ စိတ်ကူးမရှိတဲ့ လူ မဟုတ်ဘူး"





"အို...ဒါကတော့ ကိုယ့်ကိုယ်ကို ဒီလိုပဲပြောမှာပေါ့၊ ခင်ဗျားလုပ်ရပ်တွေ ကျွန်တော်က မြင်သွားပြီပဲ"

အမှောင်ထဲမှာပင် ကြည်နူးသည် သူ့အား မဲ့ပြုံးလေးဖြင့် ပြောလိုက်သည်။

"ဟေး...တော်...တော် မင်းရဲ့အဓိပ္ပာယ်မရှိတဲ့စကားတွေ ဒီမှာတင်ရပ်တော့၊ မင်းက စေတနာကို စေတနာလို့သိတဲ့ မိန်းက လေးမဟုတ်ဘူး"

"ဘာစေတနာလဲ...ခင်ဗျားလူမိလို့ စကားတွေ လျှောက် ပြောမနေစမ်းပါနဲ့၊ ဒီအကြောင်းတွေကို အန်ကယ်ကျော်လာရင် အားလုံးပြောပြရမယ်၊ အန်ကယ်ကျော်ကတော့ သူ့တပည့် ယုံရပါ တယ်ဆိုပြီး စိတ်ချလက်ချ ထားသွားလိုက်တာ၊ ခုတော့ အဲဒီစိတ်ချ ရတဲ့ တပည့်ကပဲ အန်ကယ်ကျော်ပစ္စည်းတွေကို မဖို့ ကြိုးစားနေ တာ"

"တော်စမ်း...မင်း ဘာတွေပြောနေတာလဲ၊ ကျုပ်သာ ရှိသားဘူးဆိုရင် ဆရာကြီးရဲ့ပစ္စည်းတွေတင်မကဘူး ဆရာကြီး သမီးဖြစ်တဲ့ မင်းကိုလည်း ကျုပ် အစောကြီးကတည်းက မသွားဘူး



www.burmeseclassic.com

www.burmeseclassic.com



ရတယ်ဆိုတာ မင်းသိရဲ့လား"

"ဘာ…ခင်ဗျားဘာပြောတာလဲ"

ကြည်နူးမှာ စံသိုက်မောင် စကားကြောင့် ဒေါသတွေနှင့် ဖွေ့ဖွေ့ခုန်သွားရလေသည်။

"အေး…မင်း သိပ်ဒေါသကြီးမနေနဲ့၊ မီးပျက်သွားလို့ မင်းအတွက်စိတ်ပူပြီး ကျုပ်အခန်းထဲက ထွက်လာတာ၊ ပြီးတော့ ဆရာကြီးကလည်း မင်းကို စောင့်ရှောက်ပါလို့ မှာသွားလို့ ကျုပ်က မင်းများ ကြောက်နေပြီလားဆိုပြီး ဖယောင်းတိုင်နဲ့ မီးခြစ် မင်းမှာမရှိရင် ပေးရအောင်လို့ ယူလာပေးတာ"

စံသိုက်မောင်စကားကို ကြည်နူးသည် မယုံနိုင်ပါ။ ဒီလို မျိုး သူက သူ့ကို လှမ်းသွားလျှင် စကားကို ဒီလိုဆင်ခြေပေးတတ် သည်မို့…

"အေးလေ…ခုချိန်မှာတော့ ခင်ဗျားပြောတဲ့စကားပဲထား ဒါနဲ့ ဘယ်မလဲ ခင်ဗျားယူလာတဲ့ ဖယောင်းတိုင်နဲ့မီးခြစ်"

"မင်းနဲ့ စောစောကတိုက်မိလို့ ကျုပ်လက်ထဲကနေ ဘယ် လွင့်သွားမှန်းမသိဘူး"





"ဟင်…ခင်ဗျား…ခင်ဗျားစကားတွေက ဘယ်လိုမှ ယုံကြည်နိုင်စရာမရှိပါလား"

"မင်းဟာလေ လူတစ်ယောက်အပေါ်မှာ အမြဲသံသယနဲ့ ကြည့်တတ်တဲ့ မိန်းမပဲ၊ မယုံလည်း မတတ်နိုင်ဘူး၊ ကျုပ် ခင်ဗျား ကို ပေးဖို့ မီးခြစ်နဲ့ ဖယောင်းတိုင်ယူလာတာတော့ အသေအချာပဲ"

စံသိုက်မောင်သည် ပြောပြီး ကြည်နူးရှေ့က ထွက်သွား သည်ပြင်တော့ ကြည်နူးမှာ မျက်နှာလေးပျက်သွားရသည်။

သူ့စကားတွေက အမှန်တွေပဲလား။

အန်ကယ်ကျော်ကတော့ သူမကို စောင့်ရှောက်ဖို့ ဒီလူ့ အကို မှာခဲ့မှာတော့ သေချာပါသည်။

ဒါဖြင့် ကြည်နူးသည် သူ့စကားတွေကို ယုံရတော့မည် လား။ ဘယ်လိုပဲရှိစေဦးတော့ ကြည်နူးသည် အခုလောလောဆယ် မှာတော့ မှောင်မည်းနေသော အိမ်ကြီးတစ်ဆောင်လုံးတွင် တစ်ယောက်တည်း မနေရဲသည်မို့…

"ခဏနေဦး"

"ဘာလဲ…သံသယပြည့်နေတဲ့ မင်းအနားမှာ ကျုပ်မနေ



www.burmeseclassic.com

www.burmeseclassic.com



တာဝဲတောင်းတယ်''

စကားကို အကျောကြီးနှင့် ပြောနေသော စံသိုက်မောင်ကြောင့် ကြည်နူး မျက်နှာလေး တင်းသွားရကာ…

''ခင်ဗျားကိုလည်း ဘယ်သူကမှ အနားမှာ မနေခိုင်းပါဘူး''

''ဒါဆို ကျုပ်ကိုခေါ်တာ ဘာကိစ္စလဲ''

သူ့အသံကလည်း သူ့မာနကို ထိပါးထား၍ထင် ခက်ထန်ထန်ရှိနေရသည်။

''နောက်ဖက်မီးဖိုခန်းထဲမှာ ဖယောင်းတိုင်နဲ့ မီးခြစ်ရှိတယ် အဲဒါ ကျွန်တော့်ကိုယူပေး''

''ဘယ်နားမှာလဲ''

''နေဦး…ကျွန်တော်ပါလိုက်ခဲ့မယ်''

သူ့ကိုယူခိုင်းနေလို့ကလည်း နေရာမသိတာမို့ ကြည်နူးသည် သူမကိုယ်တိုင်လိုက်ယူရန် စဉ်းစားလိုက်သည်။

အကြောင်းမှာ…

ကြည်နူးသည် မှောင်မည်းမည်းထဲတွင် သူမတစ်ယောက်





တည်း မနေရဲသောကြောင့်ဖြစ်သည်။

''ကဲ…ဒါဆိုလည်း လာ''

စံသိုက်မောင်သည် စကားသံနှင့်အတူ ရှေ့ကထွက်သွားတော့ ကြည်နူးသည်လည်း သူ့နောက်ကနေ ခြေလှမ်းလေးစမ်းကာစမ်းကာ မှောင်ထဲမှာပင် စမ်းတဝါးဝါးပါလာခဲ့သည်။

''သတိထားနော်…ပစ္စည်းတွေနဲ့လူကို ထိမိနေဦးမယ်''

ရှေ့ကသွားရင်းက စံသိုက်မောင်သည် ကြည်နူးရှိရာနောက်သို့ လှမ်းသတိပေးလိုက်လေသည်။

သူ့စကားကို ကြည်နူးမှာ နည်းနည်းလေးမှ အသိအမှတ်မပြုပါ။ အသိအမှတ်ပြုဖို့ဝေးလို့ ကြည်နူးသည် သူ့စကားကို ကြားသည်လို့ပင်မထင်ဘဲ မှောင်ထဲမှာပင် သူ့ကို မခံချင်စွာ ခေါင်းလေးမော့မော့နှင့် လျှောက်လာရာ…

''ဘုရားရေ''

''ဒုန်း…ဝှမ်း''

''ဟာ''

''ဟိတ်''



www.burmeseclassic.com

www.burmeseclassic.com



"အမေ့ . . . အို"

ဖြစ်ချင်တော့ ကြက်ကြက်ဖန်ဖန်လို့ပဲ ပြောရတော့မည်။ မှောင်ထဲမှာ စမ်းတဝါးဝါးလျှောက်လာသော ကြည်နူးမှာ စံသိုက်မောင်သတိပေးပါရက်နှင့် စံသိုက်မောင်စကားကို ဂရုမစိုက် အရေးမလုပ်ဘဲနေခဲ့ရာ သူမသည် မီးဖိုခန်းထောင့်ချိုးလေး အကွေ့အရောက်မှာတော့ ထိုနေရာတွင်ထားသည့် ပစ္စည်းများကို မမြင်တော့ဘဲ မှောင်မှောင်မည်းမည်းထဲမှာ တိုက်မိသွားရသည်။

ရှေ့ကသွားနှင့်သည့် စံသိုက်မောင်မှာ သူမကိုယ်လေးကို နောက်သို့ အချိန်မီပြန်၍ လှမ်းထိန်းလိုက်ပါသော်လည်း အချိန်ထမမှီတော့ပါ။

ပစ္စည်းကျသံတွေနှင့်အတူ ကြည်နူးသည် နေရာမှာပင် ခြေခေါက်လဲကျသွားရလေတော့သည်။

"ဘာဖြစ်သွားသေးလဲအမိ၊ ဘာဖြစ်သွားလဲ"

"အို . . . ရှင့်လက်ကြီးက"

"ဟာ . . . ဆောရီး"

မှောင်မှောင်မည်းမည်းထဲ လဲကျသွားရသည့် ကြည်နူး





အတွက် စံသိုက်မောင်သည် စိုးရိမ်စွာဖြင့် သူမအား စမ်းရင်းမေးလိုက်ရာ သူ့လက်က ကြည်နူး၏ မျက်နှာလေးကို သွား၍စမ်းမိသည်မို့ ကြည်နူးသည် ခြေထောက်လေး နာကျင်နေသည့်ကြားက သူ့လက်ကို မျက်နှာရဲရဲလေးဖြင့် ပုတ်ထုတ်ဖယ်ရှားလိုက်သည်။

စံသိုက်မောင်သည်လည်း သူ့လက်ကို သူဖယ်ရှားရင်းက ကြည်နူးအား တောင်းပန်စကားဆိုလိုက်ရင်း . . .

"ကျုပ်ပြောသားပဲ အမိကို သတိထားပြီးလျှောက်ပါဆိုတာ၊ ခုတော့ ကျုပ်စကားကို နားမထောင်တော့ ဖြစ်ပြီမဟုတ်လား"

"သွား . . . မကြားချင်ဘူး၊ လူက ခြေထောက်နာပါတယ်ဆိုတဲ့ကြားက လာပြီးအပြစ်ပြောနေတယ်၊ ရှင် သွား"

ကြည်နူးသည် ဒေါသသံတုန်တုန်လေးဖြင့် ဆိုလိုက်လေသည်။

"ကျုပ်က ဘယ်သွားရမှာလဲ၊ နေဦး . . . နေဦး မင်းအဲဒီအတိုင်းနေဦး ကျုပ် မီးခြစ်နဲ့ ဖယောင်းတိုင် ယူလိုက်ဦးမယ်"

စံသိုက်မောင်သည် ကြည်နူးကို စိတ်မချသလို မှာရင်း



www.burmeseclassic.com

www.burmeseclassic.com



က ထသွားလေသည်။

ခဏနေတော့ သူသည် မီးခြစ်နှင့် ဖယောင်းတိုင်ကို ထွန်း

ရင်းက သူ့မအနား ပြန်လည်ရောက်ရှိလာပြီး···

"ဖြစ်မ်း···မင်း ဘယ်နေရာထိသွားလဲဆိုတာ"

"အို···ဘာလုပ်တာလဲ"

နာကျင်လွန်းသောကြောင့် သူ့မလက်လေးနှင့် ဖိအုပ်ထား

သည့် သူ့မခြေထောက်လေးကို စံသိုက်မောင်သည် မိုးမိုးဇော်

နှင့် ဆွဲယူကြည့်လိုက်တော့ ကြည်နူးမှာ မျက်ဝန်းလေးပြူးပြူး

များနှင့် လန့်သွားရသည်။

"မင်းခြေထောက် ဘာဖြစ်နေလဲဆိုတာ ကျုပ် ကြည့်

လေဗျာ"

"ရှင့်လိုလူက ကြည့်ပြီး ဘာလုပ်တတ်မှာမို့လို့လဲ"

"မင်းကွာ"

မျက်ဝန်းတည်တည်စူးစူးလေးနှင့် သူ့ကို အထင်သေး

ကြည့်ကာ ပြောနေသည့် ကြည်နူးကြောင့် စံသိုက်မောင်

အခံရခက်ခက်ကြီးနှယ် ဖြစ်သွားရပြီး···





"ကျုပ်က ဆရာကြီးနဲ့အတူနေလာတာ ဒီလောက်တော့

လည်း ကြည့်တတ်ပါသေးတယ်"

ပြောပြောဆိုဆို စံသိုက်မောင်သည် ကြည်နူးခြေထောက်

လေးကို သေချာယူကြည့်လိုက်တော့···

"ဟာ···မင်းခြေထောက် လေဝင်သွားပြီနဲ့တူတယ်၊

ချက်ချင်းရောင်လာပါလား၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဆေးလူးမှဖြစ်

မယ်၊ ကဲ···ထ···ထ"

အရမ်းကို မျက်နှာကြီးပျက်ကာ စိုးရိမ်မှုများ လွှမ်းကဲနေရ

ပါသော မျက်နှာကြီးဖြင့် စံသိုက်မောင်သည် ကြည်နူးကို ပြောလိုက်

ပေမယ့် ကြည်နူးသည်ကတော့ဖြင့် နေရာမှမထပါဘဲ ခြေထောက်

လေးကိုသာ သူ့မလက်လေးနှင့် ဖိကိုင်လျက် ထိုင်နေလေသည်။

"ဟေး···ကျုပ်ပြောတာ ကြားလား၊ ထဆိုတာ"

သို့တိုင်···

ကြည်နူးမှာ နေရာကမထပါ။

ထိုအခါ···

စံသိုက်မောင်သည် မျက်မှောင်ကြီး ဝို၍တွန့်ကြုတ်သွားရ



www.burmeseclassic.com

www.burmeseclassic.com



ပြီး...

"ဘာလဲ...မထနိုင်ဘူးလား"

ထိုအချိန်ထိ ကြည်နူးသည် ဘာမှမပြောသောအခါ စံသိုက်မောင်သည် စိတ်မရှည်တော့သလိုဟန်နှင့်...

"ကျုပ်မေးနေတယ်လေ၊ မင်းခြေထောက် အရမ်းနာနေလားဆိုတာ"

"အင်း"

သည်တစ်ခါတော့ ကြည်နူးသည် ခေါင်းညိတ်ပြလေ၏။ စံသိုက်မောင်သည် ကြည်နူးမျက်နှာအား တစ်ချက်မျှ စူးခနဲ စိုက်ကြည့်လိုက်ပြီးနောက်...

"ကဲ...ဒါဆိုလာ"

"အို"

စကားသံ ခပ်ပြတ်ပြတ်ကြီးနှင့်အတူ ကြည်နူးကိုယ်လေးကို ဆတ်ခနဲ ပွေ့ယူချီလိုက်တော့ ကြည်နူးမှာ သူ့လက်ထဲတွင် ကလေးတစ်ယောက်လို ပါသွားရပြီး...

"ခင်ဗျား ဘာလုပ်မလို့လဲ"





"ရော...ကျုပ်က ဘာလုပ်ရမှာလဲ၊ မင်းခြေထောက်နာနေတာ လမ်းမလျှောက်နိုင်ဘူးဆိုလို့ ကျုပ်က မင်းကို ဆေးလူးပေးရအောင် ခေါ်လာတာလေကွာ"

"ကျွန်မ အခန်းထဲမသွားဘူးနော်"

"ကျုပ်ကလည်း သွားပါလို့မပြောရပါလား"

စံသိုက်မောင်အသံက မာနဖြင့် ထန်နေရသည်။

"ရှေ့ဧည့်ခန်းမှာ ကျွန်တော့်ကိုချပေး"

"သဘောပဲ"

ကြည်နူးကိုယ်လေးကို စံသိုက်မောင်သည် ပွေ့ချီလျက် ဧည့်ခန်းအလယ် ဆိုဖာထက်တွင် ချပေးလိုက်လေသည်။

"နေဦး...ကျုပ်ဆေးသွားယူလိုက်ဦးမယ်"

စံသိုက်မောင်သည် သူ့အခန်းထဲသို့ ဝင်သွားလေ၏။ သိပ်မကြာလိုက် သူ့လက်ထဲတွင် ဆေးပုလင်းများကိုင်လျက် သူမအနား ရောက်လာလေသည်။

"ခြေထောက်နည်းနည်းမ ကျုပ်ဆေးလူးပေးမယ်"

"နေပါစေ...ဆေးပုလင်း ကျွန်တော့်ပေး၊ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာ ကျွန်တော် ဆေးလူးမယ်”

သူမအနား မှုဆိုးဒူးထောက်ထိုင်လျက် သူမအား ဆေးလူးပေးရန်ပြင်နေသော စံသိုက်မောင်ကို ကြည့်ကာ ပြောလိုက်လေသည်။

“ဟာ…ဘယ်ဖြစ်မလဲ၊ ဒီဆေးက အသားထဲ စိမ့်ဝင်အောင် လူးရတာ၊ ဖယ်ပါ ကျုပ်လူးပေးပါ့မယ်”

ကြည်နူးအားလည်း မကြည့်တော့ပါဘဲ သူမခြေထောက်ကို ဆေးလူးဖို့သာ အာရုံရောက်နေသော လူ့ခွစာကြီး စံသိုက်မောင်ကြောင့် ကြည်နူးမှာ စိတ်ရှုပ်ရှုပ်နှင့် မျက်နှာလေးပျက် အနေခက်နေတော့သည်။

ဒါကို စံသိုက်မောင် လူချောကြီးကတော့ဖြင့် ဘာမှမသိပါ။ သူသိသည်က သူမလေးခြေထောက် အရမ်းရောင်နေသည်ကို ဆေးလူးပေးဖို့ကိုသာ သူသိနေ၏။

သိသည့်အတိုင်း စံသိုက်မောင်သည် ဆေးပုလင်းကို ဖွင့်လိုက်သည်။

“အို…ပေးပါဆို…ကျွန်တော့်ဘာသာ ကျွန်တော်





ဆေးလူးမယ်လို့ ပြောနေတယ်မဟုတ်လား”

ကြည်နူးထံမှ ခပ်ဆောင့်ဆောင့် စကားသံလေးကြောင့် စံသိုက်မောင်သည် မျက်နှာပျက်သွားရပြီး…

“ဘယ်လိုဖြစ်နေတာလဲ အမိလုပ်တာ အဆင်မပြေမှာစိုးလို့ ကျုပ်ပြောနေတာ”

“ရတယ်”

“ဒါဆိုလည်းပြီးရောကွာ”

စိတ်တိုသွားရသလို စံသိုက်မောင်သည် စကားခပ်ပြတ်ပြတ်ကြီးပြောပြီး သူ့လက်ထဲက ဆေးပုလင်းကို ကြည်နူးလက်ထဲသို့ ထည့်ပေးလိုက်လေသည်။

ကြည်နူးမှာ နာကျင်နေရသော သူမခြေထောက်လေးကို ဆေးပုလင်းထဲမှ ဆေးများကို ယူလျက် သူမလက်လေးနှင့် ခပ်ဖွဖွ ဓိလူးနေလိုက်သည်။

သူမလုပ်နေသမျှကို စံသိုက်မောင်သည် ဘေးမှနေကြည့်နေ၏။

သို့တိုင်…



www.burmeseclassic.com

www.burmeseclassic.com



ဘာမှတော့ဖြင့် မပြောပါပေ။ စံသိုက်မောင်သည် ကြည်နူး အား ဘာမှမပြောပေမယ့် သူ့ရင်ထဲတွင်တော့ မချင့်မရဲနှင့် စိတ်မှာ မရှိုးမရှကြီး ဖြစ်နေသည်။

ကြည့်လေ…သူမလုပ်နေပုံက သူ့ကို ဘယ်လောက် အသည်းယားအောင် လုပ်နေသလဲဆိုတာ။

သူ ဆေးလူးပေးမည်ဆိုတာကို လက်မခံဘဲ သူမဘာသာ သူမဆေးလူးနေပုံနှင့် သူမ ခြေထောက်ရောင်တာက ဘယ်လိုမှ သက်သာမည်မဟုတ်ပါ။

သူပေးသည့် ဆေးက အသားထဲကို စိမ့်ဝင်အောင် လူးမှ ကောင်းသည်မို့ စံသိုက်မောင်သည် ကြည်နူးကို အားမှုနေကြည့်ရင်း အားမလိုအားမရကြီး ဖြစ်လာရကာ…

"ပေးစမ်းပါကွာ…မင်းလုပ်နေပုံက မဟုတ်သေးပါဘူး"

"အို"

ပြောပြောဆိုဆို ကြည်နူးလက်ထဲက ဆေးပုလင်းကို ဖျတ်ခနဲ ဆွဲယူလျက် သူကိုယ်တိုင် သူမခြေထောက်ကို ဆေးများ လူးပေးနေတော့သည်။



ကြည်နူးမှာ လက်ရဲဇက်ရဲနှင့် စိတ်မြန်ကိုယ်မြန်ရှိလွန်းလှသည့် လူ့ခွစာကြီး စံသိုက်မောင်ကြောင့် မျက်နှာလှလှလေးမှာ ရှက်စိတ်ဖြင့် နီရဲတောက်ပနေရကာ လူကလည်း သူ့ရှေ့တွင် မနေတတ် မထိုင်တတ်အောင် ဖြစ်လာရသည်မို့…

"ဖယ်…ဖယ်နော်…ခင်ဗျားကြီး ကျွန်တော့်ဘာသာ ကျွန်တော် ဆေးလူးမယ်လို့ ပြောနေတယ် မဟုတ်လား"

"မင်းလူးနေပုံနဲ့ ဆေးကအသားထဲ ဘယ်လိုမှ စိမ့်ဝင်မှာ မဟုတ်ဘူးကွ"

"ဝင်ဝင်…မဝင်ဝင် ခင်ဗျားမလုပ်နဲ့၊ ကျွန်တော့်အသားကို ခင်ဗျားမထိနဲ့ ကျွန်တော်မကြိုက်ဘူး"

"မင်းကြိုက်အောင် ကျုပ်လုပ်ပေးနေတာ မဟုတ်ဘူး"

"ခင်ဗျားနော်"

ကြည်နူးမှာ သူမပြောတာ မရရပါ့မလားဆိုကာ မျက်နှာလေး ရဲရဲတောက်သွားရတဲ့အထိ ရှက်ဒေါသများ ဖြစ်သွားရသည်။

စံသိုက်မောင်သည်ကတော့ ကြည်နူးကို ဂရုမစိုက်ပါပေ။ သူ လုပ်စရာရှိသည်ကိုသာ မျက်နှာတည်တည်ကြီးနှင့် လုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အို…ခင်ဗျား ဖယ်ဆိုတာ အို"

ခြေထောက်လေးကို ဟိုရွှေ့ဒီရွှေ့နှင့် လုပ်နေသော်လည်း မရသည့် ကြည်နူးမှာ ကိုယ်နှင့်သွေးမတော်သားမစပ် သူစိမ်းဗိုလ် တစ်ယောက်၏ ဆေးလူးပေးနေမှုကို ရှက်ရွံ့အနေခက်ခြင်းများစွာ နှင့် ရှိနေရသည်။

"ဒီမှာ…ဆေးလူးနေတာ မင်းငြိမ်ငြိမ်နေလေကွာ"

"မနေဘူး…ခင်ဗျားကို ဆေးမလူးနဲ့လို့ ပြောနေတာ မကြားဘူးလား"

ပြောရင်းက ကြည်နူးဒေါသဖြစ်ရပြန်၏။

"ကြားတယ်ကွ…ကြားတယ် မင်းအသံကောင်းတိုင်း သိပ်အော်မနေနဲ့"

"အော်မှာပဲ ခင်ဗျားဘာလို့ ကျွန်တော်မကြိုက်တာ လုပ်လဲ"

"ဟ…မင်းကို ဆေးလူးပေးနေတာ လူသတ်နေတာ မဟုတ်ဘူးကွ"

စံသိုက်မောင်ကလည်း သူစေတနာနှင့် လုပ်ပေးနေသည့်





ကြားက သူ့စေတနာကို နားမလည်ဘဲ ဒီလောက်ဂျစ်ကျနေသည့် ကြည်နူးကို ကြည့်မရတော့သလို ဖြစ်လာရသည်မို့ မျက်နှာ တည်တည်ကြီးနှင့် ထိုစကားကို ပြောလိုက်သည်။

သူတို့နှစ်ဦးမှာ မတွေ့ တွေ့လိုက်နှင့် ဘယ်ဘဝက ရေစက် ကြောင့်မှန်းမသိပါ မျက်နှာချင်းဆိုင်လို့မရဘဲ ဘုနှင့်ဘောက် စကား များရသည့်အဖြစ်ကိုလည်း စံသိုက်မောင် စိတ်ကုန်ပါသည်။

သို့သော်…

မဖြစ်လို့ကလည်းမရ။

အဘယ်ကြောင့်ဆိုရသော်…

ကြည်နူးဆိုသည့် သူမလေးသည် နေရာတကာ ကလေး ဆန်လျက် သူမဖြစ်ချင်တာကို ဇွတ်တိုးကာ ခေါင်းမာမာနှင့် ဂျစ်တူး တတ်သောကြောင့်ဖြစ်သည်။

ယခုလည်းကြည့် အမြဲမှာတော့ ဆရာကြီးမှာထားသည့် အတိုင်းအပြင် သူမလေးအတွက် ရင်မှာစိုးရိမ်စွာဖြင့် စေတနာထား လုပ်ပေးနေသမျှကို သင်းလေးက အသိအမှတ် မပြုတဲ့အပြင် သူ့ ကိုဝင် ဒီလောက် ခြေထောက်နာနေသည့်ကြားက ဂျစ်ကျနေ



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို တစ်ခွန်းမခံ ပြန်ပြောနေသည်မို့ အသည်းတယားယား နှင့် ရှိနေရသလောက် သူမလေးကတော့ ရှက်ဒေါသမျက်နှာစူးစူး ရဲရဲလှလှလေးနှင့် ရှိနေရပြီး…

"ခင်ဗျားကြီးနော်…ပြောလို့မရဘူးလား"

"အေး…မရဘူး"

စိတ်တိုတိုနှင့် စံသိုက်မောင် ဘုတောပစ်လိုက်သည်။

"ဒီလောက်ဖြစ်လှတာ ကဲ မရှိး"

စံသိုက်မောင် စကားကြောင့် ကြည်နူးမှာ ဘယ်လောက် ဒေါသဖြစ်သွားရသည် မသိပါ။ သူမအနားတွင် မုဆိုးဒူးထောက် ထိုင်ကာ ဆေးလူးပေးနေသော စံသိုက်မောင် ကိုယ်ကြီးကို စိတ်တိုတိုနှင့်ဝင် သူမလက်လေးအစုံနှင့် အားထည့်ကာ ဆောင့်တွန်း ပစ်လိုက်ရာ စံသိုက်မောင်မှာ ထိုင်ရက်လဲကျသွားရသည်။

"ကြည့်စမ်း…မင်းတော်တော် ဆိုးပါလား၊ ဒီလောက်ဆိုး တဲ့မင်း လာခဲ့စမ်းကွာ"

"အမေ့"

"ခင်ဗျား"





"အို"

ကြည်နူး မျက်နှာလှလှလေးပေါ်သို့ ငိုက်ခနဲကျလာသော စံသိုက်မောင် အနမ်းများကို ကြည်နူးသည် ရှောင်ချိန်မရလိုက်ပါ တော့။ ဒေါသများ အစွမ်းကုန် ပေါက်ကွဲသွားရသော စံသိုက်မောင် ၏ ရင်ခွင်ထဲတွင် ကြည်နူးသည်ကား မလှုပ်မလူနှ့် မရုန်းသာတော့ ပါဘဲ သူ့အနမ်းများအောက်တွင် ရင်ခုန်စိတ်လှုပ်ရှားခြင်း များစွာနှင့် ရှိနေရတော့သည် မဟုတ်ပါလား။

X-X-X



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ယခုတလော စံသိုက်မောင် ရင်ထဲတွင် နေရသည်မှာ ကသိကအောက်ကြီးနှင့် ရင်မှာ ဘာကိုအလိုမကျ ဖြစ်ရသည်မသိ တင်းတင်းကျပ်ကျပ်ကြီးနှင့် တစ်မျိုးကြီး ဖြစ်နေရလေသည်။

မှန်သည်။

စံသိုက်မောင်မှာ သူ့ကိုယ်သူလည်း ဘာဖြစ်နေရသည်ကို မသိပါ။ သူ့ရင်ထဲတွင် ကြည်နူးနှင့် ပတ်သက်သည့် အတွေးများ က အချိန်စဉ္စဏ္ဍန့်နှင့်အမျှ ရှိနေရသည်ကတော့ အမှန်ပင် ဖြစ်လေ

သူ့ရင်ထဲတွင် သူမနှင့်ပတ်သက်သည့် အကြောင်းများ အချိန်နာရီ စဉ္စဏ္ဍန့်နှင့်အမျှ ကြီးစိုးနေရသောအခါ စံသိုက်မောင်သည်





သူ့ကိုယ်သူလည်း သူမနှင့်ပတ်သက်လို့ နားလည်လာရပြီ ဖြစ်သည်။

ထို့အတူ…

သူ့နှလုံးသားသည်လည်း ကြည်နူးဆိုသော သူမလေးနှင့် ပတ်သက်ကာ အချစ်ဆိုတာကို ခံစားနားလည်လာရပြီ ဖြစ်သည်။

မိန်းမတစ်ယောက်နှင့် ပတ်သက်ကာ သူ့ဘဝတွင် အချစ် ဆိုတာ ရှိမှရှိပါဦးမလားလို့ ထင်ခဲ့ရသော စံသိုက်မောင်သည် အခု သူဘယ်လိုမှ မမျှော်လင့်သည့် အချစ်ဆိုသော အရာက သူ့နှလုံးသားထဲ နက်ရှိုင်းစူးနစ်စွာ ဝင်ရောက်လာရသော စံသိုက် မောင်သည် သူမလေးအား သိပ်ချစ်နေရပြီဆိုတာကို သူ့ကိုယ်သူ လည်း သိလိုက်ရလေသည်။

စံသိုက်မောင် သူ့နှလုံးသားကိုလည်း သူမညာချင်တော့ ပါ။ ကြည်နူးဆိုသည့် သူမလေးကို သူသည်တွေ့စမှာပင် မြင်မြင် ချင်း သူမ၏ဟန်ဆောင်မှုမရှိ ရိုးရှင်းဖြူစင်နိုင်ယ်သော အလှနှင့် ဖြစ်ကင်းစင်သည့် ချစ်စဖွယ် မျက်နှာလှလှလေးက သူ့နှလုံးသား ထဲ ဝင်ရောက်နေရာယူ စိုးမိုးခဲ့ရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

လှသလောက် စွာလွန်းသော သူမလေးကို သူသည် အသည်းယားယား မချင့်မရဲနှင့် ရှိရသည်မို့ တွေ့လိုက်တိုင်း ရင်ထဲ သူမလေးအား စချင်နောက်ချင်စိတ်များ ဖြစ်လာရကာ တမင်ပင် သူမ မခံချင်သည့် စကားများဖြင့် စရင်းနောက်ရင်းက နှစ်ဦးသား ဘုနှင့်ဘောက် ဖြစ်ခဲ့ရသည့် အဖြစ်များကလည်း မနည်းခဲ့ပါ။

တစ်ကယ်တော့ စံသိုက်မောင်သည် သူ့ရင်မှာ ချစ်ရေး ပြီဖြစ်တဲ့ ကြည်နူးကို သူသည် ချိုကြည်နူးညွံ့စွာဖြင့် သူ့ဘက် အောင် သူ့ရင်ထဲက ချစ်စကားများကို သူမလေးနားလည်အောင် ဖွင့်ပြောရမှာ ဖြစ်ပေမယ့် ဘာကြောင့်မှန်းမသိ ကြည်နူးကိုတွေ့ နှင့် သူမအား မခံချင်အောင် စကားများနှင့် သူမ မကြိုက်သ စကားများ ဆိုဖြစ်သွားခဲ့ရသည်။

ပြောရမည်ဆိုလည်း စံသိုက်မောင်သည် သူ့ရင်ထဲ ဝို၍တော့ ထိုစကားများ ပြောရသည် မဟုတ်ပါ။

သို့ပါရက်နှင့် သူမလေးကို မတွေ့ တွေ့လိုက်သည် သူမအား စိတ်မဆိုးဆိုးအောင် သူသည် စရနောက်ရမှ ကျေ





တတ်သူဖြစ်သည်။

ဒါကိုပင် သူမလေးသည်လည်း သူ့အပေါ် ဘယ်လောက် များ စိတ်ဆိုးနာကျင် မုန်းနေရသည် မသိပါ။ သူ့ကိုမမြင်လိုက်နှင့် မြင်လိုက်တာနှင့် ချက်ချင်း အကြည့်များလွှဲတတ်ကာ သူနှင့် မျက်နှာချင်းမဆိုင်ရန် ရှောင်နေတတ်လေသည်။

သူမလေး သူ့ကိုရှောင်နေလေ စံသိုက်မောင်သည် ကြည်နူးအား ပို၍မြင်ချင်တွေ့ချင်ရလေ ဖြစ်သည်။

စံသိုက်မောင်အဖို့တော့ ကြည်နူး မျက်နှာလှလှလေးကို အချိန်ပြည့် မြင်ချင်တွေ့ချင်လိုသူ ဖြစ်သည်။

သူနှလုံးသားက သူမလေးကို အရမ်းမျှော်လင့်တောင့် တကာ သူ့ရင်ထဲက အချစ်များက သူမအပေါ် နှင့်နှင့်သည်းသည်း ချစ်မိနေရပြီမို့ စံသိုက်မောင်သည် ကြည်နူးအား သူ့ မျက်စိရှေ့ အောက်က အရိပ်မျှပင် အပျောက်မခံလိုတော့ပါ။

ကြည်နူးကို သူသိပ်ချစ်နေရပြီဖြစ်၏။

ခါတိုင်းလိုဆိုပါက ကြည်နူးသည် သူ့အား ဘယ်လောက် ပဲ ရှောင်နေပါစေ သူမသင်တန်းသွားသည့်အချိန်မှာတော့ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ရှောင်လွှဲလို့မရတာတ်ပါ။

အဘယ်ကြောင့်ဆိုရသော်…

စံသိုက်မောင်သည် ကြည်နူးကို သူကိုယ်တိုင် သင်တန်းကို လိုက်ပို့ပေးရသောကြောင့် ဖြစ်သည်။

အခုသူမ သင်တန်းကလည်း ပြီးသွားပြီမို့ စံသိုက်မောင် အနေနှင့် သူမလေး မြင်ခွင့်တွေ့ခွင့် မရအောင် ဖြစ်နေရခြင်းဖြစ်သည်။

တွေ့ချင်သူကို မတွေ့ရတော့ ရင်ဆာရသူမှာ စံသိုက်မောင် ဖြစ်သည်။

စံသိုက်မောင်မှာ ယခုကလော သူ့အား ရှောင်ဖယ်နေသည့် ကြည်နူးကြောင့် စိတ်ဝယ်မချင့်မရဲနှင့် ကသိကအောက်ကြီး ဖြစ်နေရလေသည်။

ကြည့်ရတာ သူမလေး သူ့အပေါ် တယ်လောက်များ စိတ်ဆိုးမုန်းနေသည် မသိ၏။ သူမ၏ အရိပ်မျှပင် မြင်ခွင့်မရအောင် သက်လုံကောင်းကောင်းနှင့် ပုန်းနေသော ချစ်သူလေးကို စံသိုက်မောင် ချစ်အသည်းယားယားကြီး ဖြစ်ရပါသည်။





တကယ်တော့ စံသိုက်မောင်သည် သူမလေးကိုချည်း အပြစ်ပြောနေ၍မရပါ။ သူကိုယ်တိုင်ကလည်း အပြစ်မကင်းသူ ဖြစ်သည်။

အကြောင်းမှာ…

ချစ်တဲ့စိတ်ကို ရင်မှာမျိုသိပ်ဖို့ခက်တာ တစ်ခုတည်းနှင့် ကြည်နူးအား သူသည် ချစ်သူရည်းစား တစ်ယောက်သဖွယ် ပိုင်စိုးပိုင်နင်း ပြုမူနမ်းရှိုက်ခဲ့သည့် အပြစ်များလည်း ရှိပါသည်။

သူကတော့ ကြည်နူးအား ချစ်တဲ့စိတ် တစ်ခုတည်းနှင့် သူ့ရင်ထဲက အချစ်များကို ထိန်းချုပ်ရခက်စွာ သူမလေးအား ချစ်သူရည်းစားတစ်ယောက်သဖွယ် နမ်းရှိုက်ခဲ့သည်ကိုပင် ကြည်နူးသည် သူ့အပေါ် စိတ်ဆိုးဒေါသများဖြင့် ဘယ်လောက်များ နာကျင်မုန်းတီးနေသည်မသိပါတော့။

သူ့ကိုမြင်တာနှင့် မျက်နှာချင်းပင် အဆိုင်မခံတော့ဘဲ အနားကနေ လှစ်လှစ်ပါအောင် ရှောင်ဖယ်သွားတတ်သူလေးကြောင့်လည်း စံသိုက်မောင် နှလုံးသားများ နာကျင်ခဲ့ရပါသည်။

စံသိုက်မောင်ဘဝတွင် အပြစ်ကင်းစင်လွန်းသော ကြည်နူး



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ သူ့ ဘူတာမှာ တွေ့တွေ့ချင်း သူ့နှလုံးသားများ ဟန်မဆောင်နိုင်အောင် လှုပ်ခတ်သွားရတဲ့အထိ သူ့ရင်ထဲ အချစ်မြွားလေး စိုက်ဝင်ခဲ့စေခဲ့ရသူဖြစ်သည်။

ဒါကိုသူမလေး သိမည်မဟုတ်ပါ။

သူ့မှာသာ တစ်ဖက်သတ် အချစ်များဖြင့် ရင်မောစွာ ချစ်နေရသူမို့ တစ်ယောက်တည်း သက်ပြင်းတွေ ကျိတ်ချခဲ့ရသည့် အဖြစ်များကလည်း မနည်းတော့။

စံသိုက်မောင်မှာ တစ်ယောက်တည်း အတွေးများနှင့် ရှိနေခိုက်မှာပင် သူ့မျက်ဝန်းထဲ အရိပ်လေးတစ်ရိပ် ပေါ်လာတာကြောင့် စံသိုက်မောင်သည် ဟန်မဆောင်နိုင်အောင်ပင် ပြုံးမော့သွားရလေသည်။

သူမြင်တွေ့လိုက်ရပါသည့် အရိပ်လေးက တခြားသူတော့ဖြင့် မဟုတ်ပါပေ။

နာရီ စက္ကန့်အချိန်နှင့်အမျှ သူ့ရင်မှာ တမ်းတမ်းတတကြီး သတိရ တောင့်တနေပါသည့် ကြည်နူးပင် ဖြစ်တော့သည်။

စံသိုက်မောင်သည် တစ်ယောက်တည်း မြို့ထဲသို့





ဆင်းသွားသည့် ကြည်နူးနောက်သို့ ခြေလှမ်းကျဲကြီးများ တစ်လှမ်းလှမ်းဖြင့် လိုက်ပါခဲ့သည်ကို ကြည်နူးမှာ မသိပါ။

ညနေဆည်းဆာ အချိန်ဝယ် တစ်ယောက်တည်း မြို့ထဲတွင် အေးအေးဆေးဆေး လမ်းလျှောက်ချင်သည်မို့ မြို့ထဲသို့ ဆင်းလာခဲ့ခြင်းဖြစ်သည်။

အိမ်တွင် ကြည်နူးတစ်ယောက်တည်း တစ်နေ့တစ်နေ့နှင့် ရက်များကုန်ဆုံးစေခဲ့ရသည့် အဖြစ်ကို သူမငြီးငွေ့နေရပါသည်။

သူမတက်သည့် သင်တန်းကလည်း ပြီးသွားပြီမို့ ကြည်နူး ယခုလောလောဆယ်မှာတော့ ဘာအလုပ်မှမရှိဘဲ အားနေရ၏။

သူမဆက်တက်ရမည့် သင်တန်းကလည်း ယခုမဖွင့်သေးပါ။ ထို့ကြောင့် ကြည်နူးသည် အိမ်တွင် တစ်နေ့တစ်နေ့ အိမ်မှကိစ္စများ လုပ်ရင်းနှင့်ပင် အချိန်များကို ကုန်ဆုံးခဲ့ရလေသည်။

သင်တန်းနားသည့်အချိန် ဖေဖေ့ဆီ ပြန်သွားဖို့ စဉ်းစားလိုက်ပြန်တော့လည်း ဖေဖေသည် အလုပ်တာဝန်ဖြင့် နယ်ကိုခရီးထွက်သည်ဆိုသောကြောင့် ကြည်နူးသည် မန္တလေးကို မပြန်ဖြစ်ခဲ့တော့။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့် တွေ့ချင်လို့ သွားသည့်သူမ ဖေဖေနှင့် မတွေ့ရတော့ ဘာလုပ်ရမလဲ။ ဖေဖေပြန်ရောက်မရောက်ကို ဒီကပဲ ဖုန်းနှင့် လှမ်းမေးရင်း ဖေဖေရောက်လျှင် မန္တလေးသို့ ပြန်ရန် စီစဉ်ထားလေ၏။

ထိုအစီအစဉ်ကို အန်ကယ်ကျော်ကလည်း လက်ခံလေ၏။

ကြည်နူးသည် ဖေဖေကို သတိရသည့်စိတ်အတွေးဖြင့် လမ်းလျှောက်နေရာ…

"ကြည်နူး"

သူမအမည်ကို ခေါ်လိုက်သံကြောင့် ကြည်နူး၏ အကြည့်များက အသံလာရာနောက်ဆီသို့ ဗျတ်ခနဲ ရောက်ရှိသွားရာ…

"ဟင်"

"ခင်ဗျား"

ကြည်နူးသည့် သူမ မမြင်ချင် မတွေ့ချင် မဆုံချင်ပါသည့် လူ့ခွစာကြီး စံသိုက်မောင်ကို တွေ့လိုက်ရာ သူမမျက်နှာ လှလှလေးမှာ တည်တင်းသွားပြီး သူ့ထံမှ အကြည့်များကိုလည်း သူမသည် ချက်ချင်းပင် ပြန်လွှဲယူလျက် နေရာမှ ထွက်သွားရန်ပြင်လိုက်တော့…





"ခဏနေပါဦး ကြည်နူး"

"အို"

အကြည့်စူးစူးနှင့်နှင့်ကြီးဖြင့် သူမအား ခပ်စိုက်စိုက်ကြည့်ကာ သူမသွားမည့်ရှေ့ သူကိုယ်ကြီး ပိတ်ရပ်လာသည့် စံသိုက်မောင်ကြောင့် ကြည်နူးသည် မျက်နှာလေး ပျက်သွားရလေသည်။

"ဒါ ဘာလုပ်တာလဲ"

"ကြည်နူးကိုတားနေတာ"

"ဘာဗျ"

သူ့စကားကြောင့် ကြည်နူးမျက်နှာလေး ရဲပသွားရသည်။

"ဆောရီး…ကျုပ်ကြည်နူးကို စကားပြောစရာရှိလို့ပါ"

"အို…ဘာတွေလဲ၊ ခင်ဗျားနဲ့ ကျွန်တော်ကြားမှာ ဘာစကားမှ မရှိဘူး၊ ခင်ဗျား ကျွန်တော်သွားမယ့်လမ်းရှေ့က ဖယ်ပါ"

"မဖယ်နိုင်သေးဘူး"

"ဘာ"

"ဘာလို့တစ်ယောက်တည်း ဒေါသတွေ ဒီလောက်ကြီး နေရတာလဲ၊ ကြည်နူး ဒေါသဖြစ်အောင်လည်း ကျုပ်ဘာမှ စော်ပြုရ



www.burmeseclassic.com

www.burmeseclassic.com



ပါလား"

သူမနာမည်ကို ပါးစပ်ဖျားကမချ ပြောနေသော စံသိုက်မောင်စကားကြောင့် ကြည်နူးသည်ပို၍ ဒေါသဖြစ်သွားရပြီး…

"ခင်ဗျားက ဒါတောင် ကျွန်တော့်ကို ဒေါသထွက်အောင် မလုပ်ဘူးပြောသေးတယ် ဟုတ်လား"

"အေးလေဗျာ…ကြည်နူးဘာသာ ကြည်နူး ဒေါသတွေ ဖြစ်နေတာတော့ ကျုပ်လည်း မပြောတတ်ဘူး"

"ဟင်…ခင်ဗျား…ခင်ဗျား"

ကြည်နူး သူ့အား ဒေါသဖြစ်ရလွန်းသောကြောင့် မျက်နှာလှလှလေးမှာ နီရဲတောက်ပနေရသည်။

ထို့ကြောင့် သူနှင့် စကားဆက်မပြောတော့ဘဲ သူ့ကိုယ်ကြီးကို ကျော့ပိုက်ကာ ရှောင်သွားရန်အလုပ်…

"ဟိတ်…နေဦးဆို"

"ခင်ဗျား…ဖြန်း"

"ဟင်"

စံသိုက်မောင်မှာ သူ့ရှေ့က လှည့်ထွက်သွားသည့် ကြည်နူး





ကို တားရင်းက သူမလက်လေးကို လှမ်းအဆွဲမှာပင် ဖြန်းခနဲဆိုသည့် အသားချင်း ရိုက်ခတ်သွားသံက ထွက်ပေါ်လာရသည်။

"အဟွန်း…မင်း ကျုပ်ပါးကို ရိုက်တာ ဒါနဲ့ဆို နှစ်ကြိမ်ရှိပြီနော် ကြည်နူး"

သူ့အသံက တစ်စုံတစ်ရာကို နာကျင်နေသလိုမို့ ကြည်နူးမှာ မျက်နှာပျက်နေရတော့သည်။

"ရိုက်ပါကြည်နူး…ကျုပ်ပါးကို ရိုက်လို့ မင်းစိတ်ချမ်းသာမယ်ဆို မင်းကျုပ်ကို ကြိုက်သလောက် ရိုက်ပါ၊ ဒါပေမယ့် ဒါဟာ မင်းတစ်ယောက်တည်းကိုပဲ ကျုပ်ခွင့်ပြုတဲ့ကိစ္စ၊ ဘာဖြုလို့ ခွင့်ပြုရသလဲဆိုရင် မင်းကို ကျုပ် ချစ်လို့ သိပ်ချစ်လို့ပဲ ကြည်နူး"

"အို"

မပြော မပြောနှင့် ပြောမည့်ပြောတော့လည်း စကားကို အပိုအလိုမရှိ လိုရင်းနှင့်တိုရှင်းရှင်းကြီး ဖွင့်ပြောလိုက်သော စံသိုက်မောင်စကားကြောင့် ကြည်နူးမှာ ရှက်ခြင်း၊ မယုံနိုင်ခြင်း အံ့သြထိတ်လန့်ခြင်းများဖြင့် ရှိနေရတော့သည်။

"ဒီစကားကိုကြားရင် မင်းအံ့သြသွားမယ်ဆိုတာ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ပြီးတော့ ကျုပ်လို ဒရိုင်ဘာတစ်ယောက်က မင်းလို ပညာတတ် သူဌေးသမီးတစ်ယောက်နဲ့ မတို့ဘူး မတန်ဘူးဆိုတာလည်း ကျုပ်သိတယ်၊ ဒါပေမယ့် ကျုပ်ရင်ထဲက အချစ်ကို ကျုပ် ဘယ်လိုမှ မထိန်းချုပ်နိုင်ဘူး၊ ဒါကြောင့် ဒီစကား မင်းကို ကျုပ်ဖွင့်ပြောရတာ မင်းကို ကျုပ်တဝ ကျုပ်နှလုံးသားနဲ့ထပ်တူ မြတ်မြတ်နိုးနိုးနဲ့ သိပ်ချစ်တယ်ဆိုတာ မင်းယုံပါကြည်နူး''

''အို''

ချစ်ရည်ရွှန်းသော မျက်ဝန်းအစုံနှင့် သူမအား အကြည့်များ မလွှဲတမ်း ငေးစိုက်ကြည့်ရင်းက ပြောနေသော စံသိုက်မောင်ကြောင့် ကြည်နူး အပျိုစင်လေးခမျာ ရှက်သွေးများ စိုဖြာလျက် လူတကျန်တုန်ယင်ယင်နှင့် ခြေဖျားလက်ဖျားများပင် အေးစက်လာရသည်။

''ကြည်နူးရယ်…တကယ်ပါ၊ ကျုပ် မင်းကို သိပ်ချစ်တယ် ချစ်တယ်၊ ဒီခံစားမှုက မင်းကို မြင်မြင်ချင်း တွေ့စမှာကတည်းက ခံစားလိုက်ရတဲ့ ကျုပ်ရင်ထဲက ဝေဒနာတွေဆိုတာ မင်းနားလည်ပေးပါဗျာ၊ ဒီလိုပြောလို့ ကျုပ်ကို ဒီလူသိပ်အတင့်ရဲပါတယ်လို့လည်း မထင်မှတ်လိုက်ပါနဲ့၊ မင်းကိုချစ်တဲ့ အချစ်တွေက





ကျုပ်ရင်ထဲမှာ တစ်သက်မှာ တစ်ခါသာ ဖြစ်ပေါ်ခံစားရတဲ့ အချစ်တွေမို့ ကျုပ် အချစ်ကို မင်းအလေးအနက်ထားပေးပါ'' '

စံသိုက်မောင်သည် ကြည်နူးအား အကြည့်များ မလွှဲတမ်း ကြည့်ရင်းက စကားများ ဆက်တိုက်ဆိုနေပေမယ့် ကြည်နူး တစ်ယောက်ကား ယခုချိန်ထိ သူ့ရှေ့တွင် မလှုပ်မယှက်နှင့် မှင်သက်နေရသူ တစ်ယောက်လို တွေတွေငေးငေးရှိနေရသည်။

မှန်သည်။

ကြည်နူးမှာ စံသိုက်မောင်စကားတွေကို မယုံနိုင်အောင် ဖြစ်နေရလေတော့သည်။

သူမ ထိုသို့ မယုံကြည်နိုင်အောင် ဖြစ်မည်ဆိုကလည်း ဖြစ်စရာပင်ဖြစ်သည်။

စံသိုက်မောင်လို သူမနှင့်တွေ့လိုက်တိုင်း ဘုနှင့်ဘောက်နှင့်ကြောမတည့်ပါသည် ဒရိုင်ဘာ လူချောက သူမအား ချစ်ပါသည်ဆိုလာသောအခါ၊ ကြည်နူးသည် သူမနားကိုပင် မယုံနိုင်အောင် ဖြစ်ခဲ့ရလေသည်။

တကယ်ဆို သူ သူမကို ယခုလို ချစ်ရေးဆို ရည်းအား



www.burmeseclassic.com

www.burmeseclassic.com



စကားပြောလိုက်တာနှင့် သူဘာဖြစ်မည်ဆိုတာကိုလည်း စံသိုက်မောင် သိပါလိမ့်မည်။

သည်လိုမျိုး သိပါရက်နှင့် သူမအပေါ် ယခုလို စကားမျိုး ပြောနိုင်သည်ကတော့ သိပ်ကို လွန်နေရပြီဖြစ်သည်။

"ကြည်နူး"

"ခင်ဗျား…ခင်ဗျားကြီး ကျွန်တော့်ကို ဘာစကားတွေ ပြောနေတယ်ဆိုတာရော သိရဲ့လား"

ကြည်နူးပုံစံလေးက စံသိုက်မောင်စကားများအတွက် တုန်တုန်လှုပ်လှုပ်လေး ဖြစ်နေရသည်။

စံသိုက်မောင်မှာ ဖြူစင်လွန်းသည့် ချစ်သူလေးအဖြစ်ကို ချစ်ခြင်း၊ မြတ်နိုးခြင်း၊ ကြင်နာသနားခြင်းများစွာနှင့် ကြည့်ပြီး…

"သိပါတယ်ကြည်နူး…ကျုပ် မင်းကို ဘာတွေပြောနေတယ် ဆိုတာ ကျုပ်ကိုယ်ကျုပ်သိပါတယ်၊ ဒီစကားတွေအားလုံး ကျုပ်နှလုံး သားက မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားပြီး ဆိုလာတဲ့စကားတွေပါ ဒီစကားတွေအတွက် ပေးလာမယ့်အပြစ်ကိုလည်း ကျုပ်ခံယူဖို့ အသင့်ပါပဲ၊ အဲဒီအတွက်လည်း ကျုပ်ဘယ်တော့မှ နောင်တမရ





မဟုတ်ဘူး ကြည်နူး၊ ဘာဖြစ်လို့လဲသိလား မင်းကိုသိပ်ချစ်လို့ သိပ်ချစ်လို့ပါပဲဗျာ"

ရူးရူးမိုက်မိုက်ကြီး ငေးစိုက်ကြည့်လျက် ဆိုလိုက်ပါသော သူ့စကားအဆုံးတွင် နှစ်ဦးသား တိတ်ဆိတ်သွားရသည်။

ကြည်နူးမှာ သူ့စကားကို မယုံနိုင်ခြင်းထက် မယုံနိုင်အောင် စိတ်လှုပ်ရှားနေရသောကြောင့် ဖြစ်သည်။

"ကြည်နူး"

"ဟင့်အင်း…ဟင့်အင်း ခင်ဗျား…ခင်ဗျား… ကျွန်တော့်ကို မခေါ်နဲ့၊ ကျွန်တော် သွားပါရစေတော့"

လှိုက်ဖြာတုန်ယင်နေရသော အသံလေးဖြင့် ကြည်နူးသည် ရင်းက စံသိုက်မောင်အနားက လှည့်ထွက်လာခဲ့လိုက်သည်။

သို့တိုင်…

ရင်ထဲမှာတော့ ဘာရယ်ကြောင့်မှန်းမသိ အမည်မဖော်ပြ သည့် ကိုယ့်ကိုယ်ကိုလည်း နားမလည်နိုင်သော ဝေဒနာများ ရင်မှာ ရှက်ရွံ့ဝမ်းနည်းနေရသည်။ ဘာကြောင့်မှန်း ကြည်နူး သိပါတော့။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

မျက်ရည်စက်အချို့ကတော့ ဆို့နေရာတွင် ကြွေသက်ကျ ဆင်းခဲ့ရလေသည်။

ကြည်နူးအား မန္တလေးသို့ အမြန်ပြန်လာပါဆိုသော ဖေဖေ ထံမှ ဖုန်းဆက်ခေါ်မှုကြောင့် ကြည်နူးတစ်ယောက် မန္တလေးသို့ ပြန်ရောက်နေသည်မှာ ယခုဆိုရင် ရက်လေးများပင် ကြာခဲ့ရပြီဖြစ် သည်။

ရုတ်တရက်ကြီး ဖေဖေသည် ကြည်နူးအား ဘာကြောင့် မန္တလေးသို့ ပြန်ခေါ်ရသည်ကို ကြည်နူးမသိပါ။

ဖေဖေကလည်း ကြည်နူးကို သတိရသည်ဆိုတာထက် လို့ ဘာမှမပြောခဲ့ပါ။

သို့ပေမယ့်...ဖေဖေ့ပုံစံသည် ယခင်ကထက်ပို၍ ဖျော်လတ်သွက်လက်နေရကာ တစ်ခုခုကို ကျေနပ်ပျော်ရွှင်နေ ရလေ၏။

ကြည့်လိုက်တိုင်း ဖေဖေသည် ပြုံးရွှင်နေရကာ သူ့မျက်နှာ ပြီး ယခုရက်ပိုင်းမှာလည်း ဖေဖေသည် အိမ်မှာ ကပ်သည်သိပ်မ





သလောက် အလုပ်များနေတတ်လေသည်။

ကြည်နူးမှာ ဖေဖေ၏ ထူးခြားနေသည့် အမူအရာများကို ကြည့်ပြီး အံ့သြနေရသည်။

ဖေဖေတစ်ယောက်တည်း ဒီလောက် အလုပ်များနေရ အောင် ဘာတွေများ လုပ်နေတာပါလိမ့်။ ယခင်ကဆိုလျှင် ဖေဖေသည် ဘယ်ကိစ္စမဆို သမီးဖြစ်သူ သူမနှင့်တိုင်ပင်ပြောလေ့ ရှိပေမယ့် အခုတော့ ဖေဖေသည် အရင်လိုမဟုတ်တော့ပါ။

ကိစ္စတစ်ခုကို သူတစ်ယောက်တည်း တိုးတိုးတိတ်တိတ် လုပ်နေသလိုမို့ ကြည်နူးသည် သူမကိုမသိစေချင်သည့်ကိစ္စ ဘာမှ မေးမနေတော့ပါ။

သည်အတိုင်းပင် ဘာသိဘာသာနှင့် မသိသလိုနေပေး လိုက်သည်။

သို့သော်...

ကြည်နူးစိတ်ထဲမှာတော့ ထူးဆန်းနေရသည်ကတော့ အမှန် ဖြစ်သည်။ ခါတိုင်းဆို ဖေဖေသည် ကြည်နူးကိုတော့ စကားတွေ အများကြီး ပြောတတ်ပေမယ့် ယခုတော့ ဖေဖေသည် ကြည်နူးကို



www.burmeseclassic.com

www.burmeseclassic.com



စကားတွေ သိပ်များများမပြောသလို ရန်ကုန်မှာ ပျော်ခဲ့ရဲ့လားလို့လည်း ကြည်နူးကို မမေးခဲ့ပါ။

ဖေဖေ့ပုံစံက ကြည်နူးအပေါ် ဘာသိဘာသာနိုင်လွန်းနေတာတော့ အမှန်ဖြစ်သည်။ ကြည်နူးမှာ ဖေဖေနှင့် ပတ်သက်ကာ ရင်မှာ မကျေနပ်စိတ်လေးဖြစ်မိရင်းက တစ်ဆက်တည်းဆိုသလို သူမစိတ် အတွေးများက လူ့ခွစာကြီး စံသိုက်မောင်ထံကို ဖျတ်ခနဲ ရောက်ရှိသွားရသည်။

" သူခုချိန် ဘယ်မှာရှိ၍ ဘာတွေလုပ်နေပါလိမ့်။ ကြည်နူးမန္တလေးကို ပြန်မလာခင်ကတည်းက စံသိုက်မောင်ကို ကြည်နူးမမြင်ရမတွေ့ရတော့ပါ။

အကြောင်းကား . . .

စံသိုက်မောင်ဆိုသည့် လူ့ခွစာကြီးသည် ကြည်နူးကို ချစ်စကားတွေဆိုပြီး နောက်ရက်မှစလို့ သူ့ကို အရိပ်မျှပင် မမြင်တွေ့ရတော့ခြင်းဖြစ်သည်။

"ကြည့်ရတာ စံသိုက်မောင်သည် သူ့အပြစ်ကို သူသိ၍ ရှောင်ဆုတ်သွားရခြင်း ဖြစ်ပါလိမ့်မည်။





သူ့လို ဒရိုင်ဘာတစ်ယောက်က ကိုယ့်အလုပ်ရှင်ရဲ့ တူမဖြစ်သူ ကြည်နူးကို မတန်မရာ ချစ်စကားဆိုခဲ့သည်ကပင် သူမအပေါ် သူ့အပြစ်တွေ သိပ်လွန်ကျူးနေရသည် မဟုတ်လား။

" ဒါကို သူသည်လည်း သိပုံရပါလေ၏။ ဒါကြောင့်သာ သူသည် ကြည်နူးရှေ့ကို ထပ်မရောက်လာတော့ဘဲ ကြည်နူးမျက်စိရှေ့အောက်ကနေ တစ်ခါတည်း ပျောက်သွားရခြင်းဖြစ်သည်။

မှန်သည်။

"စံသိုက်မောင်မှာ အန်ကယ်ကျော်ထံမှ သူ့သဘော သူ့ဆန္ဒနှင့် အလုပ်ထွက်သွားရပြီဖြစ်သည်။

သူဒီလိုမျိုး လုပ်သွားပြန်တော့လည်း ကြည်နူးမှာ စိတ်မကောင်းဖြစ်ရပြန်လေ၏။

စူးရှရီဝေသော ချစ်မျက်ဝန်း စူးစူးစိုက်စိုက်ကြီးများနှင့် ကြည်နူးကို တမ်းမှတမော ငေးငေးရူးရူးကြီးများ စိုက်ကြည့်နေတတ်ပါသော သူ့အကြည့်များကို ကြည်နူး ပြန်မြင်ယောင်မိတော့ ရင်မှာ သိမ့်ခနဲ နွေးသွားရပြန်သည်။

မြင့်မားသောအရပ်၊ ယောက်ျားပီသကာ ကျစ်လစ်သိပ်



www.burmeseclassic.com

www.burmeseclassic.com



သည်းသော ခန္ဓာကိုယ်၊ ညှိုသော်လည်း စိုပြေလွန်းသည့် အသား အရေနှင့် မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ မျက်ဝန်းစူးစူးစိုစိုကြီးများ ဖြင့် ပိရိတိကျသော နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပိတ်ထားတတ် သော သူသည် မျက်နှာအကျ သေသပ်မှုနှင့် ယောကျ်ားပီသကာ ချောမောခန့်ထည်သော ရုပ်ရည်ကို ပိုင်ဆိုင်ထားသူလည်း ဖြစ်သည်။

ယောကျ်ားလေးတန်မဲ့ ခြေချောင်းလက်ချောင်းများ လှပ ကာ သန့်ရှင်းသပ်ရပ်နေတတ်သော လူ့ခွစာသည် မသိပါက ပညာ တတ်လူရွယ်တစ်ယောက်၏ ပုံစံမျိုး။

ဒရိုင်ဘာတစ်ယောက်ဆိုပေမယ့်လည်း သူ့ရုပ်ရည်၊ သူနေ ပုံထိုင်ပုံ ပြောဆိုပုံများက တခြားဒရိုင်ဘာတွေလို မဟုတ်ပါဘဲ ခန့်ထည့်သောအသွင်၊ ယောကျ်ားပီသသည့်ရုပ်ရည်နှင့် စကားကို အပိုအလိုမပြောတတ်ဘဲ ခပ်အေးအေးနေ သီးသီးသန့်သန့် နေထိုင် တတ်သူလည်းဖြစ်သည်။

တွေ့စကပင် နှစ်ဦးသား မျက်နှာကျော မတည့် ဘုနှင့် ဘောက် ဖြစ်ခဲ့ရကာ သူ့မျက်နှာကို မကြည့်ချင် မမြင်ချင်လောက်





အောင် မုန်းပါသည်ဆိုတဲ့ကြားက သူသည် သူမအား သိပ်ချစ်ပါ သည် ဆိုလာသောအခါ ကြည်နူးသည် ရင်မှာ မယုံကြည်နိုင်ခြင်း များစွာနှင့် အံ့သြတုန်လှုပ်ခဲ့ရလေသည်။

မထင်ခဲ့ပါ။ သူလိုလူတစ်ယောက်က ကြည်နူးကို ဤမျှ ရဲရဲတင်းတင်း ချစ်စကားဆိုလိမ့်မည်လို့ ကြည်နူး နည်းနည်းလေးမှ မထင်ခဲ့ပါ။

သူ့ထံမှ ချစ်စကားများကို ကြားကြားချင်းကဖြင့် ကြည်နူး သည် သူမကိုယ်သူမလည်း နားကြားလွဲသည်လို့ပင် ထင်မှတ်ခဲ့ပါ သည်။

သို့သော်...

တကယ်တမ်း ထိုသို့ထင်လို့မရအောင် သူ့ထံမှ ချစ်စကား များက အရမ်းကို တည်ငြိမ်လေးနက်စွာ နက်နက်ရှိုင်းရှိုင်းကြီး ဆိုလာသောအခါ ကြည်နူး နှလုံးသားများသည် မသိဟန်ဆောင် လို့ မရတော့ပါဘဲ လှိုက်ဖိုခဲ့ရလေသည်။

ကြည်နူးဘဝတွင် အမျိုးသားများ၏ ချစ်ရေးဆိုခြင်းကို ခံခဲ့ရဖူးပေမယ့် ယခုလိုမျိုး လူ့ခွစာကြီး စံသိုက်မောင် ချစ်ရေးဆို



www.burmeseclassic.com

www.burmeseclassic.com



သလို ရင်တုန်လှိုက်ဖိုနွေးထွေးခြင်းမျိုးတော့ တစ်ဦးတစ်ယောက်မှ မရှိခဲ့ပါပေ။

ယခုမှ စံသိုက်မောင်နှင့်မှ ကြည်နူးရင်သည် ဘာကြောင့် ဒီလောက်ထိ ထူးထူးခြားခြား တုန်လှုပ်ခဲ့ရပါသည်လဲ။

သည်အဖြေကို ကြည်နူးသည် သူမကိုယ်သူမ အကြိမ်ကြိမ်အဖန်ဖန် ပြန်မေးခဲ့ပေမယ့် အဖြေကတော့ ရှိမလာခဲ့ပါ။

သေချာသည်ကတော့ ကြည်နူးသည် လူ့ခွစာကြီး စံသိုက်မောင်ကြောင့် ရင်ခုန်နေရပြီဖြစ်သည်။

အချစ်သည် ရင်ခုန်ခြင်းကစသည်လား ဆိုတာလည်း ကြည်နူး မသိပါ။ ဘယ်လိုကြောင့်ပဲ ဖြစ်စေဦးတော့ ကြည်နူးသည် လူ့ခွစာကြီး စံသိုက်မောင်ကြောင့် အမှန်တကယ်ပင် ရင်ခုန်ခံစားခဲ့ရပြီ မဟုတ်ပါလား။

သို့တိုင်...

စံသိုက်မောင် လူ့ခွစာကြီးကတော့ သူ့ရင်ထဲက ချစ်စကားများကို ဆိုခဲ့ပြီးဖြစ်လေသည်။ သူမထံကအချစ်များကိုတော့ ပြန်လည်တောင်းဆိုရန် မစဉ်းစားခဲ့ပါ။





သူ့ရင်ထဲက အချစ်များကို သူမသိအောင် ဖွင့်ပြောခဲ့ပြီး သူမထံက အချစ်များ တောင်းခံရန်ကိုတော့ လျစ်လျူရှုခဲ့သူဖြစ်သည်။

သည်အဖြစ်က သူ့ကို သူမကို ဘယ်လောက်ထိ ရှက်ရွံ့ဒေါသဖြစ်စေရသည်ဆိုတာ သူမသိဘူးတဲ့လား။သိမည်လည်းမထင်ပါ။ မသိ၍သာ စံသိုက်မောင်သည် ကြည်နူးကို ချစ်စကားဆိုပြီး နောက်ရက်မှစ၍ သူ့အရိပ် ကြည်နူးမျက်ဝန်းထဲက ပျောက်ကွယ်ခဲ့ခြင်းဖြစ်သည်။

မှန်၏။

စံသိုက်မောင်သည် သူမနှင့်ပတ်သက်ပြီး သူ့ခံစားချက်များကို ဘာမှမသိရသေးခင်မှာပင် သူ့ဆုံးဖြတ်ချက်နှင့်သူ ကြည်နူးမျက်စိရှေ့အောက်က ပျောက်ကွယ်သွားခဲ့လေ၏။

ထိုအဖြစ်က ကြည်နူးရင်ကို များစွာ နာကျင်ခံခက်စေရပါသည်။ ဒါ သူ့အချစ်ကို တမင်သက်သက် စော်ကားတာပဲဟူသော အတွေးကလည်း ကြည်နူးရင်ကို အခါမလပ် နှိပ်စက်နေရသည်မို့ နေ့နေ့ညည ကြည်နူးသည် စံသိုက်မောင်နှင့် ပတ်သက်သို့



www.burmeseclassic.com

www.burmeseclassic.com



**ရင်မှာ ပျော့ရှင်နိုင်**အောင် ရှိနေရတော့သည်။

သူမကို နှုတ်ဆက်စကားမဆိုပါဘဲ ပျောက်ကွယ်သွားသော သူကို ကြည်နူး နာကြည်းစွာ မုန်းပစ်ရမည်လား။ ဒါမှ မဟုတ်. ရင်မှာ သူနဲ့ပတ်သက်ကာ ဆက်၍ပဲ သတိရနေရတော့ မလားဆိုတာ ကြည်နူးကိုယ်ကြည်နူးလည်း မသိတော့ပါ။

အမုန်းဝန်ခံရမည်ဆိုလျှင် ကြည်နူးသည် သူပေးခဲ့သည့် ဝေဒနာကြောင့် ရင်မှာ နက်ရှိုင်းစွာ ခံစားနေရပြီဖြစ်သည်။

ဒါဟာ အချစ်ဆိုရင်ဖြင့် ကြည်နူး သူ့ကို ချစ်နေရပြီဖြစ်သည်။ ထိုအတွေးကဝင်လာတော့ ကြည်နူးမျက်နှာလေးမှာ ရဲပနီ မြန်းသွားရသည်။

ကြည်နူး မရှက်ပါတော့။ ထို့အတူ သူမကိုယ်သူမလည်း မညာချင်တော့ပါ။ သူ့အား ကြည့်မရပါ၊ မုန်းပါသည်ဟု ဆိုနေသည့်ကြားကပင် ကြည်နူးသည် စံသိုက်မောင် လူ့ခွစာကြီးအား ချစ်မိသွားရပြီ မဟုတ်ပါလား။

သူမနှလုံးသားကို သူမ အမှန်တကယ် မြင်ခဲ့ရပြီမို့ ကြည်နူးသည် စံသိုက်မောင်ကို ချစ်နေပါလားဆိုသည့် အတွေးနှင့် ရင်မှာ





ကြည်နူးသွားခဲ့ရပေမယ့် စံသိုက်မောင် လူ့ခွစာကြီးက သူမအနား တွင် မရှိလေတော့ ကြည်နူးသည် သူ့ကို သတိရသည့်စိတ်၊ လွမ်းဆွတ်သည့်စိတ်များဖြင့် မျက်နှာလေး ညှိုးကျသွားလေသည်။

သူရယ်...ဘာဖြစ်လို့ ကြည်နူးကို တစ်ယောက်တည်း ထားသွားရက်တာလဲကွယ်။

မတည့်အတူနေ ဘဝတုန်းကတော့ဖြင့် သူ့မျက်နှာကို မကြည့်ချင် မမြင်ချင်လောက်အောင် မုန်းခဲ့ရပေမယ့် ယခု သူမ အနားတွင် သူမရှိတော့ပြီဆိုသောအခါ ကြည်နူး နှလုံးသားများက သူ့အား တမ်းတမ်းတတကြီး လွမ်းဆွတ်အောက်မေ့ သတိရလာကာ သူ့ကို သတိရတမ်းတစိတ်ကြောင့် ရင်မှာ ထိထိခိုက်ခိုက်နှင့် နာကျင်သွားရလေသည်က စံသိုက်မောင်ဆိုသော သူ့ကို သူမ သိပ်ချစ်နေ၍သာ ဖြစ်ပါသည်။

ကြည်နူးအနားကို ပြန်လာပါတော့ သူရယ်။ ကြည်နူး ကြည်နူး ရှင့်ကိုချစ်မိနေပြီဆိုတာ ရှင်ဘာလို့မသိရတာလဲကွယ်။

အချစ်သည် အရာရာကို ပြောင်းလဲစေတတ်သည်ဆိုသော စကား အမှန်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုရသော်...

ယောကျ်ားတစ်ယောက်နှင့် ပတ်သက်ကာ ရင်မှာ တစ်ခါမှ မဖြစ်ပေါ်ခဲ့ဘူးသော ကြည်နူးရင်ထဲက ခံစားမှုများသည် အချစ်ဆိုသည့်အရာနှင့် ထိတွေ့လာရသည့်အခါမှာတော့ နူးညံ့အိမ်မွေ့ခြင်းများစွာနှင့် အချစ်သည် ဘယ်လောက်ထိ နက်ရှိုင်းစူးနစ် ခံစားစေရကြောင်းကို ကြည်နူးတစ်ယောက် ကောင်းကောင်းကြီး သိသွားရတော့သည်။

X-X-X



## အခန်း (၉)

"ရှင်"

"ဘယ်လိုမေမေ...ကြည်နူးကို မေမေ ဘာပြောလိုက်တယ်"

ကြည်စင်ရွှန်းလဲ့သော မျက်ဝန်းပြာလဲ့လဲ့လေးနှင့် ဖခင်ကို ကြည့်ရင်းက ကြည်နူးသည် တအံ့တသြလေး ဆိုလိုက်လေသည်။

"မေမေ...မေမေ ကြည်နူးကို ဘာပြောလိုက်တာလဲဟင်"

ကြည်နူးမှာ တထိတ်ထိတ်ခုန်သော ရင်အစုံဖြင့် ဖခင်ဖြစ်သူကို ပျာပျာသလဲ မေးလိုက်၏။

မိုးမိုး ◆ စာပေ

www.burmeseclassic.com



"သမီးမေမေ မရှိတော့တဲ့နောက်ပိုင်းမှာ သမီးနဲ့ပတ်သက်တဲ့ ကိစ္စအားလုံးဟာ မေမေ့တာဝန်ပဲ၊ အဲဒီတာဝန်ထဲမှာ အရွယ်ရောက်နေတဲ့ သမီးကို အိမ်ထောင်ချပေးဖို့လည်းပါတယ်၊ ဒါကြောင့် သမီးအတွက် စိတ်ချရအောင် မေမေ့မိတ်ဆွေရဲ့သားနဲ့ သမီးကို အိမ်ထောင်ချပေးဖို့ စီစဉ်လိုက်တာ"

"ရှင်"

မေမေ့စကားကို နားထောင်ပြီး ကြည်နူးမှာ အံ့သြရလွန်းသဖြင့် ရုတ်တရက်မှာတော့ ဘာစကားမှ မဆိုနိုင်အောင် ရှိသွားရသည်။

ဒါကိုပင် မေမေသည် ကြည်နူးအဖြစ်ကို နားလည်ရပုံနှင့်...

"မေမေ့စကားကိုကြားရင် သမီး အခုလို အံ့သြသွားမယ်ဆိုတာ သိတယ်၊ ဒါပေမယ့် ဒီစကားတွေက မေမေ့အနေနဲ့ သမီးကို မပြောလို့လည်း မဖြစ်ဘူး၊ ဘာကြောင့်လဲဆိုတော့ သမီးနဲ့ မေမေ့မိတ်ဆွေရဲ့သားကို အိမ်ထောင်ချပေးဖို့ မင်္ဂလာကိစ္စတွေအားလုံးကို မေမေတို့လူကြီးတွေ စီစဉ်ပြီးသွားလို့ပဲသမီး"



ကြည်နူးမှာ မမျှော်လင့်သည့် ကိစ္စများကို ကြားရသဖြင့် အံ့သြပြီးရင်း အံ့သြနေရကာ ရင်မှာ ဝမ်းနည်းစိတ်တို့ကလည်း လှိုက်တက်လာရသည်။

တစ်ဆက်တည်း စိတ်ထဲတွင်လည်း မေမေရယ် ရက်စက်လိုက်တာဟုလည်း စိတ်မှာ အကြိမ်ကြိမ်အခါခါ ပြောနေမိတော့သည်။

ထို့အတူ...

မေမေ့စကားများကိုလည်း ကြည်နူးသည် ဘယ်လိုမှ မယုံကြည်နိုင်အောင် ဖြစ်ရသည်မို့...

"ဒါ...ဒါ တကယ်ပဲလားမေမေ၊ မေမေ သမီးကို ဒီစကားတွေ တကယ်ပဲပြောနေတာလား"

ကြည်နူးမှာ သူမလုံးဝမသိပါသည့် လူစိမ်းတစ်ယောက်ကို လက်ထပ်ရမည်ဆိုတာနှင့် တီကိုဆားနှင့်တို့သလို တုန်လှုပ်သွားရတာ ရင်ထဲတွင်လည်း မချစ်မနှစ်သက်သောလူကို လက်ထပ်ရမည်ဆိုသော အသိဖြင့် လူက ကမ္ဘာပျက်မတတ် ဖြစ်သွားရသည်။

"တကယ်ပါ သမီး၊ မေမေ့သမီးကို မေမေ့မျက်စိရှေ့မှာ

www.burmeseclassic.com

အေးအေးချမ်းချမ်းနဲ့ သာယာတဲ့မိသားစုဘဝမျိုး မြင်တွေ့ချင်တယ် အဲဒါ မေမေ့ရဲ့ အကြီးမားဆုံးဆန္ဒပဲ၊ ပြီးတော့ မေမေ့သမီးအတွက် ရွေးချယ်ထားတဲ့သူငယ်ဟာ မေမေ့မျက်စိထဲမှာတော့ သမီးအတွက် အသင့်တော်ဆုံးနဲ့ အလိုက်ဖက်ဆုံးလူပဲ"

"မေမေ သင့်တော်တယ်ဆိုပေမယ့် သမီးမှ အိမ်ထောင် မပြုချင်ဘဲ၊ ပြီးတော့ သမီး ကိုယ်မချစ်တဲ့လူနဲ့ အိမ်ထောင်မပြု ဘူး မေမေ၊ ဒါကြောင့် မေမေ ဒီကိစ္စကို ရှေ့ဆက်မစီစဉ်ပါနဲ့ နော် မေမေ"

ကြည်နူးသည် ဝေသီနေရသော မျက်ဝန်းပြာလဲ့လဲ့ ခေါင်းလည်ခါကာ မေမေ့စကားကို ငြင်းဆန်နေတော့သည်။

"သမီး မေမေ့စေတနာတွေကို ခုနားမလည်သေး တစ်ချိန်မှာတော့ နားလည်လာမှာပါ၊ သမီးအတွက် မေမေရွေး တဲ့ အိမ်ထောင်ဖက်က စိတ်ရင်းမနောကောင်းတဲ့အပြင် သူကိုယ် ကလည်း ဆရာဝန်ဆိုတဲ့ ဂုဏ်နဲ့အညီ ခေတ်ပညာတတ်လူ တစ်ယောက်၊ မိဘမျိုးရိုးဆိုတာကလည်း တကယ့်ဒွေကြီးမျိုး တွေ၊ ပြီးတော့ သမီးကိုလည်း သူချစ်မှာပါ"



ဟင့်အင်း…ဟင့်အင်း သူချစ်ပေမယ့် သမီးမချစ်ဘူး မေမေဟူ၍သာ ကြည်နူးသည် စိတ်မှာပြောနေမိတော့သည်။

ကြည့်စမ်းပါဦး…

ကံကြမ္မာ မှ ကြည်နူးအား ဘယ်လောက်များ ရက် စက်လိုက်သည်လဲဆိုတာ။

ကိုယ်က ချစ်မိနေသည့် ချစ်သူနဲ့တော့ ဆုံစည်းခွင့်မရဘဲ ကိုယ်တစ်ကြိမ်တစ်ခါမှ မမြင်မတွေ့ဘူးသည့် လူနှင့်တော့ လက်ထပ်ရမည်ဆိုတာ ကြည်နူးနှလုံးသားကို သွေးစိမ်းရှင်ရှင်ကျ ရက်စေသည့်အဖြစ်။

သည်အဖြစ်ကို စံသိုက်မောင်ဆိုတဲ့ ကြည်နူးချစ်သူ သိမှာ တဲ့လားကွယ်။ အတွေးနှင့်မျှ ကြည်နူးရင်မှာ နာကျင်လာရကာ လူကလည်း ငိုချင်လာရသည်။

ငိုချင်စိတ်နှင့်အတူ ကြည်နူးသည် စံသိုက်မောင်ကို တမ်း တမ်းတတကြီး မျှော်လင့်နေမိသည်။

ခုချိန် သူမသေး သူရှိနေလျှင် ဘယ်လောက်များကောင်း လိမ့်မည်လဲဆိုသော စိတ်နှင့် ကြည်နူးသည် စံသိုက်မောင်ဆိုသည့်

www.burmeseclassic.com



သူမရင်ထဲက ချစ်သူကို အထူးပင် သတိရတမ်းတနေရသည်ကိုလည်း သူမသာ သူမအသိဆုံးဖြစ်ပါသည်။

သူရယ်…ကြည်နူးအနားကို ရောက်လာပါတော့။ ကြည်နူးဘဝမှာ ချစ်တဲ့သူနဲ့ကင်းဝေးပြီး မ ရှိပဲ မနှစ်သက်သောသူနဲ့ မပေါင်းဆုံပါရစေနဲ့။

ကြည်နူးသည် ချစ်သူကို သတိရတမ်းတရင်းက မျက်ဝန်းမှ မျက်ရည်များက ပါးပြင်ထက် တစ်ပေါက်ချင်း ကျလာရလေသည်။

“မငိုပါနဲ့သမီးရယ်…ဖေဖေစီစဉ်တာ သမီးကောင်းဖို့အတွက်ပါ၊ ဖေဖေ့ကို စိတ်ချမ်းသာစေချင်တယ်ဆိုရင် ဖေဖေ့စကားကို သမီးလက်ခံပါကွယ်”

“ဖေဖေရယ်”

ပြောပြီး အနားမှထသွားသည့် ဖေဖေ့ကိုကြည့်ပြီး ကြည်နူးရင်မှာ ထိခိုက်သွားရလေသည်။

ကြည်နူးဆိုတာက ဖေဖေ့စကားကို တစ်သက်လုံးဖယ်ရှားလာခဲ့သူမဟုတ်။ ဖေဖေ စိတ်ချမ်းသာမည်ဆိုလျှင် ကြည်နူး





ဘဝ ဘယ်လိုပင်ပေးဆပ်ရ ပေးဆပ်ရ ပေးဆပ်ရန် စိတ်ကူးထားသည့် ကြည်နူးမှာ ဖေဖေ့စကားကို ဘယ်လိုမှ ငြင်းဆန်နိုင်စွမ်းမရှိတော့ဘဲ ခေါင်းညိတ်ရန်သာရှိတော့သည်။

မှန်၏။

ဖခင်ကိုချစ်သော သမီးတစ်ယောက်အနေနှင့် ကြည်နူးသည် ဒီပုံစံအတိုင်းဆိုပါက ဖေဖေ့ဆန္ဒကို လိုက်လျောရတော့မည်ဖြစ်သည်။

ထိုအသိနှင့်အတူ ကြည်နူးရင်ထဲတွင်လည်း တစ်စုံတစ်ယောက်ကို သတိရတမ်းတစိတ်ဖြင့် ရင်မှာ ကြေကြေကွဲကွဲနှင့် နာကျင်ထိခိုက်သွားရသည်။

ချစ်ပါရက်နှင့် ပေါင်းဆုံရန် ကံပါမလာခဲ့သည့်အဖြစ်က ကြည်နူး၏ ရင်အစုံကို ဘယ်လောက်များ နာကျင်ထိခိုက်စေရသည်ဆိုတာ ချစ်တတ်သူများသာ သိကြပါလိမ့်မည်။

ဩော်…ပေါင်းဆုံခွင့်မရတဲ့ ဘဝမှာ ချစ်သူကို ရင်မှာ အိုးတိုလွမ်းရင်း သူမရင်ထဲက ဝေဒနာကို နာကျင်နေသော နှလုံးသားဖြင့် ဖြေဖျောက်ရန်သာ ရှိတော့သည်ပဲလေ။

✕-✕-✕



www.burmeseclassic.com

www.burmeseclassic.com

“ဟင်…သူ”

ကြည်နူးတစ်ကိုယ်လုံ လိုက်တုန်သွားရတော့သည်။ ထိုခဏမှာတော့ ကြည်နူးသည် သူမကိုယ်သူမလည်း အသက်ရှုဖို့ ကိုပင် မေ့လျော့နေရကာ လူက နေရာမှ မရွေ့ မှင်သက်လျက် ငြိမ်သက်သွားရသည်။

ဘုရား…ဘုရား…

သူမ သူမအကြည့်လွဲတာများ…

ဟင့်အင်း မဖြစ်နိုင်ပါ။ သူမမျက်စိရှေ့က စံသိုက်မောင် ဆိုသည့်သူကို ကြည်နူးသည် မျက်ဝန်းထဲကသာမက နှလုံးသားထဲ ကပါ သူ့ပုံရိပ်၊ သူ့မျက်နှာကို မှတ်မိနေရသည်ပဲလေ။





ကြည်နူးသည် သူ့အား အပြုံးနှင့်ငေးငေးစူးစူးကြီး စိုက်ကြည့်နေသော စံသိုက်မောင်ကိုကြည့်ပြီး ရင်တွေတစ်အား ဆောင့်ခုန်လာရသည်မှာ သူမရင်ခုန်သံတွေကို သူကြားသွားမှာကိုပင် စိုးရိမ်ရသည့်အထိဖြစ်သည်။

ကြည့်စမ်းပါဦး…

သတို့သားတစ်ယောက်၏ အပြင်အဆင် အပြည့်အစုံနှင့် သူမရှေ့တွင်ရှိနေသော သူသည် သူမသိသည့် ဒရိုင်ဘာလူချောကြီး စံသိုက်မောင်တဲ့လား။

ဟင့်အင်း…စံသိုက်မောင် မဟုတ်ပါ။ စံသိုက်မောင်ဆိုသည့် သူမသိသော သူမရင်ထဲက ချစ်သူသည် မဟုတ်မခံစိတ်နှင့် ရိုးသားပွင့်လင်းပါသည့် ဒရိုင်ဘာတစ်ယောက် ဖြစ်ပါသည်။

ထို့အပြင် သူက ကြည်နူးကို သိပ်ချစ်တတ်သည့်လူ။ ယခု ကြည်နူးရှေ့ ရောက်နေသည့်သတို့သားက မိဘမျိုးရိုးနှင့် ကိုက်ကိုတက်ချမ်းသာသည့် ခေတ်ပညာတတ် ဆရာဝန်တစ်ယောက်။ ပြီးတော့ သူနှင့်သူမဆိုတာ တစ်ကြိမ်တစ်ခါမှ မခံစားရသေးဖူးသည့် သူစိမ်းနှစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်း၏ အလိုဆန္ဒအတိုင်း ကြည်နူးသည် ဖေဖေ့ကို စိတ်ချမ်းသာစေချင်သည်မို့ ဖေဖေစီစဉ်ထားသည့် မင်္ဂလာကိစ္စကို ကြည်နူးသည် ရင်နာနာနှင့် ခေါင်းညိတ်လိုက်ခဲ့ပြီးနောက် ဖေဖေသည် သူမ၏မင်္ဂလာပွဲကို အားချင်း အမြန်စီစဉ်လိုက်သည်မှာ ယခုဆို သူမတို့၏ မင်္ဂလာပွဲက အခမ်းအနားက စနေရပြီဖြစ်ကာ သတို့သမီးဖြစ်တဲ့ သူမရှိရာကို သတို့သား ရောက်လာပြီး ခန်းမအတွင်း ဧည့်ပရိသတ်များကို ဧည့်ခံရန်အတွက် နှစ်ဦးသား လက်ချင်းချိတ်ထွက်ရတော့မည့်အချိန် ဖြစ်သည်။

သို့သော်…

ကြည်နူးမှာ သတို့သားကို မြင်လိုက်ပါပြီဆိုကတည်းက သူမရင်ထဲ အံ့သြမှင်သက်မှုများဖြင့် ရှိနေရသည်မှာ အချိန်လေးတွေ ကြာသွားရသည့်အထိပင် ဖြစ်သည်။

"ကြည်နူး"

ခေါ်သံနှင့်အတူ သူ့ခြေလှမ်းများက သတို့သမီးဖြစ်သူ ကြည်နူးထံသို့ လျှောက်လာလေသည်။

ထိုအချိန်ထိ ကြည်နူးသည် သူ့ကို မယုံနိုင်သည့်မျက်ဝန်း





များဖြင့် ကြည့်နေဆဲဖြစ်၏။

"ဘာကြည့်နေတာလဲ ကြည်နူး၊ ကျုပ်လေ စံသိုက်မောင်ပါ"

သူ့အသံက ကြည်နူးနားထဲ အရင်ကအတိုင်းပင် နားထောင်လို့ကောင်းနေရဆဲ ဖြစ်သည်။

ကြည်နူးမှာ သူ့အား စကားမဆိုမိပါ။ အံ့သြမှင်သက်မှုများကြောင့် ကြည်နူးသည် သူ့အားဆိုရန် စကားလည်းမရှိနိုင်အောင် ဖြစ်နေရသည်။

စံသိုက်မောင်သည် သူ့ကို မြင်တွေ့လိုက်ရသဖြင့် အံ့သြမှင်သက်မှုများနှင့် ရှိနေရသော ကြည်နူးအနားကို ခြေလှမ်းကျဲကျဲကြီးများနှင့် လျှောက်လာရပြီးနောက် သူ့လက်အစုံက သူမလက်လေးတစ်ဖက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်တော့…

"အို…ဖယ် လွှတ်ပါ၊ ကျွန်တော့်အသားကို ခင်ဗျား မထိပါနဲ့"

"ဟောဗျာ"

"အဟွန်း…ဟွန်း…ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



ဖန်းနုရောင် သတို့သမီးဝတ်စုံလေးနှင့် သီပ်လှနေသော ကြည်နူးဆိုသည် သူ့ရှေ့က သူ၏သတို့သမီးလေးကို အကြည့်များ မလွဲတမ်း ငေးစိုက်ကြည့်ရင်းက ရင်ခုန်စိတ်လှုပ်ရှားခြင်းများစွာနှင့် နှလုံးခုန်သံများပင် မမှန်နိုင်တော့သည့် စံသိုက်မောင်သည် ကြည်နူး နှုတ်မှ ခပ်စွာစွာထွက်ပေါ်လာရသော စကားကြောင့် သူသည် သဘောကျသွားရသလို သွားစွယ်ဖွေးဖွေးများပေါ်အောင် ရယ်မော လိုက်လေသည်။

"ခင်ဗျား...ခင်ဗျား လူလိမ်လူညာ၊ ကျွန်တော့်အချစ်ကို ညာယူတဲ့လူ၊ ခင်ဗျားကို"

"ဟာ...ဟိတ်...ဟိတ် မအော်နဲ့လေကွာ၊ ဒါ ခင်ဗျား လေးနဲ့ ကျုပ်ရဲ့ မင်္ဂလာပွဲကွ၊ ကျုပ်အပေါ် မင်း သိပ်စိတ်ဆိုးနေလို့ ရန်တွေချင်ရင်လည်း နောက်မှ ကျုပ်ကို ရန်တွေ့ဟုတ်လား၊ ခုတော့ ခန်းမမှာ ဧည့်ပရိသတ်တွေလည်း ရောက်နေကြပြီဆိုတော့ ကျုပ်တို့ ထွက်တော့မှဖြစ်မယ်"

ကြည်နူးမှာ စံသိုက်မောင်အပေါ် ဒေါသတွေ သတ်ချင် လောက်အောင် ထွက်နေရပါသော်လည်း အခုချိန်မှာတော့ သူပြော





သည့်စကားက မှန်နေသောကြောင့် ကြည်နူးသည် ဘာမှမပြောတော့ ဘဲ သူ့အပေါ် မကျေမနပ်နှင့်ပင် ပါးစပ်ပိတ်ထားလိုက်ရသည်။

"သမီးနဲ့သား အားလုံးအသင့်ဖြစ်ပြီမို့လား၊ ပြီးရင် ဧည့်သည်တွေကို ဧည့်ခံရအောင် ခန်းမရှေ့ကို ထွက်ခဲ့တော့လေ"

လူကြီးများ၏ သတိပေးစကားကြောင့် ကြည်နူးသည် ရင်မှာ ဒေါသတွေ လိပ်ခဲတည်းတည်း ဖြစ်ရသည့်စိတ်နှင့်ပင် စံသိုက်မောင်ခေါ်ရာ ခန်းမရှေ့သို့ သူ့လက်မောင်းကြီးကို ချိတ်တွဲ လျက် ထွက်လာခဲ့လိုက်သည်။

သို့သော်...

ကြည်နူးမှာ စံသိုက်မောင် လူလိမ်လူညာကြီးအပေါ် မကျေမနပ် ဒေါသများကြောင့် သူ့မျက်နှာလှလှလေးမှာ အပြုံး အရယ်မဲ့ကာ စူတင်းတင်းလေးရှိနေရလေ၏။

"ဟေ့...မျက်နှာကြီးက စူမထားနဲ့လေကွာ၊ ကိုယ့်ကိုယ် ကို သတို့သမီးဆိုတာကို သတိရပြီး ပြုံးပြုံးလေးနေဦးမှပေါ့"

များပြားလှသည့် ဧည့်သည်တော်များကို အပြုံးနှင့် နှုတ် ဆက်ရင်းက စံသိုက်မောင်သည် သူ့ဘေးက သူ၏သတို့သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



တို့ သတိပေးစကား ပြောလိုက်လေသည်။

ထိုအခါမှ ကြည်နူးသည်လည်း သူမကိုယ်သူမ ငါသတို့သမီးပါလားဆိုသည့် အတွေးရောက်သွားကာ မျက်နှာလှလှလေးထက် အပြုံးယန်းလေး ဖန်ဆင်းလိုက်ရင်းက…

"ခင်ဗျား လူကို ဆရာလာမလုပ်ပါနဲ့၊ ခင်ဗျားလို လိမ်ညာတတ်တဲ့လူနဲ့ ကျွန်တော် စကားမပြောချင်ဘူး"

ကြည်နူးသည် အပြုံးမပျက် ညွှဲခံရင်းက စံသိုက်မောင်အား ရန်တွေ့လိုက်လေသည်။

"ဘာလို့ ဒီလောက်စွာနေရတာလဲ၊ ကျုပ် ဘာလိမ်ညာလို့လဲ"

"ဩော်…ခင်ဗျားမို့ ဒီစကားမေးရဲသေးတယ်၊ ဘာညာလို့လဲ ဟုတ်လား"

"အေးလေကွာ ခင်ဗျား ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို ဒရိုင်ဘာပါဆိုပြီး ကျွန်တော့်အချစ်ကို ညာယူခဲ့သေးလဲ"

"ကြည်နူးနော်…မင်း ကျုပ်ကိုတော့ အဲသလိုမပြောနဲ့ မင်းကို ကျုပ် တကယ်ချစ်ခဲ့တာ"





"အယောင်း…ဟင်း…ဟင်း ကြားရတာတော့ ယုံနိုင်စရာပါပဲလား"

"ကြည်နူး"

"မခေါ်နဲ့ ခင်ဗျားကို ကျွန်တော်မုန်းတယ်သိလား"

"ဟာကွာ…မင်း"

ကြည်နူးနှင့် စံသိုက်မောင်တို့ နှစ်ဦးမှာ ခေတ်ပညာတတ်လူငယ်များပီပီ မင်္ဂလာညွှဲခံပွဲအတွင်း ညွှဲသည်များအား အပြုံးကိုယ်စီနှင့် ဟန်မပျက်ညွှဲခံရင်းက နှစ်ယောက်သား ကျိတ်ကာရန်ဖြစ်နေရသည်။

သည်ကြားထဲ ကြည်နူးသည် သူ့အား မုန်းစကားဆိုကာ သူ့လက်မောင်းကြီးကို တွဲချိတ်ထားသည့် သူမလက်လေးကို လူ့လစ်လျှင်လစ်သလို ဖြုတ်ဖြုတ်ချသွားတတ်သည်။ စံသိုက်မောင်တစ်ယောက် မချင့်မရဲကြီး ဖြစ်နေရတော့သည်။

ဆွေမျိုးမိဘများနှင့် ညွှဲသည်များကတော့ သူတို့နှစ်ဦးအဖြစ်ကို ဘာမှမသိဘဲ နေနှင့်လ ရွှေနှင့်မြပမာ လိုက်ဖက်ညီလွန်းသည့် သူတို့နှစ်ဦးကိုကြည့်ပြီး ကျေနပ်ခြင်း၊ ကြည်နူးမှုပီတိများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြာဝေနေရတော့သည်။

ဝိတ်မဖြာဝေနိုင်သူနှစ်ဦးမှာ ကာယကံရှင်များဖြစ်သည့် ကြည်နူးနှင့် စံသိုက်မောင်သာ ဖြစ်ပါသည်။

မှန်သည်…

စံသိုက်မောင်မှာ သူ့အပေါ် အထင်အမြင်လွဲမှားနေရသည့် ချစ်သူကို ဖြေရှင်းလိုလှပေမယ့် အချိန်အခါနှင့် အခြေအနေက မပေးသေးသည်မို့ သူ့မအပေါ် ရင်မှာ မချင့်မရဲနှင့် အသည်းယား ယား ဖြစ်နေရမှုအပေါ် သူသည် မသိဟန်ပြုနေလိုက်ရသည်။

မပြုလို့ကလည်း မရပါ။

ယခုအချိန်သည် သူတို့နှစ်ဦး၏ မင်္ဂလာဧည့်ခံပွဲမဟုတ် ပါလား။

"ကြည်နူး"

စံသိုက်မောင် ခေါ်ပေမယ့် ကြည်နူးမှာ မကြားဟန်ဆောင် ကာ ဧည့်သည်တော်များကို အပြုံးနှင့် နှုတ်ဆက်နေလေ၏။

"ကြည်နူး"

သူဘယ်လိုပင်ခေါ်ခေါ် ကြည်နူးသည် သူ့အား ထိုစုံ





အတိုင်း လုပ်မြဲလုပ်နေသည်မှာ မင်္ဂလာဧည့်ခံပွဲ တစ်လျှောက်မှ ပြီးဆုံးသည့် အချိန်အထိပင်ဖြစ်သည်။

စံသိုက်မောင်မှာ ကြည်နူး လုပ်နေသမျှကို သိသိကြီးနှင့် အခံရခက်နေရသောကြောင့် သူ့မလေးအား မင်းတော့နေနှင့်ဦးပေါ့ ဟူသည့် အတွေးဖြင့် စိတ်မှာတေးထားလိုက်လေ၏။

အချိန်လေး ကြာလာသည်နှင့်အမျှ သူတို့နှစ်ဦး၏ မင်္ဂလာ ဧည့်ခံပွဲမှာလည်း ပြီးဆုံးလုနီးပါး ရှိလာရသည်။

မင်္ဂလာဧည့်ခံပွဲပြီးဆုံးပြီမို့ မင်္ဂလာသတို့သား သတို့သမီးဖြစ် သည့် စံသိုက်မောင်နှင့် ကြည်နူးသည် နှစ်ဖက်လူကြီးမိဘများကို ကန်တော့ကာ သူတို့နှစ်ဦး နေထိုင်ရမည့် မင်္ဂလာတိုက်သစ်ကြီးဆီ သို့ ရောက်ရှိလာခဲ့သည်။

သူတို့နှစ်ဦး နေထိုင်ရမည့် မင်္ဂလာတိုက်သစ်ကြီးဆီသို့ ရောက်လာသည်ဆိုရင်ပဲ ကြည်နူးသည် တစ်ချိန်လုံး စံသိုက်မောင် အပေါ် ဖြစ်လာရသည့် ဒေါသများကို ဆက်၍ မျိုသိပ်ရင်းက မင်္ဂလာအိပ်ခန်းထဲ ရောက်လာခဲ့သည်။

ခုချိန် သူ့မျက်နှာလှလှလေးကို ကြည့်မည်ဆိုပါက



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာလှလှလေးထက်တွင် စံသိုက်မောင်ပေါ် စိတ်ဆိုးဒေါသဖြစ်လွန်းရသည့်စိတ်ကြောင့် မျက်နှာလှလှလေးမှာ ရူတင်းတင်းနှင့် မကျေမနပ်ဖြစ်နေမည်က အမှန်ဖြစ်သည်။

စံသိုက်မောင်မှာ ကြည်နူးဝင်သွား၍ရာ အခန်းနောက်ကို လိုက်ဝင်လာရင်းက…

"ကြည်နူး"

"ဟင်…ခင်ဗျား…ခင်ဗျား ဘာလို့ ဒီအခန်းထဲဝင်လာရတာလဲ"

စံသိုက်မောင်ကို အခန်းထဲတွင် တွေ့လိုက်ရသောကြောင့် ကြည်နူးမှာ ထိတ်လန့်သလို ဖြူဖြူဖျော့ဖျော့လေးဖြစ်လျက် မျက်နှာလေးပျက်ကာ တုန်လှုပ်စွာမေးလိုက်သည်။

ဒါကို ဘာမှမသိသည့် စံသိုက်မောင်မှာ ကြည်နူးမျက်နှာလေးကို ငေးကြည့်လျက်က…

"ဘာဖြစ်လို့လဲ ဒီအခန်းက ကျုပ်တို့နှစ်ယောက်အတွက်ပဲဟာ"

"အို…ခင်ဗျား ဘာတွေပြောနေတာလဲ၊ ဘယ်သူက





ခင်ဗျားနဲ့အတူ ဒီအခန်းထဲမှာ နေမယ်လို့ပြောနေလို့လဲ"

တစ်ခန်းလုံး ပန်းနုရောင်များဖြင့် သိပ်ကိုလှပနေရသော သူတို့နှစ်ဦးအတွက် ပြင်ဆင်ထားပါသည့် မင်္ဂလာအိပ်ခန်းကြီးကို ကြည်နူးသည် နီရဲတောက်ပနေရသော ရှက်ဒေါသမျက်နှာလှလှလေးနှင့် ကြည့်ရင်းက ပြောလိုက်လေသည်။

ထိုအခါ၊ စံသိုက်မောင်မှာ ကြည်နူးစကားကို နားမလည်သလို မျက်ခုံးထူထူကြီး တွန့်ကြုတ်သွားရပြီး…

"ဘာဖြစ်လို့လဲ"

"မုန်းလို့…မုန်းလို့၊ ခင်ဗျားကြီးကို သတ်ပစ်ချင်လောက်အောင် သိပ်မုန်းလို့သိလား"

သူမအချစ်ကို လိမ်ညာယူရက်သူအဖြစ် ကြည်နူးသည် စံသိုက်မောင်အပေါ် ဒေါသတွေဖြစ်နေရသည်မို့ ထိုစကားများကို နာကျင်သလို မျက်ဝန်းစိမ်းစိမ်းလေးနှင့် သူ့အား ခပ်ရှုရှုလေး ကြည့်ရင်းက ပြောလိုက်သည်။

ကြည်နူးထံမှ မုန်းစကားကြောင့် စံသိုက်မောင်လူချောကြီးမှာ မျက်နှာကြီးမည်းသွားရကာ ကြည်နူးအား မချင့်မရဲကြီး



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်ရင်းက…

"ကျုပ်ကို ဘာဖြစ်လို့ မင်းမုန်းရတာလဲ ကြည်နူး"

"ကျွန်တော် လိမ်ညာတဲ့လူဆို အားလုံးမုန်းတယ်"

သူနှင့်ပတ်သက်ကာ ကြည်နူး ဘာကိုဆိုလိုသည်ကို စံသိုက်မောင် သဘောပေါက်သွားရတော့ သူ့မျက်နှာကြီးမှာ ပြုံးလွန်းလွန်း ဖြစ်လာရကာ သူ့အကြည့်တွေကပါ ပို၍သက်ဝင်လှုပ်ရှားလာရပြီး…

"အဟွန်း…ဟွန်း မင်းလေး ကျုပ်ကို ဘာကြောင့် စိတ်ဆိုးနေတယ်ဆိုတာ ကျုပ်သိပါတယ်ဗျာ၊ ဒါပေမယ့် မင်း စဉ်းစားကြည့်ပါဦး၊ ကျုပ်က ကျုပ်ကိုယ်ကျုပ် ဒရိုင်ဘာတစ်ယောက်ပါလို့ ကျုပ်နှုတ်က ကိုယ်တိုင်ဖွင့်ပြောခဲ့လို့လား"

စံသိုက်မောင်စကားကြောင့် ကြည်နူးမှာ တွေတွေငေးငေးလေး ဖြစ်သွားရသည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ သူပြောသည်က မမှားပါ။

စံသိုက်မောင်ဆိုသည့် သူသည် သူ့နှုတ်က ကိုယ်တိုင် ကြည်နူးအား ဒရိုင်ဘာတစ်ယောက်ပါလို့ တစ်ခါမှ မပြောခဲ့ဘူးပါ။





"ဒါဖြင့် ခင်ဗျား ဒရိုင်ဘာမဟုတ်ဘူးဆိုတာ စောစောကတည်းက ကျွန်တော့်ကို ဖွင့်ပြောပါလား"

ကြည်နူးမှာ ထိုအဖြစ်ကို မကျေနပ်နိုင်သေးသည်မို့ ပြောလိုက်သည်။

"အဟွန်း…ဟွန်း ကျုပ်လည်း ပြောမလို့ပါပဲဗျာ၊ ဒါပေမယ့် ခင်ဗျားလေးက ကျုပ်ကို ဘူတာမှာ တွေ့တွေ့ချင်း ဒရိုင်ဘာတစ်ယောက်လို့ ထင်လိုက်တော့ ကျုပ်လည်း ဘယ်လိုပြောတော့မလဲ"

"အို…ဒါကတော့ ကျွန်တော်က မသိလို့ပြောတာပဲ၊ ခင်ဗျားက ကိုယ့်ကိုယ်ကို ဒရိုင်ဘာမဟုတ်ဘူးဆိုတာ ပြောပါလား"

ကြည်နူးမှာ စံသိုက်မောင်အား ဒရိုင်ဘာထင်ကာ ပြောခဲ့သည့်စကားများအတွက် သူ့ရှေ့တွင် အနေခက်ခက် ရှက်ရှက်နှာလေးနှင့် အားနာစွာပြောလိုက်သည်။

"ကျုပ်ကိုပဲ အပြစ်တင်မနေပါနဲ့ဗျာ၊ အဲဒီအချိန်တုန်းက ကျုပ်ကို စကားပြောခွင့်မပေးပဲ လူကို ဒရိုင်ဘာထင်ပြီး တစ်ချိန်လုံး ဆူငေါက်နေတဲ့ ခင်ဗျားအပြစ်ကိုလည်း ခင်ဗျား ပြန်သတိရပါ



www.burmeseclassic.com

www.burmeseclassic.com



ဦး"

"အို"

သူပြောသည့်စကားတွေက မှန်နေသောကြောင့် ကြည်နူး သည် သူ့ကို ဘာစကားမှ မပြောရဲအောင် ဖြစ်သွားရသည်။

မှန်ပါ၏။

ထိုအချိန်က ကြည်နူးသည် သူ့အား သူမကို လာကြို အန်ကယ်ကျော် လွှတ်လိုက်သည့် ဒရိုင်ဘာလို့ ထင်ကာ သူ့အချိုး နောက်ကျုရှုမှုကိုပင် ကြည်နူး သူ့အား ရေရေလည်လည် ဆူပူခဲ့သည် မဟုတ်ပါလား။

ကြည်နူးမှာ ကိုယ့်အဖြစ်ကို ကိုယ်ပြန်တွေးပြီး ရှက်သွားရ ၏။

စံသိုက်မောင်မှာ သူ့အပေါ် အရှက်သည်းသွားရသည့် ကြည်နူး မျက်နှာလှလှလေးကို ချစ်မြတ်နိုးမဆုံးသော မျက်ဝန်းများ ဖြင့် ငေးစိုက်ကြည့်ရင်း…

"မရှက်ပါနဲ့ဗျာ…ကျုပ်ကို မသိလို့ပြောတာပဲ ရှက်စရာ မဟုတ်ပါဘူး၊ တကယ်တော့ ကြည်နူး ကျုပ်ကို အဲလိုထင်မယ်ဆို





လည်း ထင်စရာပါပဲ၊ အဲဒီနေ့က ကျုပ်ကို ဆရာကြီးက သူ့တူမ ကို သွားကြိုဖို့ ရုတ်တရက် အကူအညီတောင်းတော့ ကျုပ်လည်း ဘာမှမစဉ်းစားဘဲ အလုပ်အားရက်မို့ မြို့ထဲမှာ သန့်ရှင်းရေးလုပ်ရင်း တ မင်းကိုကြိုဖို့ အချိန်မမီမှာစိုးလို့ ဒီအတိုင်းထွက်လာခဲ့လိုက်တာ၊ ဒါကို မင်းက ကျုပ်ကို ဆရာကြီးရဲ့ ဒရိုင်ဘာထင်ပြီး ဆူငေါက် နေတော့ ကျုပ်လည်း မင်းရှက်မှာစိုးလို့ ဘာမှမရှင်းပြတော့ဘဲ ဒီအတိုင်းနေလိုက်တာ မင်းကို ကျုပ်ညာတာမှမဟုတ်ဘဲ"

ကြည်နူးကို အကြည့်စူးစူးငေးငေးကြီးများဖြင့် စိုက်ကြည့် ရင်းက စံသိုက်မောင်သည် စကားရှည်ကြီးဖြင့် ကြည်နူးအား စိတ် ရှည်လက်ရှည် ရှင်းပြနေလေ၏။

သို့တိုင်…

ကြည်နူးမှာ မကျေနပ်နိုင်သေးဘဲ…

"အဲဒီအချိန်ကတော့ ထားပါတော့၊ အဲဒီနောက်ပိုင်းမှာ ရော ကြည်နူးကို ဘာလို့ ဆက်လိမ်ညာထားရတာလဲ"

"အေးဗျ…ခင်ဗျားလေး အဲလိုမေးမယ်ဆိုတာ ကျုပ်သိ တယ်၊ အဲဒါ မင်းကို ကျုပ် တမင်လိမ်ချင်ညာချင်လို့မှ မဟုတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



မင်းလေးစိတ်ကို သိချင်လို့''

''ဘယ်လို''

သူ့စကားကို ကြည်နူးမှာ နားမလည်နိုင်သလို မျက်ဝန်းပြာလဲ့လဲ့ကြီးနှင့် ပြန်ကြည့်ရင်း မေးလိုက်သည်။

''ဟုတ်တယ်လေဗျာ…မြင်မြင်ချင်း ကျုပ်သိပ်ချစ်မိသွားတဲ့ ဒီကောင်မလေးရဲ့ စိတ်ကို ကျုပ်သိချင်တာနဲ့ ဆရာကြီးကို ကျုပ်ရင်ထဲက ခံစားမှုတွေ ဖွင့်ပြောအကူအညီတောင်းပြီး မင်းလေးရဲ့ဖြူစင်တဲ့အချစ်ကို ကျုပ်ရအောင်ယူလိုက်တာ အပြစ်မှမဟုတ်ဘဲဗျာ''

စံသိုက်မောင်စကားကြောင့် ကြည်နူး မျက်နှာရဲရဲလေးဖြင့် ရှက်သွေးဖြာသွားရကာ…

''ခင်ဗျားနော်…ခင်ဗျားကို ဘယ်သူက ချစ်တယ်ပြောလို့ ကျွန်တော့်အချစ်တွေကို ရပါပြီလို့ ပြောရတာလဲ''

''ကြည်နူး ကျုပ်ကိုမချစ်ဘူးလား''

''မချစ်ဘူး''

ကြည်နူးသည် သူ့အကြည့်များကို လွှဲရင်းက ပြောလိုက်



သည်။ ဒါကိုပင် စံသိုက်မောင်မှာ ကြည်နူးကိုကြည့်ကာ သဘောကျသွားဟန်ဖြင့်…

''အဟွန်း…ဟွန်း ကျုပ်ကို မချစ်ဘူးဆိုတာ တကယ်ပဲလားကွ''

''ခင်ဗျားနော်…လူကို ခင်ဗျားလို ညာတဲ့လူထင်နေလား''

''ဒါဖြင့် မချစ်ဘူးပေါ့''

''ဟုတ်တယ်''

''ကဲ…ကျုပ်ကိုမချစ်ပါဘူးဆိုတဲ့ ကောင်မလေးကို ကျုပ်ညာလို့မရအောင် သက်သေပြရတော့မှာပေါ့၊ ဒီမှာကြည့်စမ်းပါဦး ဒါဘာလဲဆိုတာ''

''အို''

စံသိုက်မောင်လက်ထဲက စာအုပ်လေးကိုကြည့်ပြီး ကြည်နူးတစ်ယောက် ဟန်မဆောင်နိုင်အောင် မျက်နှာလေးပျက်သွားရကာ ရှက်စိတ်များကလည်း သူမတစ်ကိုယ်လုံး တုန်လှုပ်မှုများကြီးစိုးသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ…ဒါ…ဒါ ကြည်နူးရဲ့ မှတ်စုစာအုပ်လေး ပါလား။ ကြည်နူး စာအုပ်လေးက သူ့လက်ထဲကို ဘယ်လိုလုပ် ရောက်နေတာပါလိမ့်။

ကြည်နူးမှာ စံသိုက်မောင်လက်ထဲက သူမမှတ်စုစာအုပ် လေးကြောင့် အနေခက်ရှက်ရွံ့နေရတော့ စံသိုက်မောင်မှာ ကြည်နူး ရင်ထဲက ခံစားမှုအတွေးများကို သိနေရသလို ကြည်နူးအား မချို မချဉ်နှင့် ခပ်ပြုံးပြုံးကြီး စိုက်ကြည့်လာပြီး…

"ဘာလဲ…ဒီစာအုပ် ကျုပ်လက်ထဲ ဘယ့်လိုရောက်နေ တာလဲဆိုတာတွေးပြီး ခင်ဗျားလေး အံ့ဩနေတာလား"

"ဟုတ်တယ်၊ ကြည်နူးစာအုပ်က ခင်ဗျားလက်ထဲ ဘယ်လိုလုပ်ရောက်နေတာလဲ"

ကြည်နူးသည် သူမသိချင်တာကို မေးလိုက်သည်။

"အဟွန်း…ဟွန်း မအံ့ဩပါနဲ့ဗျာ၊ ကိုယ်ချစ်တဲ့ မိန်းက လေးရဲ့ ရင်ထဲက ခံစားချက်အမှန်တွေကို ဒီလိုပဲ သိအောင်ကြိုးစား ရတာပေါ့၊ ဘာပဲပြောပြော ကျုပ်ကတော့ ဒီစာအုပ်လေးကို ကျေးဇူး တင်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီစာအုပ်လေးကြောင့် ကြည်နူးရင်





ထဲက အချစ်တွေကို မောင်သိခွင့်ရတာမဟုတ်လား"

"အို"

အကြည့်ရူးရူးကြီးနှင့် သူမအား စိုက်ကြည့်ရင်းက သူ့ကိုယ် သူ မောင်လို့ဆိုနေသူ လူ့ခွစာကြီး စံသိုက်မောင်ကြောင့် ကြည်နူး မျက်နှာလှလှလေး ထူပူရှက်ရွံ့မှုများ သူမတစ်ကိုယ်လုံး စီးဝင်ပျံ့နှံ့ သွားရသည်မို့ ကြည်နူးသည် အရှက်သည်းစွာ သူ့အနားက ပြေးထွက်ရန်အပြင်…

"ကြည်နူးရယ်"

"အို…ခင်ဗျား"

ကြည်နူး ထိုမျှသာ စကားဆိုနိုင်ပါတော့သည်။ အချစ်လူ ဆိုးကြီး စံသိုက်မောင်ကြောင့် ကြည်နူးသည် ရင်ခုန်သံတွေ ရပ်မ တတ်ဖြစ်နေရတော့သည်။

"ကြည်နူး"

"ဟင့်အင်း…ဖယ်"

"လွှတ်…လွှတ်ပါ"

ကြည်နူးမှာ ရှက်မျက်နှာရဲရဲလေးနှင့် စံသိုက်မောင် ရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



ထဲက ဖွတ်တိုးရုန်းထွက်နေလိုက်တော့သည်။

"မလွှတ်ပါရစေနဲ့ ကြည်နူးရယ်၊ မင်းကို မောင်သိပ်ချစ်တယ်"

ပြောရင်းက စံသိုက်မောင်သည် ကြည်နူး နဖူးလှလှလေးကို ဖျတ်ခနဲ တစ်ချက်ငုံ့နမ်းလိုက်သည်။

"ကြည်နူးရဲ့ မှတ်စုစာအုပ်လေးထဲက ရေးထားတဲ့အတိုင်း မောင့်ကိုချစ်တယ်ဆိုတာ တကယ်ပဲလားဗျာ"

ကြည့်စမ်း...ဒီလူတော့ သေတော့မှာပဲ။ ရှက်ပါသည်ဆိုကာမှ ဒီစာအုပ်လေးအကြောင်းကို အလိုက်မသိ ထည့်ထည့်ပြောနေသည်က သူ့ကျောပြင်ကြီးကို စိတ်ရှိတိုင်းသာ ထုရိုက်ပစ်ချင်စေမို့ ကြည်နူးသည် နှုတ်ခမ်းလေးစူလျက် မျက်စောင်းလေး ဝင့်လိုက်ပြီး...

"အဲဒါ တကယ်မဟုတ်ဘူး၊ ညာရေးထားတာ"

"ဘာရယ်"

"ညာတာလို့"

"အေး...အဲဒါညာဦး"



"အမေ့"

"အို"

ရှက်စိတ်တို့နှင့် အေးစက်နေရသော ကြည်နူးကိုယ်လေးမှာ ရုတ်တရက် နွေးထွေးသွားရသည်။

ထို့အတူ...

ကြည်နူး၏ မျက်နှာဝင်းဝင်းပပ လှလှလေးမှာလည်း ရှက်စိတ်ကြောင့် ရဲရဲတွတ် နီမြန်းနေရပြီဖြစ်၏။

"မောင့်ကိုချစ်လား"

"မသိဘူး...မသိဘူး"

ခေါင်းလေးတခါခါ၊ လည်လေးတရမ်းရမ်းနှင့် ကြည်နူးသည် စံသိုက်မောင်ရင်ခွင်ထဲက ရှက်မျက်နှာလေးနှင့် ငြင်းနေလေတော့သည်။

ဒါကိုပင် စံသိုက်မောင်မှာ မချင့်မရဲဖြစ်ရသည်မို့ နှုတ်ခမ်းအစုံကို တင်းတင်းစေ့လျက် ကြည်နူး မျက်နှာလေးအား မလွှတ်တမ်း ငေးစိုက်ကြည့်ကာ...

"ကောင်မလေးနော်...မောင့်ကို မင်းလေးသိပ်အသည်း

www.burmeseclassic.com

www.burmeseclassic.com



ယားအောင် မလုပ်နဲ့၊ ဒီကောင် စိတ်မထိန်းနိုင်ရင် ခင်ဗျားလေး ခက်သွားမယ်သိလား''

''ဟင်းနော်…သူ''

စံသိုက်မောင်စကားကို ကြည်နူးသည် ဘယ်လောက်များ ကြောက်လန့်သွားရသည်မသိပါ။ သူ့ရင်ခွင်ထဲ သူမမျက်နှာလေးကို ဖွတ်ဖွက်လာလေ၏။

''အဟွန်း…ဟွန်း…ဟွန်း ကြည့်စမ်းပါဦးဗျာ၊ မောင့်ဇနီးလေးက ဒီလိုဆိုတော့လည်း ကြောက်တတ်သားပါလား''

''ဟွန်း…ခင်ဗျားနော်''

''ခင်ဗျားမဟုတ်ဘူး မောင်''

''ဘာမောင်လဲ…သွား''

''သွားမယ်…လာ''

''အို''

ကြည်နူးတစ်ယောက် နှုတ်မှ တအိုအိုနှင့်သာ ရှိနေရတော့သည်။ မရှိလို့လည်းမဖြစ်ပါ။

အဘယ်ကြောင့်ဆိုရသော်…



အချစ်ကြမ်းကြမ်းနှင့် ချစ်တတ်လွန်းသည့် စံသိုက်မောင် ရင်ခွင်ထဲတွင် ကြည်နူးသည် မူးမူးမိုက်မိုက်လေး ရှိနေရသောကြောင့် ဖြစ်သည်။

''ကြည်နူး''

''ဟင်''

''မောင့်ကိုချစ်လား''

''အင်း''

ကြည်နူး မရှက်တော့ပါ။ သူ့ရင်ခွင်ထဲမှာပင် ခေါင်းလေးညိတ် အဖြေပေးလိုက်မိတော့သည်။

''ကြည်နူး…ကြည်နူး မောင့်ကိုပြန်ပြောစမ်းပါဦး၊ မောင့်ကိုချစ်တယ်ဆိုတာ''

စံသိုက်မောင်အသံက စိတ်လှုပ်ရှားမှုကြောင့် တုန်ခါနေရတာ သူ့ရင်ခွင်ထဲက ကြည်နူး မျက်နှာလေးကို သူ့မျက်နှာနှင့် တည့်မတ်အောင် စံသိုက်မောင် ကြိုးစားနေတော့သည်။

''ကြည့်ပါဦး ကြည်နူး၊ မောင့်ကိုမင်း ကြည့်ပါဦးဗျာ''

ယခုထက်တိုင် ခေါင်းလေးငုံ့ထားသော ကြည်နူး မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လှလှလေးကို စံသိုက်မောင်သည် သူ့ဘက်သို့ ဆွဲယူလိုက်၏။

ထိုအခါ…

နှစ်ဦးသား မျက်ဝန်းအကြည့်များ ဆုံသွားရလေသည်။ ထိုခဏမှာတော့ သူတို့နှစ်ဦး၏ ရင်ခုန်သံများသည်လည်း ထိန်းချုပ်ရခက်လောက်အောင် ကိုယ်စီ စိတ်တွေ လှုပ်ရှားနေရတော့သည်။

“ကြည်နူး”

“ရှင်”

“ချစ်တယ်နော်”

ကြည်နူး မညာချင်တော့ပါ။ တွေ့စက တစ်ယောက်နှင့်တစ်ယောက် ဘုနှင့်ဘောက် အဆင်မပြေဖြစ်ခဲ့ရသော သူ့ကို ကြည်နူးသည် ရင်မှာ အမှန်တကယ် ချစ်မိနေရပြီမဟုတ်ပါလား။

ထို့ကြောင့်လည်း ကြည်နူးသည် စံသိုက်မောင် မျက်နှာချောချောကြီးကို အပြုံးလေးနှင့် ကြည့်ရင်းက…

“ကြည်နူးချစ်တာ မောင်သိပါတယ်ရှင်”

“အိုဗျာ…ချစ်ရုယ်၊ ကြည်နူးရယ်”

ချစ်ဖနီးလေးထံမှ သူကြားချင်လှပါသည့် ချစ်စကားကို





ကြားလိုက်ရပြီမို့ စံသိုက်မောင် လူချောကြီးမှာ ရင်မှာ ဘယ်လောက်ထိ ပျော်ရွှင်ကြည်နူးသွားရသည်မသိပါ။

ကြည်နူးကိုယ် နွေးနွေးအိအိလေးကို သူ့ရင်ခွင်ထဲသိမ်းကျုံးဆွဲပွေ့လျက် ရင်မှာ ချစ်တေးလေးများဆိုနေတော့သည်။

“မောင်”

“ဗျာ”

“ကြည်နူးကို တကယ်ချစ်ရဲ့လားဟင်”

“ဟောဗျာ…ခင်ဗျားလေးက မောင့်အချစ်ကို မယုံဘူးပေါ့လေ”

“ယုံနိုင်စရာရော ကောင်းလို့လား”

“ဟင်…ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမှာလဲ၊ ချစ်တဲ့လူက မျက်နှာထားကြီးနဲ့ ကြည်နူးကို အမြဲရန်လုပ်နေပြီးတော့”

ကြည်နူးမှာ တစ်ချိန်က သူနှင့် ပြဿနာဖြစ်ခဲ့ရသည့် အဖြစ်လေးများကို သတိရသလို ဆိုလိုက်လေသည်။

“အဟွန်း…ဟွန်း…ဟွန်း ကြည့်စမ်း ဒီကောင်မလေးက



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မောင့်ကို မကျေနပ်ဖြစ်နေတာကို"

"ဖြစ်မှာပေါ့ မောင်ပဲနွတ်"

"အဟွန်း…နွတ် ဘာဖြစ်လဲ၊ ဆက်ပြောလေကွာ"

"မောင်နော်…သူတော်တော်ပျော်နေ ဟုတ်လား"

"ပျော်ရတာပေါ့ဗျာ…မောင့်မှာ ခင်ဗျားလေးကို ပိုင်ဆိုင်ရဖို့ ဘယ်လောက်ကြိုးစားခဲ့ရတယ်မှတ်လဲ၊ မောင့်မှာ အားကိုးစရာ ယောက္ခမကြီးရှိလို့ တော်သေးတာပေါ့"

"ကြည့်စမ်း…နေဦး မောင်က ဖေဖေ့ကို ကြည်နူး မသိအောင် စည်းရုံးထားတာပေါ့လေ၊ ဒါ မောင့်အကြံပေါ့ ဟုတ်လား"

ကြည်နူးမှာ မကျေနပ်သလို နှုတ်ခမ်းလေးစူလျက် မူနွဲ့လေးပြောတော့ စံသိုက်မောင် တဟားဟားနှင့် ရယ်သည်။

"ဒါပေါ့ဗျာ…ချစ်တဲ့သူဆိုတော့လည်း ကိုယ်ချစ်တဲ့ မိန်းကလေး ပိုင်ဆိုင်ခွင့်ရဖို့ ဒီလိုပဲ ကြံဖန်ကြိုးစားရတာပေါ့၊ ဒါမှလည်း ခင်ဗျားလေးကို ပိုင်ဆိုင်ခွင့်ရမှာ မဟုတ်လား"

"တော်ပါ…လူတစ်ကိုယ်လုံး သူ့ဉာဏ်ကြီးပဲ၊ ဟွန်း…





မုန်းတယ်"

"ဘာရယ်ကွ…ချစ်တယ် ဟုတ်လား"

"မုန်းတယ်…မုန်းတယ်"

"အေး…မောင်လည်းချစ်တယ်၊ ချစ်တယ်၊ သိပ်ချစ်တယ်"

"အို"

"မောင်"

မောင့်ရင်ခွင်ထဲတွင် ကြည်နူးစကားသံလေးများ တိတ်သွားရလေသည်။

မုန်သည်…

တစ်ဦးကိုတစ်ဦး ရင်မှာ ဟန်ဆောင်မှုမရှိ ပွင့်လင်းစွာ သိပ်ချစ်မိကြပြီမို့လည်း စံသိုက်မောင် လူချောကြီးနှင့် ကြည်နူးတို့၏ ပျော်ရွှင်စရာ အိမ်ထောင်ရေးမှာ အချစ်နှင့်ပင်စကာ အချစ်နှင့်ပဲ ဆုံးတော့မည်မဟုတ်ပါလား။

ချစ်တတ်သူတွေအတွက်တော့ အချစ်သည် အရာရာပဲ



www.burmeseclassic.com

ပြောင်းလဲဖန်းတီးစေရုံမက ရင်မှာ နူးညံ့သိမ်မွေ့သော ထူးခြားသည့် ခံစားမှုများကိုလည်း ဖြစ်တည်စေရလေသည်။

ထို့အတူ ချစ်သူနှစ်ဦးကြားမှာ အလင်္ကာမြောက် ချစ်တေးသီဖွဲ့လို့ မကုန်ပြီလေ။

ပျော်ရွှင်ချမ်းမြေ့ပါစေ၊

**ရွှေအမြုတေ**

---

ပြီး ◆ တပေ